နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)

သာသနတက္ကသီလဓမ္မာစရိယတန်း B.A (Buddhism)

(ဒုတိယနှစ်) သင်ရိုးအမှတ် (၁၃-၂၀၄)

# ဗုဒ္ဓ၏ဓမ္မအမြင်များကို ခေတ်အမြင်ဖြင့် လေ့လာသုံးသပ်အကဲခတ်ခြင်း

အပိုင်း (၁)

# ဗြဟ္မဇာလသုတ်

၁၂
မ

ဦးကိုကိုမြိုင်
(ပါမောက္ခ/တွဲဘက်ဌာနမှူး)
သုတ္တန္တပိဋကမဟာဌာန

သာသနာ-၂၅၅၃ ကောဇာ-၁၃၇၁ ခရစ်-၂၀၀၉

**ဓမ္မဒါနအလှူရှင်**

နှစ်ဘက်သောမိဘများနှင့်ဆွေမျိုးများအား
အမျှူးထား၍

**မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာ**
**ကျောက်စိမ်းပတ်လမ်း၊ အမှတ် (၆၅) နေ**

ဗိုလ်မှူးကြီးသိုက်ထွန်း၊ ဒု-ဝန်ကြီး (ငြိမ်း)

\+

**သီရိသုဓမ္မသိင်္ဂီ ဒေါ်နွဲ့နွဲ့ကြည်**

(သား) မောင်မျိုးဝင်းသိုက်+ မစန္ဒာသန်း
(သမီး)မခင်စန္ဒာထွန်း+ဒေါက်တာသန့်ဇာနည်ဇေယျ
(သမီး) မခင်ငယ်ငယ်ထွန်း၊
(သမီး) မခင်အိရွှေစင်ထွန်း+ဒေါက်တာမျိုးမင်းဦး
(မြေး) သန့်သန့်မြင့်မိုရ်ဇေယျထွန်း၊ သီရိရွှေစင်ဦး

မိသားစု

**တက္ကသိုလ် (ဒုတိယနှစ်) ပြဋ္ဌာန်းကျမ်းစာအတွက်**

**ရိုက်နှိပ်လှူဒါန်းပါသည်**

အလှူငွေပေါင်း - ၅,၁၇၅၀၀ိ/-

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)

သာသနတက္ကသိုလဓမ္မာစရိယတန်း B.A (Buddhism)

(ဒုတိယနှစ်) သင်ရိုးအမှတ် (၁၃-၂၀၄)

**ဗုဒ္ဓ၏ဓမ္မအမြင်များကို ခေတ်အမြင်ဖြင့်**

**လေ့လာသုံးသပ်အကဲခတ်ခြင်း**

အပိုင်း ( ၁ )

# ဗြဟ္မဇာလသုတ်

ဦးကိုကိုမြင့်

( ပါမောက္ခ / တွဲဘက်ဌာနမှူး )

သုတ္တန္တပိဋကမဟာဌာန

သာသနာ-၂၅၅၃ ကောဇာ-၁၃၇၁ ခရစ်-၂၀၀၉

သာသနာတော်ထွန်းကားပြန့်ပွားရေး ... စာကြည့်တိုက်
အမှတ် ၂၂၆၆
ရက်စွဲ ၄.၁၁.၁၁

# ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၀၄-ခုနှစ်
အုပ်ရေ - ၁၀၀၀

**ထုတ်ဝေသူ**

ဦးထွန်းမြအောင် (မှတ်ပုံတင်အမှတ်-၀၃၈၄၅)
ဒုတိယညွှန်ကြားရေးမှူးချုပ်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးဝန်ကြီးဌာန

**အဖုံးနှင့်အတွင်းစာသားပုံနှိပ်သူ**

ဦးတင်စိုး
ဂုဏ်လင်းကျော်ပုံနှိပ်တိုက်
အမှတ်(၂၄)၊ ဗဟိုလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | အမှာစာ. . . . . | |

## အခန်း(၁)

### သီလက္ခန္ဓဝဂ္ဂ–ဗြဟ္မဇာလသုတ်

| | | |
| --- | --- | --- |
| (က) | ပါဠိတော်၌ပါဝင်သောအကြောင်းများ | ၁ |
| (ခ) | အဋ္ဌကထာ၌ပါဝင်သောအကြောင်းအရာများ | ၄ |
| (ဂ) | ဋီကာ၌ပါဝင်သောအကြောင်းအရာများ | ၇ |

## အခန်း(၂)

### ဗုဒ္ဓနှင့်ဓမ္မဝါဒသဘာဝများ

| | | |
| --- | --- | --- |
| (က) | ဗုဒ္ဓဂေါတမ မပေါ်ထွန်းမီအိန္ဒိယနိုင်ငံရှိ ဝါဒအယူအဆများ | ၁၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| (ခ) | ဗုဒ္ဓနှင့် ဗုဒ္ဓမည်ထိုက်သောဂုဏ်များ | ၁၇ |
| (ဂ) | ဗုဒ္ဓဝါဒ | ၂၀ |
| (ဃ) | ဗုဒ္ဓသာသနာ | ၂၆ |
| (င) | သံဂါယနာနှင့်ဗုဒ္ဓဒေသနာများစုစည်းထားမှု | ၂၉ |
| (စ) | ဗုဒ္ဓ၏ဓမ္မဒေသနာများ၏အကျိုးကျေးဇူးဂုဏ်များ | ၅၂ |
| (ဆ) | ဗုဒ္ဓဂေါတမ၏ဝါဒဖြေရှင်းမှု | ၅၅ |


## အခန်း(၃)

## ဗုဒ္ဓ၏ဗြဟ္မဇာလသုတ်လာ ဓမ္မအမြင်များကို ခေတ်အမြင်ဖြင့်လေ့လာအကဲခတ် သုံးသပ်ခြင်း


| | | |
|---|---|---|
| (က) | သုတ္တန္တ(သို့မဟုတ်)ဒီဃ၊ နိကာယ်ကျမ်းများ၏ အကျိုးကျေးဇူး ဝေဖန်သုံးသပ် အကဲခတ်ခြင်းအမြင် | ၅၇ |
| (ခ) | ဗြဟ္မဇာလသုတ်၏အနှစ်သာရကို လေ့လာအကဲခတ်ခြင်း | ၆၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| (ဂ) | ဗြဟ္မဇာလသုတ်လာ အယူများ ကြံစည်သူတို့၏ သဘာဝနှင့်အယူအဆများ အပေါ် ဗုဒ္ဓဂေါတမအမြင်ကိုလေ့လာအကဲခတ်ခြင်း | ၆၈ |
| (ဃ) | ဝေဖန်မှု၊ ကဲ့ရဲ့မှု၊ချီးမွမ်းမှုများနှင့်ပတ်သက်၍ ဗုဒ္ဓဂေါတမအမြင်ကိုဝေဖန်သုံးသပ် အကဲခတ်ခြင်းအမြင် | ၇၇ |
| (င) | ဗြဟ္မဇာလသုတ်လာ သီလ(၃)မျိုးကို ဝေဖန်သုံးသပ်အကဲခတ်ခြင်းအမြင် | ၈၁ |
| (စ) | ဗြဟ္မဇာလသုတ်လာ သမဏ-ဗြဟ္မဏတို့၏ ရှေး၌ဖြစ်ခဲ့မှုအပေါ်ကြံဆယူလာကြသော အယူဝါဒအမျိုးမျိုးပေါ်၌ ဝေဖန်သုံးသပ် အကဲခတ်ခြင်းအမြင် | ၈၆ |
| (ဆ) | ဗြဟ္မဇာလသုတ်လာ သဿတဒိဋ္ဌိ (တည်မြဲအယူ)၄-မျိုး၌ အချို့မြဲ-မမြဲ (ဧကစ္စသဿတဝါဒ)၏ဖန်ဆင်းရှင်ဖြစ်ပေါ်မှု အပေါ် ဝေဖန်သုံးသပ်အကဲခတ်ခြင်းအမြင် | ၉၀ |
| (ဇ) | အချို့မြဲ-မမြဲ(ဧကစ္စသဿတဝါဒ)၏ ဒုတိယ ဝါဒအပေါ် ဝေဖန်သုံးသပ်အကဲခတ်ခြင်းအမြင် | ၉၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဈ) | အချို့မြဲ-မမြဲ(ဧကစ္စသဿတဝါဒ)၏တတိယဝါဒနှင့်စတုတ္ထဝါဒအပေါ် ဝေဖန်သုံးသပ်အကဲခတ်ခြင်းအမြင် | ၉၈ |
| (ည) | ဗြဟ္မဇာလသုတ်လာ ဤကမ္ဘာလောက၌အဆုံးရှိ-မရှိ(အန္တာနန္တ)ဒိဋ္ဌိဝါဒအပေါ်၌ ဗုဒ္ဓ၏အမြင်နှင့်ယနေ့သိပ္ပံအမြင်ကို ဝေဖန်သုံးသပ်အကဲခတ်ခြင်းအမြင် | ၁၀၃ |
| (ဋ) | ဗြဟ္မဇာလသုတ်လာ ဆုပ်ကိုင်၍မရအောင် မရေမရာလှီးလွှဲပြောဆိုသော(အမရာဝိက္ခေပဒိဋ္ဌိ)ဝါဒအပေါ်ဝေဖန်သုံးသပ်အကဲခတ်ခြင်းအမြင် | ၁၀၈ |
| (ဌ) | ဗြဟ္မဇာလသုတ်လာ အကြောင်းမဲ့ဖြစ်ပေါ်လာသည် (အဓိစ္စသမုပ္ပန္န) ဝါဒအပေါ် ဝေဖန်သုံးသပ်အကဲခတ်ခြင်းအမြင် | ၁၁၆ |
| (ဍ) | ဗြဟ္မဇာလသုတ်လာ သေပြီးနောက် သညာရှိသည်ဟု ယူဆကြသော (သညီဝါဒ) ၁၆-မျိုးအပေါ်ဝေဖန်သုံးသပ်အကဲခတ်ခြင်းအမြင် | ၁၂၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ပ) | ပြဟ္မဇာလသုတ်လာ ပြတ်စဲ၏ဟုယူသော (ဥစ္ဆေဒဒိဋ္ဌိ)ဝါဒအပေါ်ဝေဖန်သုံးသပ် အကဲခတ်ခြင်းအမြင် | ၁၃၀ |
| (တ) | ပြဟ္မဇာလသုတ်လာ လက်တွေ့နိဗ္ဗာန် ခံစားရမှု(ဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိ)အပေါ် ဝေဖန်သုံးသပ်အကဲခတ်ခြင်းအမြင် | ၁၃၅ |
| (ထ) | ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိအမျိုးအစားများ ဖြစ်ပေါ်မှုနှင့်ပတ်သက်၍ဗုဒ္ဓ၏လမ်းညွှန်ချက် ကို ဝေဖန်သုံးသပ်အကဲခတ်ခြင်းအမြင် | ၁၄၁ |
| (ဒ) | ပြဟ္မဇာလသုတ်လာ မြေငလျှင်လှုပ်ခြင်း အပေါ်ဝေဖန်သုံးသပ်အကဲခတ်ခြင်းအမြင် | ၁၄၅ |

## အမှာစာ

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးတွင် သုတ္တန္တပိဋကမဟာဌာန၌ ဒုတိယနှစ်သင်တန်းသားများအတွက် သင်ရိုးအမှတ်(၁၃-၂၀၄)ဟု သတ်မှတ်ထားသောခေတ်လေ့လာနည်းဟု ဘာသာရပ်တစ်ရပ်သတ်မှတ်ထားပါသည်။

ယင်းဘာသာရပ်မှာ အဓိကဆွေးနွေးသင်ပြရမည့် စည်းကမ်းချက်များမှာ---

၁။ သုတ္တန္တပိဋက(ပင်ရင်းပြဌာန်းစာ)က လမ်းညွှန်ပြသော လူမှုရေး၊စီးပွားရေး၊ပညာရေး၊ ကျန်းမာရေး၊ဘာသာရေး စသည်များကို လေ့လာသင်ကြားခြင်း၊

၂။ ယဉ်ကျေးမှုဓလေ့နှင့်စာပေအဆင့်အတန်းကို သုံးသပ်ပြခြင်း

၃။ ဘုရားရှင်ဟောတော်မူရခြင်း၏ ရည်ရွယ်ချက်၊ ဟောရကျိုး၊ ရရှိသောသင်ခန်းစာများကို ထုတ်ယူပြခြင်း

၄။ အခြားပိဋကတ်ကျမ်းစာ၊ ခေတ်ကျမ်းစာများနှင့် နှိုင်းယှဉ်လေ့လာခြင်း၊

ဟူ၍ လမ်းညွှန်ထားပါသည်။

ဗုဒ္ဓ၏ ပိဋကတ်ဟူသောဟောကြားချက် ဒေသနာတို့တွင် သတ္တဝါတိုင်းရရှိနိုင်သော ယုတ်မာကြမ်းတမ်းသော ကာမဂုဏ်ချမ်းသာထက် သာလွန်မွန်မြတ်သော---

၁။ အနဝဇ္ဇသုခ -အပြစ်ကင်းသောချမ်းသာမှုမျိုး

-ဥပမာ-မင်းမှု၊စိုးမှုလွတ်ကင်းသောရဟန်းတို့၏လွှပ်လပ်မှုချမ်းသာ

၂။အဗျာသေကသုခ-ကိလေသာရေမစိုသောချမ်းသာ

ဥပမာ-ကုန္ဒြေခြောက်ပါးကိုစောင့်ထိန်းသောသူအားစင်ကြယ်သောချမ်းသာ

၃။ဈာနသုခ -ဈာန်သမာပတ်ချမ်းသာ

ကာမချမ်းသာကဲ့သို့သူတစ်ပါးနှင့်စပ်နွယ်၍မနေဘဲ မရုန့်ရင်းမကြမ်းတမ်းဘဲ တစ်ကိုယ်လုံးနှစ်သက်ချမ်းသာခြင်းဖြင့် ပြည့်လျှံနေသောချမ်းသာနှင့်မြေလျှိုးမိုးပျံ တန်ခိုးဖန်ဆင်းခြင်းစသောအဘိညာဏ်ဂုဏ်နှင့် ပြည့်စုံမှုချမ်းသာ

၄။မဂ္ဂဖလသုခ -မင်္ဂဖိုလ်ချမ်းသာ

ကိလေသာအပူဓာတ်လွတ်ကင်းခြင်း၊ အပါယ်လေးပါးကျရောက်ခြင်းမစသည်မှ လွတ်ကင်းခြင်းတို့ကြောင့် အလွန်ချမ်းငြိမ်းလှသောချမ်းသာများ

ဟူသော အဖိုးမဖြတ်နိုင်သော ချမ်းသာများ ရရာရကြောင်းနည်းလမ်းများကို အပြည့်အစုံဖော်ညွှန်း ဟောကြားပြသထားသဖြင့် ဗုဒ္ဓ၏ ဓမ္မဒေသနာပိဋကတ်များသည် ချမ်းသာမှုရရှိခံစားနိုင်ရေးအတွက် လေ့လာသင်ကြား ဝေဖန်ဆန်းစစ်လိုက်နာ အသုံးချသင့်သော ဒေသနာများဖြစ်ကြပါသည်။

ဗုဒ္ဓသည် ကမ္ဘာလောကနှင့် သတ္တဝါအားလုံးတို့ကို ခပ်သိမ်းသော ဉာဏ်တော်ဖြင့် ကိုယ်တိုင်ဒိဋ္ဌ ကျကျနနသိရှိသုံးသပ်တော်မူပြီးမှ အများသတ္တဝါတို့သိရှိကြစေရန် ထုတ်ဖော်ညွှန်ပြထားခြင်းဖြစ်၍ မှန်ကန်ပြည့်စုံသော လောကဓာတ်ဒေသနာ၊ သတ္တဗေဒဒေသနာများ ဖြစ်ကြသည်ဟုဆိုရပါမည်။

ဗုဒ္ဓ၏ဓမ္မဒေသနာများသည် လောကနိယာမ၊ လောကသဘာဝနှင့်သဘာဝကျ၍ တရားမျှတသောငြိမ်းချမ်းမှုအစစ်၊ ကျင့်ထုံးဒေသနာဓမ္မများဖြစ်၍ ကမ္ဘာလောက၏ တရားမှန်ငြိမ်းချမ်းရေးကို ပေးအပ်ဆောင်နှင်းနေသော ငြိမ်းချမ်းရေးဓမ္မအစစ်များပင်ဖြစ်ပါသည်။

တစ်နည်းအားဖြင့် သတ္တဝါတိုင်း ဆင်းရဲမှလွတ်မြောက်ရေးကို ရှေးရှုဟောကြားသော ဓမ္မများဖြစ်ကြသောကြောင့် ဘဝလွတ်မြောက်ရေးဓမ္မများဟူ၍လည်း ဆိုနိုင်ပါသည်။

ဤဗုဒ္ဓ၏ဓမ္မများသည်ကား တစ်စုံတစ်ယောက်ထံမှ တစ်စုံတစ်ယောက်က သင်ကြားလာခဲ့၍ တဆင့်ကြား တီထွင်ထားသောဓမ္မဒေသနာများ မဟုတ်ကြပါ၊ မိမိ၏အကြားအမြင်ဗဟုသုတကြံစည်လုံးများဖြင့် ဆရာတစ်ဆူပြုလုပ် ဟောကြားသောအကြံဖြစ်ဓမ္မဒေသနာမျိုးလည်းမဟုတ်ဘဲ၊ ဝါဒတစ်ခုတည်ထောင်ရန် အသိဉာဏ်မလုံလောက်သဖြင့် ရောက်တတ်ရာရာပြောဆိုတီထွင်ထားသော ဓမ္မဒေသနာမျိုးလည်း မဟုတ်ပါ၊ ကိုယ်တိုင်အားထုတ်မှုပြုပြီး ခပ်သိမ်းသောသဗ္ဗညုတဉာဏ်တော်ဖြင့် ကိုယ်တိုင်သိမြင်ပြီးမှသာ အကောင်းဆုံးနည်းအားဖြင့် ဟောကြားညွှန်ကြားပြသထားသော သေချာတည်မတ်သည့်ဓမ္မဒေသနာများ ဖြစ်နေပါသည်။

ဤဗုဒ္ဓ၏ ဓမ္မဒေသနာများကို လေ့လာဆန်းစစ်သောအခါ၌လည်း ဓမ္မဓိဋ္ဌာန်ကျကျ လောကသဘာဝ ယထာဘူတကျကျ သဘာဝအမှန်ကို အတိအကျသိရှိနိုင်ရန်အတွက် လေ့လာသုံးသပ်ဆင်ခြင်ရန်လိုပါသည်၊ သဘာဝအမှန်ကိုမသိဘဲ သာမန်လေ့လာသုံးသပ်ဆင်ခြင်မှုမျှဖြင့်ပြီးဆုံးကျေနပ်နေပါက အကျိုးမခံစားရဘဲ ဆင်းရဲရောက်နိုင်ပါသည်။

ထို့ကြောင့် ဗုဒ္ဓကအမှန်တရားကို သိမြင်ပြီးကျင့်သုံးခြင်းနှင့် ခံစားနိုင်ရန်အတွက်---

ပရိယတ္တိ =တတ်သိနားလည်အောင်သင်ယူခြင်း

ပဋိပတ္တိ =တတ်သိပြီးလက်တွေ့ကြံအားထုတ်ခြင်း

ပဋိဝေဓ =ထိုသို့သိပြီးကျင့်သဖြင့်လက်တွေ့ချမ်းသာရရှိခံစားခြင်း

ဟူ၍ နည်းလမ်းသုံးသွယ်ကို လမ်းညွှန်ထားခဲ့ပါသည်။

မိမိဘဝ ချမ်းသာရရှိခံစားရန်အတွက် ဗုဒ္ဓ၏ဓမ္မကို ဤနည်းလမ်းသုံးသွယ်ဖြင့် ရရှိအောင် တည်ဆောက်ကျင့်သုံးနိုင်ရပါမည်၊

ဤသို့သော ဗုဒ္ဓ၏ ဓမ္မဒေသနာများကို သဘာဝအမှန်ရရှိအောင်သင်ကြားခြင်း၊ ကျင့်ကြံအားထုတ်ခြင်းပြုသူတို့သည်-

၁။ စိတ်ကောင်းရှိခြင်း

၂။ အမှန်ကိုလိုလားနှစ်သက်ခြင်း

၃။ မြဲမြံစွာလေ့လာသင်ယူခြင်း

၄။ ဓမ္မ၏အကျိုးအကြောင်းသဘောသဘာဝကိုတွေးဆကြံစည်ခြင်း

ဟူသော အခြေခံလေးပါးရှိပြီး နောက်ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်သဘောကျမှုရအောင် ကြိုးစားရပါမည်၊ ထို့နောက် လက်တွေ့ကျင့်ကြံအားထုတ်ကြရပါမည်။

ဤသို့ဆိုလျှင် ဗုဒ္ဓဝေမှု၏ အဓိကလိုရင်းဖြစ်သော ဝိမုတ္တိ ရသခေါ် ချမ်းသာသော လွတ်မြောက်မှုအရသာကို ခံစားရရှိကြမည်ဖြစ်ပါသည်။

သုတ္တန္တပိဋကမဟာဌာန၏ ၁၃-၁၀၄- ခေတ်လေ့လာနည်းသည် ဤလောကသဘာဝအနှစ်သာရကို ရရှိခံစားနိုင်စေရန်အတွက်ရည်ရွယ်ပြီး ပြဋ္ဌာန်းသတ်မှတ်ပြီး လေ့လာဆန်းစစ်နိုင်းယှဉ်ခိုင်းခြင်းဖြစ်ပါသည်။

ကျွန်ုပ်သည် ဤဒုတိယနှစ်ပြဋ္ဌာန်းချက်ပါ ဗြဟ္မာဇာလသုတ်ပါ အကြောင်းအရာများကို လမ်းညွှန်ချက်(၄)ရပ်နှင့်အညီ အတတ်နိုင်ဆုံး မိမိစွမ်းနိုင်သရွေ့ ဝေဖန်သုံးသပ်အကဲခတ်ပြထားပါသည်။

ဤလေ့လာအကဲခတ်မှုသည် ကျွန်ုပ်၏ နမူနာအမြင်, အတွေးအခေါ်၊ သုံးသပ်ချက်ဖြစ်သော်လည်း အဋ္ဌကထာ၊ ဋီကာဆရာတို့၏အယူအဆ၊ ခေတ်သဘာဝအပေါ် အမြင်အယူအဆတို့အပေါ် လေ့လာသုံးသပ်နိုင်းယှဉ်ပြီး ဒုတိယနှစ်သင်တန်းသားများနည်းမှီရလောက်အောင်မျှသာ လမ်းညွှန်ဝေဖန် သုံးသပ်အကဲခတ်ပြထားခြင်းသာ ဖြစ်ပါသည်။

(သုတေသီပညာရှင်တို့အဖို့ကမူ ယခုထက် ပိုမိုလေ့လာအကဲခတ်၊ ဝေဖန်ဆန်းစစ်နိုင်ကြပါသည်၊ ဆန်းစစ်နိုင်သူများပေါ်ထွက်လာနိုင်ရေးကိုလည်း လမ်းစဖေါ်ပေးခြင်းမျှသာဖြစ်ပါသည်)

ဤ "ဗုဒ္ဓ၏ဓမ္မအမြင်များကို ခေတ်အမြင်ဖြင့် လေ့လာသုံးသပ်ခြင်း" အပိုင်း(၁) စာအုပ်ဖြစ်မြောက်ရေးအတွက် ကိုယ်အားစိတ်အားဖြင့် ကူညီပေးသော ဒုတိယပါမောက္ခချုပ်ဆရာတော်များဖြစ်ကြသည့် အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တကုမာရမဟာထေရ်(စိမ်)၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဇောတိက(ပညာ) နှင့်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တပဏ္ဍိတာဘိဝံသ(ပါမောက္ခ၊ ဌာနမှူးဆရာတော်) စာအုပ်အဖြစ်ရိုက်နှိပ်ခွင့်ပြုသော တက္ကသိုလ်အုပ်ချုပ်မှုရေးဗဟိုအဖွဲ့နှင့် စာအုပ်ရိုက်နှိပ်လှူဒါန်းသော အလှူရှင်တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

မဟာသဒ္ဓမ္မဇောတိကဓဇ
ဦးကိုကိုမြင့်(ဓမ္မာစရိယ၊ B.D.T၊ B.A ) (မြန်မာစာ)
ပါမောက္ခ၊ တွဲဘက်ဌာနမှူး
သုတ္တန္တပိဋကမဟာဌာန

# အ ခန်း ( ၁ )

## သီလက္ခန္ဓဝဂ္ဂ - ဗြဟ္မဇာလသုတ်

### (က) ပါဠိတော်၌ပါဝင်သော အကြောင်းအရာများ

၁။ ကဲ့ရဲ့ခြင်း+ချီးမွမ်းခြင်းကိုဖြေရှင်းနည်း

၂။ သီလ(၃)မျိုး

၃။ (က)စူဠသီလ

(ခ) မဇ္ဈိမသီလ

(ဂ) မဟာသီလ

၄။ နက်နဲသိမ်မွေ့၍ ပညာရှိတို့က သိအပ်သော သီလဂုဏ်မှတစ်ပါးသောဂုဏ်များ

(က) သံသရာ၏ရှေ့အဖို့ကိုအစဉ်လိုက်သော (ပုဗ္ဗန္တာနုဒိဋ္ဌိ) အယူ(၁၈)မျိုး

(က) သဿတဒိဋ္ဌိ - ၄ ပါး
(အတ္တနှင့်လောကသည်မြဲ၏)

(ခ) ဧကစ္စသဿတဒိဋ္ဌိ-၄
(အတ္တနှင့်လောကအချို့သာမြဲသည်)

(ဂ) အန္တာနန္တိကဒိဋ္ဌိ-၄ ပါး
(လောကသည်အဆုံးမရှိ)

(ဃ) အမရာဝိက္ခေပ-၄ ပါး
(ငုပ်တုံပေါ်တုံနေသောအမရာမည်သောငါး ကဲ့သို့ အပိုင်းအခြားမရှိ စကားလွင့်ပျံခြင်းရှိ သောအယူ)

(င) အဓိစ္စသမုပ္ပန္နဒိဋ္ဌိ-၂-ပါး
(အကြောင်းမဲ့ဖြစ်ပေါ်သည်အယူ)

စုစုပေါင်း ၁၈-ပါး

သံသရာ၏နောက်အဖို့ကိုကြံသူ(အပရန္တာနုဒိဋ္ဌိ)–၄၄ပါး

(က) သညီဝါဒ-(၁၆)မျိုး-သေသည်မှအထက်၌ စိတ်သညာရှိ သေးသည်၏ဟူသော အယူဝါဒ၊

(ခ) အသညီဝါဒ(၈)မျိုး (သေသည်မှအထက်၌ စိတ်သညာ မရှိဟူသောဝါဒ)

(ဂ) နေဝသညီနာသညီဝါဒ(၈)မျိုး (သေသည်မှ အထက်၌ စိတ်သညာရှိသည်လည်းမဟုတ်၊ စိတ်သညာမရှိသည် လည်းမဟုတ်ဟူသောဝါဒ)

(ဃ) ဥစ္ဆေဒဝါဒ(၇)မျိုး (သတ္တဝါသေလျှင်ပြတ်၏ဟူသော အယူဝါဒ)

(င) ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ(၅)မျိုး (လက်တွေ့နိဗ္ဗာန်ဝါဒ) ဤ(၆၂)ပါးသော ဒိဋ္ဌိတို့ဖြစ်ပေါ်မှုသည်-

(က) ဖဿ =အာရုံကိုရှေးဦးစွာတွေ့ထိသော စေတသိတ် ပေါင်းဆုံထိတွေ့မှု

(ခ) ဝေဒနာ =ခံစားခြင်းသဘောရှိသော စေတသိတ်ခံစားမှု

(ဂ) တဏှာ =တပ်မက်ခြင်းသဘောရှိသောလောဘနှင့် ဒိဋ္ဌိ စေတသိတ်တပ်မက်မှု

(ဃ) ဥပါဒါန် =စွဲလမ်းခြင်းသဘောရှိသောလောဘနှင့် ဒိဋ္ဌိစေတသိတ်စွဲလမ်းမှု

တို့ကို အရင်းခံ၍ဖြစ်ပေါ်သည်။

# ၄ ဗုဒ္ဓ၏ဓမ္မအမြင်များကို ခေတ်အမြင်ဖြင့် လေ့လာသုံးသပ်အကဲခတ်ခြင်း

## (၁) အဌကထာ၌ပါဝင်သောအကြောင်းအရာများ

နိဒါန်း

ပဟာနဓမ္မကိလေသာများ၏ပဟာနဇမ္မ

ဓမ္မတ္တာဒေသနာပဋိဝေဓ(၄)ပါး

သုဂ္ဂဟိတ၊ဒုဂ္ဂဟိတ-ဓမ္မအကျိုး-အပြစ်

ပိဋကတ်အခွဲ၊သမယအတ္တုဒ္ဒါရ

ဟောတိ၌-အတီတကာလဖြစ်ပုံ

<u>ဗုဒ္ဓဇာတ</u>

-ရတနာသုံးပါးအားကဲ့ရဲ့ပျက်စီးတတ်ကြောင်း

-ဓမ္မကထိကအားစွမ်းအရာ

(ဥဇုဝိပစ္စနိက+သမ္မပုလမဏ္ဍာလမာဠ+ဇနကာ

စသည်အဖွင့်များ)

-သတ္တက-နိရတ္တကကိစ္စ(၂)မျိုး

-ဗုဒ္ဓကိစ္စငါးပါးအကျယ်

-ဘုရားဆွမ်းခံရာ၌ အံ့ဘွယ်အကျယ်

-သုတ္တနိက္ခေပ(၄)ပါး

-အန္တရကထာအဖွင့်

-ဗောဓိပင်ပမာဏ

-ပုထုဇဉ်(၂)မျိုး

-တထာဂတမည်ပုံအကျယ်
-ပုစ္ဆာငါးပါးအကျယ်
-ဒသသီလအဖွင့်
-စပါးမျိုး(၇)ပါးစသည်
-ဒုတေယျပဟီနဂမနအနုယောဂအဖွင့်
-တုလကူဋ္ဌ-၄-ပါးအထူး
-သိန္နိဓိအမျိုးမျိုး
-မဇ္ဈိမသီလအဋ္ဌိတေဝန
-ကစားမျိုးအကျယ်
-သူငယ်နံပျောက်ရာကာလ
-တိရစ္ဆာနကထာအကျယ်
-နိမိတ်ဖတ်ခြင်း
-ဥပါပျံခြင်းစသည်
-ဝိဇ္ဇာစသည်ပြရာ
-ဖွတ်ရုပ်စသည်ရှိ၍ဘေးဖြစ်ပုံ
-ကဝိ(၄)ပါး
-ဥက္ကာနိမိတ်ပြခြင်း
-ပဋိသန္ဓေပျက်ခြင်းအကြောင်း(၃)ပါး
-ဂမ္ဘီရဒုဒ္ဒသာဒီအဖွင့်
-ဗုဒ္ဓဂဇ္ဇိတ(၄)ပါးအကျယ်

-၆၂ပါးသောဒိဋ္ဌိအဖွင့်

-ပထ-ဥပါယာ၊မနသိကာရ-တရားကိုယ်

-ဝိမံသအဖွင့်

-တိတ္ထိတို့အောက်မေ့နိုင်သောဘဝပေါင်း

-တက္ကီပုဂ္ဂိုလ်(၄)

-သဿတ(၂)မျိုး

-ဖြဟ္မာ့စုတိ(၂)မျိုး

-က္ကဿရနိမ္မာနနာကာရ

-(ဘူတဘာဗျပုဒ်အဖွင့်)

-နတ်များနတ်သက်အတိုင်းမနေရပုံ

-(တဿန-၄-မျိုးအဖွင့်)

-နတ်တို့ကိုယ်ခန္ဓာစသည်နူးညံ့ပုံ

-မနောပဒေါသိကစသောနတ်တို့အခန်း

-ရာဂ,ဒေါသ,ဥပါဒါန်မည်ရာ

-အနုသန္ဓိ(၃)ပါးအကျယ်

-မြတ်စွာဘုရားကိုတံငါးဥပမာပြုပုံ

-မြေလှုပ်ခြင်းအကြောင်း(၈)ပါး

-ဂန္ဓဟတ္ထိ

-အစ္ဆရိယဖွင့်နည်း(၂)နည်း

-သီလ,သမာဓိ,ပညာတို့မဟန္တဖြစ်ပုံ

-နာမ်ရုပ်တို့၏လက္ခဏာစု
-ပ-ဒု-တဗောဓိ(၃)ပါးအဖွင့်
-ဝိကပ္ပတ္တဝါသဒ္ဒါ၏ဝိစိ
-သာဓိပ္ပါယအတ္ထဝဏ္ဏနာ
-ဒေသနာသီလဥပလက္ခဏာအရာဌာန
-အာဝါဟာဝိဝါဟာအဖွင့်
-ဒိဋ္ဌိဌာန(၈)ပါး
-ဒိဋ္ဌိ၏အနိဋ္ဌဖလစု
-အတ္တမနာတိသကာမမာအဖွင့်

## (၈) ဋီကာ(ဟောင်း)၌ပါဝင်သော အကြောင်းအရာများ

**နိဒါန်း**

-ခန္ဓာသန္တာန်တော်ဘုရားမည်ကြောင်းပရမတ္ထအဖွင့်
ပါရမီဝိဂြိုဟ်အမျိုးမျိုး-
ဒုစရိုက်ရှောင်ကြဉ်ရအကျိုး
ပါရမီ(၃၀)ဖြစ်ရပုံ
ပုဏ္ဏားပါးဝိဂြိုဟ်အကျယ်

## ဋီကာအသစ်(ပထမအုပ်)

### နိဒါန်း

စန္ဒေသဒ္ဒါ၏ဖြစ်ရာဝိဘတ်ဂါထာ

ခန္ဓာသန္တာန်တော်ဘုရားမည်ကြောင်း

ဘုရားလောင်းတိုင်းအန္တိမဘဝ၌ သားမယားရှိရကြောင်း

ဓမ္မသံဝေဂအရဂါထာ

ပုရသဒ္ဒါထားရာဂါထာ

ဗုဒ္ဓေါဒနစသောညီနောင်(၅)ဦးဂါထာ

ယပ်ဆောင်ရခြင်းအကြောင်း

ရသအမျိုးမျိုးကောက်ပုံ

-အာသယ(၂)မျိုး

-သံယုတ်မည်ကြောင်း

-၅၅၀-ဇာတ်အရေအတွက်-၅၄၇-ဇာတ်

သံဝဏ္ဏနာအမျိုးမျိုးပြဂါထာ

သဒ္ဒါ(၂)မျိုး

ပရမတ္ထအဖွင့်

ဒဿနတ္ထစသည်ပြဂါထာ

ပဏ္ဏတ္တိတဝိဂ္ဂြိုဟ်အကျယ်

ဘုရားရှင်အဘေဇ္ဇသရီရဖြစ်ပုံ

ကုမာရ-ဗာလ-ယုဝ-တရုဏအထူး
ဒသဗလဉာဏ်သဗ္ဗညုတအထူးအကျယ်
ပါရမီဝိဂြိုဟ်
ပါရမီ(၁၀)ပါးအဓိပ္ပါယ်အကျယ်
သဒ္ဓါဓိကစသောဘုရားများအကြောင်း
ဗျာဒိတ်ရပြီးမှမဖြစ်ရသောအရာအစုမျိုးစု
ပထမ-မဇ္ဈိမ-ပစ္ဆိမဗောဓိအခွဲ
တထာဂတပုဒ်အဖွင့်
(အဒိဋ္ဌဇောတနာစသောပုစ္ဆာဝိဂြိုဟ်)
(သဟဗျာတံပုဒ်ဝစနတ္ထနှင့်ရုပ်ပြီးပုံ)
(မဟေသက္ခပုဒ်ခွဲအကျယ်)

ဒုစရိုက်အဖွင့်
ကာမဝိပ္ပဋိပတ္တိ(၄)မျိုး(အနဂ်ါဒိဝိနိစ္ဆယ)
ပဏ္ဍိတအဖွင့်တစ်မျိုး
တဏှာ(၁၀၈)ပါးပြဂါထာ
ပဒဝိဘာဂအဓိပ္ပာယ်
(ပစ္စက္ခအနုမာနဉာဏ်အဖွင့်)
အာဒိစ္စဗန္ဓုအဖွင့်
အဓိမုတ္တိအဖွင့်

သံကမ္မိ-သမ္မကမ္မိစသည်အဖွင့်
ဥပနိဒါပညတ္တိစသည်အဖွင့်
ဂန္ဓဟတ္တိ(ဆင်းနံ့သာအဖွင့်)
ဗောဓိမဏ္ဍာအဖွင့်
ပလ္လင်္ကာအဖွင့်
ဆအဗျာသယ
ပါရမီ(၃)ပါးအခွဲ
မေထုံငယ်(၇)ပါး
ဂီတဓမ္မနှင့်ဓမ္မဂီတအဖွင့်
အဋ္ဌဓောဝနအဖွင့်
ပလ္လင်္ကာအဖွင့်
နတ်ဩဇာအကြောင်း
အဘိနိဟာရာဒ်-၁၂-ပါး
ကောက်(၃)မျိုး
ပဏ္ဍုရဇာအဖွင့်
သမ္ဘဝဒဿန

# အခန်း ( ၂ )

## ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒသဘာဝများ

### (က) ဗုဒ္ဓဂေါတမမပေါ်ထွန်းမီ အိန္ဒိယနိုင်ငံရှိ ဝါဒအယူအဆများ

### (၁) အိန္ဒိယသို့ အာရိယာန်များဝင်ရောက်လာမှု

ဘီစီ ၁၈၀၀ မှ ၂၀၀၀ ခန့်၌ အိန္ဒိယတွင် အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုကွယ်ပျောက်ပြီးနောက် နှစ်ပေါင်း ၁၀၀၀ ကျော်ခန့်ကြာသောအခါ မူလအာရှအရှေ့အလယ်ပိုင်းနေ အာရိယာန်လူမျိုးများစွာတို့သည် ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့ထွက်ရာ၌ အီရန်ခေါ် ပါရှားဘက်သို့ထွက်လာသောအုပ်စုမှ အချို့သည် ပါရှားမှတစ်ဆင့် အိန္ဒိယနယ်ထဲသို့ တစ်သုတ်ပြီး တစ်သုတ်ဝင်ရောက်လာခဲ့ကြသည်။

ထိုဝင်ရောက်လာသော အာရိယာန်လူမျိုးတို့သည် လမ်းခရီးတစ်လျှောက် တွေ့ကြုံခဲ့ရသော ရေ၊ မီး၊ လေ၊ မိုးကြိုး၊ မုန်တိုင်းစသော အန္တရာယ်များ၌ တန်ခိုးကြီးသောအစောင့်အရှောက်များနတ်ဒေဝတာများရှိသည်ဟု ယုံကြည်လက်ခံလာခဲ့ကြသည်၊ ထိုရေ၊ လေ၊ မီးစသောနတ်များကိုကြောက်ရွံ့ပြီး ရိုသေပူဇော်ရှိခိုးကြရာမှအစပြု၍ တစ်ဘက်က ပစ္စည်းဝတ္ထုတို့ဖြင့် ပူဇော်ပသမှုပါလာသလို တစ်ဘက်ကလည်း ရွတ်ဆိုပူဇော်မှုများ ပါဝင်လာကြသည်။

ထိုအာရိယာန်တို့ အိန္ဒိယနိုင်ငံထဲသို့ဝင်ရောက်လာသော အချိန်မှစ၍ သူတို့နှင့်အတူမန္တန်အတတ်များသည် ပါလာကြပြီး အိန္ဒိယတွင် ထိုမန္တန်အတတ်များ ထွန်းကားလာကာ ဝေဒခေတ်စတင်ပေါ်ပေါက်လာခဲ့သည်ဟု သမိုင်းပညာရှင်တို့က သုံးသပ်ကြပါသည်။

(ဝေဒခေတ်ပေါ်ပေါက်လာမှုနှင့်ပတ်သက်၍ ပတ်သက်သော ဘီစီသတ်မှတ်ချက်နှင့်ပတ်သက်၍ သမိုင်းပညာရှင်များသည် ဘီစီ ၁၅၀၀ မှ ၁၂၀၀၊ ၁၅၀၀ မှ ၉၀၀၊ ၁၂၀၀ မှ ၈၀၀၊ ၆၀၀၀ မှ ၄၀၀၀ စသည်ဖြင့် မူဝါဒသုံးသပ်ချက်ကွဲပြားခြားနား ယူဆကြသည်ကိုလည်း တွေ့ရပါသည်။)

မျိုးနွယ်စုနှင့်နိုင်ငံငယ်များ ဖြစ်ပေါ်လာမှု

အာရိယာန်တို့သည် အိန္ဒိယနိုင်ငံသို့ စတင်ဝင်ရောက်လာသောအချိန်မှစ၍ မူလကနေထိုင်ခဲ့ကြသော ဒရာဗိဒိယန်လူမျိုးများကိုတိုက်ခိုက်ကြပြီး မိမိတို့အုပ်စုအလိုက် သီးသန့်မြို့ပြနိုင်ငံငယ်များ တည်ထောင်နေထိုင်ခဲ့ကြသည်။

ရိဂ်ဝေဒကျမ်း၌ အာရိယာန်တို့သည် စစ်တိုက်ခြင်းသည် မျိုးနွယ်အလိုက် သီးသန့်နေထိုင်ခြင်းကို ဌာနေလူများကမကြိုက်လက်မခံကြသောကြောင့် စစ်တိုက်ခြင်းဖြစ်သည်ဟု ဖော်ပြထားကြသည်ကို တွေ့ရပါသည်။

သမိုင်းဆရာတို့ကမူ နိုင်ငံငယ်များ ထူထောင်လာမှုသည် အာရိယာန်တို့သည် အိန္ဒိယ၌ တန်ခိုးကြီးလာကြပြီး တစ်ဦးနှင့်တစ်ဦး မာနထောင်လွှားခြင်းကြောင့် အချင်းချင်းယှဉ်ပြိုင်တိုက်ခိုက်လာကြရာမှ အိန္ဒိယ၌ နိုင်ငံငယ်ပေါင်း များစွာပေါ်ထွန်းခဲ့သည်ဟု ဆိုကြပါသည်။

အမှန်မှာ ထိုအချိန်အခါက အိန္ဒိယနိုင်ငံတွင် အာရိယာန်မဟုတ်သူများ အာရိယာန်တို့ထက် ပိုမိုများပြားပြီး နောက်ပိုင်းတွင် အာရိယာန်လူဦးရေက ပိုမိုတိုးပွားလာပြီး အခြားလူမျိုးဦးရေမှာ ယုတ်လျော့သွားသည်။

ဤသို့လူဦးရေတိုးလာသော အာရိယာန်တို့သည် အကျင့်ဖြူစင်မှုကိုအစွဲပြု၍ ဘာရဒွါဇမျိုးနွယ်စု၊ ဝါသေဋ္ဌမျိုးနွယ်စု

စသည်ဖြင့် မျိုးနွယ်စုများကွဲသွားရပြီး ကိုးကွယ်ရာနတ်များ ကွဲပြားလာကြရသည်၊ ဤသို့ကွဲပြားလာကြရာမှ ကောသလ၊ မာဂဓ၊ ဝေသာလီ စသည့်တိုင်း(၁၆)တိုင်းဟု ခေါ်သော နိုင်ငံငယ်များ ကွဲပြားလာရသည်ဟု ဆိုပါသည်။

## အာရိယာန်တို့၏ အမျိုးလေးပါးတို့နှင့်ဇာတ်ခွဲခြားလာမှု

အာရိယာန်တို့သည် အိန္ဒိယနိုင်ငံအတွင်းသို့ ဝင်ရောက်လာလျှင်လာခြင်း ဇာတ်ခွဲခြားမှု မပြုကြသေးဘဲ ဘီစီ ၁၂၀၀ ခန့် ရောက်လာသောအခါကျမှ ဇာတ်ခွဲခြားမှုစနစ်ပေါ်လာသည်ဟု သမိုင်းက ဆိုပါသည်။

အာရိယာန်တို့သည် မူလရှိရင် တိုင်းရင်းသားများဖြစ်ကြသော ဒရာဗီးဒီးယန်းတို့ထက် မိမိတို့ကအဆင့်အတန်းမြင့်မြတ်သည်၊ အသိပညာ၊ အတတ်ပညာသာသည်ဟု သိရှိလာကြပြီး ဇာတ်အမျိုးအစားခွဲခြားလာခဲ့သည်။

အရောင်အဆင်း(ဝဏ္ဏ)လေးပါးကို အကြောင်းပြုပြီး ခွဲခြားသတ်မှတ်သည်ဟု ဆိုပါသည်။

(၁) ဗြဟ္မဏ -ပုဏ္ဏားမျိုး
(၂) ခတ္တိယ -မင်းမျိုး
(၃) ဝေဿ -ကုန်သည်မျိုး
(၄) သုဒ္ဒ -သူဆင်းရဲမျိုး

ဤအမျိုးလေးပါးတွင် ဖြစ်ပေါ်မွေးဖွားလာမှုနှင့်ပတ်သက်၍ ရိဂဝေဒကျမ်း၌-

-ဗြဟ္မဏမျိုးသည် ပုရိသ(မဟာဗြဟ္မာ)၏ခံတွင်းမှ

-ခတ္တိယမျိုးသည် ပုရိသ(မဟာဗြဟ္မာ)၏လက်ရုံးမှ

-ဝေဿမျိုးသည် ပုရိသ(မဟာဗြဟ္မာခြေနှစ်ချောင်း (ပေါင်)မှ

-သုဒ္ဒမျိုးသည် ပုရိသ(မဟာဗြဟ္မာ၏ ခြေဖဝါးနှစ်ဘက်မှ) ဖြစ်ပေါ်မွေးဖွားလာသည်ဟု ဖော်ပြထားသည်။

ထို့အပြင် အမျိုးလေးပါးတို့၏ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်နှင့်ပတ်သက်၍လည်း သတ်မှတ်ထားလာကြသည်။

ဗြဟ္မဏမျိုးသည် ဝေဒသင်ယူမှု၊ ယာဇ်ပူဇော်မှု၊ တာဝန်ကိုဆောင်ရွက်ရမည့် ဝေဒကျမ်းများကိုမြင့်မြတ်သောသက္ကတဘာသာဖြင့်ရေးသားထားပြီး ထိုကျမ်းများသင်ယူမှုကို ဗြဟ္မဏအမျိုးမှတစ်ပါး အခြားသူများ သင်ယူခွင့်ကြည့်ရှုခွင့်၊ ဆောင်ရွက်ခွင့်မရှိဟု သတ်မှတ်ထားသည်။

ခတ္တိယမျိုးသည် တိုင်းပြည်အုပ်ချုပ်မှု၊ စစ်တိုက်မှုတို့ကို တာဝန်ယူဆောင်ရွက်ရမည်။

ဝေဿမျိုးသည် လယ်ယာကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

သုဒ္ဒမျိုးသည် လယ်သမား၊ ပန်းရံ၊ သားရေနယ်လုပ်ငန်း၊ နှီးဖျာလုပ်ငန်း၊ မိလ္လာကျုံး၊ အမှိုက်သွန်လုပ်ငန်း၊ သုဘရာဇာလုပ်ငန်းစသော အောက်ခြေနိမ့်ကျသောလုပ်ငန်းများကို အခိုင်းအစေခံဘဝဖြင့် တာဝန်ယူလုပ်ကိုင်ဆောင်ရွက်ရမည်။

ထို့အပြင် ခတ္တိယမျိုးသည် ဗြာဟ္မဏတို့အား အန္တရာယ်မှ ကာကွယ်ပေးရခြင်း

-ဝေဿမျိုးသည် ဗြာဟ္မဏတို့အား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းခြင်း

-သုဒ္ဒမျိုးသည် ဗြာဟ္မဏတို့အား အမှုကြီးငယ်ကို ဆောင်ရွက်ပေးခြင်း တာဝန်အသီးသီးကို မဟာဗြာဟ္မဏ သတ်မှတ်ထားကြောင်း ယင်းအတိုင်း မိမိတို့ဆိုင်ရာ တာဝန်ကျေပွန်ပါက နတ်ပြည်သို့ရောက်နိုင်ကြောင်းကို ဘဂဝဒ်ဂီတာကျမ်း၌ ဆိုထားသည်။

ဤသို့ဖြင့် အာရိယာန်တို့ အမျိုးဇာတ်ခွဲလာရာမှအစပြု၍ အိန္ဒိယအတွင်း ဗုဒ္ဓဂေါတမမပွင့်မီကထဲက ဇာတ်စံနစ်အကြီးအကျယ်ပြင်းထန်ခဲ့သလို ပုဏ္ဏား(ဗြာဟ္မဏ)တို့၏အပေါ် စီးလွှမ်းမိုးမှုလည်း ကြီးမားခဲ့သည်။

ဗုဒ္ဓဂေါတမပွင့်လာသောအခါ ဗုဒ္ဓက ထိုဇာတ်စနစ်ကို ဖြေရှင်းပေးခဲ့သည်၊ ဗြာဟ္မဏ(ပုဏ္ဏား)သည် မိခင်အင်္ဂါဇာတ်က မွေးဖွားခဲ့ပြီး မိခင်နို့ကိုစို့ပြီး ကြီးပြင်းလာခဲ့ကြောင်း ဇာတ်အမျိုး

သည် အဓိကမဟုတ်၊ ကုသိုလ်-အကုသိုလ်ကို ခွဲခြားသိသော ပညာ(ဝိဇ္ဇာ)သာ အဓိကဖြစ်ကြောင်းဖြေရှင်းပြခဲ့ရာ ဤတရား သုတ်တော်ပေါင်း ဤစာအုပ်တွင် လေ့လာတွေ့ရှိကြရမည် ဖြစ်ပါ သည်။

ဗုဒ္ဓက ဇာတ်စနစ်ကို အဓိကဖြေရှင်းပေးခဲ့သော်လည်း နောက်ပိုင်းတွင် ဗြဟ္မဏတို့သည် ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်ပြီးနောက် ဗုဒ္ဓဘာသာထဲသို့ မိမိတို့၏အယူဝါဒများ ရိုက်သွင်းလာခဲ့ရာမှ ဗုဒ္ဓ ဘာသာ၌ ဂိုဏ်းကွဲမှုများ အသီးသီးပေါ်လာခဲ့ရသလို နောက်ပိုင်း၌ ဗုဒ္ဓဘာသာကို ဂိုဏ်းကွဲဖြစ်သော မဟာယာနဗုဒ္ဓဘာသာသည် ဗြဟ္မဏ(ဟိန္ဒူ)ဘာသာနှင့်ချွတ်စွပ်တူလာရသည်အထိ ဖြစ်ခဲ့ရ သည်။

## (၁) ဗုဒ္ဓနှင့်ဗုဒ္ဓမည်ထိုက်သောဂုဏ်များ

ဗုဒ္ဓသည် သုမေဓာရှင်ရသေ့အလောင်းတော်ဘဝက လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းအထက်ကပွင့်ခဲ့သော ဒီပင်္ကရာ ဘုရားထံ၌နိယတဗျာဒိတ်ကိုခံယူခဲ့ပြီးနောက် ဘဝများစွာတို့၌ ပါရမီ(၁၀)ပါး၊ စရိယ(၃)ပါး၊ စွန့်ခြင်းကြီး(၅)ပါးတို့ကိုဖြည့်ကျင့်ခဲ့ ပြီး မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓအဖြစ် သို့ရောက်ရှိခဲ့ပါသည်။

ဗုဒ္ဓဆိုသည်မှာ ကျင့်ကြံမှုကိစ္စပြီးဆုံး၍ ကိလေသာတရား ဆိုးအားလုံးကိုအကြွင်းမဲ့ပယ်ဖျက်ပြီးဖြစ်သောကြောင့် လောက၏ အပူဇော်ခံအဆင့်အတန်းသို့ရောက်သောပုဂ္ဂိုလ်မျိုးဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်မျိုးမှာ မိမိသန္တာန်၌အကြောင်းညီညွတ်သော အခါ ဖြစ်ပေါ်လာတတ်သောတပ်မက်မှု၊ အမျက်ထွက်မှု၊ မိုက်မဲ တွေဝေမှုစသောတရားဆိုးတရားမှုတို့အလျှင်းမရှိကြတော့သဖြင့် မည်သည့်လောကအာရုံကိုမျှ လိုလားတောင့်တခြင်းမရှိဘဲ အလွန်စင်ကြယ်မြင့်မြတ်သောစိတ်ဖြင့် သတ္တဝါတို့အားသနား ကြင်နာမှုတစ်ခုတည်းကြောင့်သာ ၄၅-ဝါပတ်လုံး တရားဓမ္မတို့ကို ဟောကြားခဲ့ပါသည်။

ထို့ကြောင့် ဗုဒ္ဓဟူသည် အာသဝက္ခယဉာဏ်နှင့်ပြည့်စုံ တော်မူသည်။

ထို့ပြင် ဗုဒ္ဓဟူသည် သိကောင်းသောတရားမှန်သမျှကို အကုန်အစင်သိမြင်တော်မူသော၊ ခပ်သိမ်းသောဉာဏ်တော်ရှင် ဖြစ်သည့်အတိုင်း ထိုဉာဏ်တော်ကိုအစွဲပြု၍ ပါဠိဘာသာအားဖြင့် ဗုဒ္ဓဟုအမည်ရခြင်းဖြစ်ပါသည်။

အရာခပ်သိမ်းကိုသိတော်မူရာ၌လည်း တစ်ဆင့်ကြား သဘောဖြင့်မှန်းဆ၍သိခြင်းမဟုတ်ဘဲ ခပ်သိမ်းသောတရားတို့၏ သဘာဝမှန်၊ အပေါ်ယံအသိမျိုးမဟုတ်ဘဲ ခပ်သိမ်းသောတရား

တို့၏သဘာဝမှန် မဖောက်မပြန်နိုင်သောအသိမျိုးဖြင့်သိမြင်သူ ဖြစ်ပါသည်။

သိ၍မဖြစ်ကောင်းသော သို့မဟုတ် သိသော်လည်း အကျိုးထူးမရှိသောသံသရာ၏ရှေးအစွန်း၊ နောက်အစွန်း သို့မဟုတ် သတ္တဝါတစ်ယောက်ယောက်၏အစနှင့်အဆုံးသဘော မျိုးကိုလည်း ဤသဘောတရားသည်သိ၍မဖြစ်ကောင်း သို့မဟုတ် သိ၍အကျိုးမထူးဟု အမှန်အတိုင်းသိမြင်တော်မူသဖြင့် ဗုဒ္ဓသည် မသိသောအရာမရှိဟုဆိုနိုင်ပါသည်။

ထို့ကြောင့် ဗုဒ္ဓဟူသည် သဗ္ဗညုတဉာဏ်တော်နှင့်ပြည့်စုံ တော်မူသည်။

တစ်ဖန် ဗုဒ္ဓဟူသည် မဟာပုရိသလက္ခဏာ၊ ယောကျ်ား မြတ်သိမှတ်ကြောင်း ၃၂-ပါးသောလက္ခဏာတော်နှင့်ပြည့်စုံသ ဖြင့် ဗြဟ္မာယုပုဏ္ဏား၊ ပေါက္ခရသာတိပုဏ္ဏား၊ စင်္ကီပုဏ္ဏား၊ တာရုက္ခ ပုဏ္ဏား၊ သောဏဒဏ္ဍပုဏ္ဏား၊ ကူဋဒန္တစသောဗုဒ္ဓခေတ်ဗေဒတ္တယ ပါရဂူ၊ နိုင်ငံ၏ကျက်သရေဆောင်မင်းဆရာကြီးတို့လည်း အပွေး မြင် အပင်သိဆိုသကဲ့သို့ ရုပ်လက္ခဏာကိုထောက်ထား၍ ဂေါတမဗုဒ္ဓသည် ဘုရားဖြစ်သည်ဟုယုံကြည်ကိုးကွယ်ခဲ့ကြပါ သည်။

ဤလက္ခဏာ ၃၂-ပါးနှင့်ပြည့်စုံမှုမှာ အထက်ပါအတုမဲ့ ဉာဏ်တော်ရှင်ဗုဒ္ဓဖြစ်ကြောင်း အလိုလိုပေါ်လွင်ထင်ရှားသော

အချက်ဖြစ်ရာ ဤလက္ခဏာတို့မှာ လောကတွင်အတုမဲ့ဖြစ်သော စကြာမင်းနှင့်ဗုဒ္ဓတို့မှာသာတွေ့မြင်နိုင်သော ကမ္ဘာတန်ဆာဖြစ်သည် ဟု ဗေဒင်ကျမ်းကြီးတို့၌ဆိုထားပါသည်။

ထို့ကြောင့် ဗုဒ္ဓသည် မဟာပုရိသလက္ခဏာ ၃၂-ပါးနှင့် လည်းပြည့်စုံသော လူသားယောကျ်ားမြတ်ဘုရားဖြစ်ပါသည်။

ဗုဒ္ဓ၏ဂုဏ်ကျေးဇူးတို့မှာ မရေမတွက်နိုင်သောအရာများ ပင်ဖြစ်ပါသည်။

ဤဗုဒ္ဓသည် အထက်ပါဂုဏ်(၃)ရပ်နှင့်ပြည့်စုံသောလူသား ဘုရားဖြစ်ပြီး လောကကောင်းကျိုးအတွက် ၄၅-ဝါပတ်လုံး တရားများကိုဟောကြားခဲ့ရာ ဗုဒ္ဓသည် ကမ္ဘာလောက၏ဒုက္ခသဘောကို သိမြင်တော်မူသည့်အတိုင်း ထိုဒုက္ခပင်လယ်၌ မရပ်မနားမျောပါ လျက်ရှိသော ကမ္ဘာသူ၊ ကမ္ဘာသားများကိုကယ်တင်ရန် အမွန်ဆုံး အကောင်းဆုံးအသင့်လျော်ဆုံးဖြစ်သော တရားဓမ္မများကို ၂၅-ဝါ ပတ်လုံး ပရိနိဗ္ဗာန်စံဝင်ရာညောင်စောင်း၌လဲလျောင်းသည် အထိ ဟောကြားဆုံးမပေးခဲ့ပါသည်။

## (ဂ) ဗုဒ္ဓဝါဒ

ဗုဒ္ဓဝါဒသည် တစ်စုံတစ်ယောက်သောတန်ခိုးရှင်ကို မျက်စိမှိတ်ယုံကြည်ပြီး မှီခိုနေရသောဝါဒမျိုးမဟုတ်ပါ၊ အသိဉာဏ်နှင့်အကျင့်မပါသောယုံကြည်မှု(သဒ္ဓါ)ဟူသည် အသိဉာဏ်

စာသန်ဘုတ်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

(ပညာ)ပေါ်မှာ အခြေခံသည်၊ အသိဉာဏ်(ပညာ)အပေါ်မှာ အခြေခံသောယုံကြည်မှု(သဒ္ဓါ)သည် အကျင့်တရားပါရမည်၊ အကျင့်တရားပါမှ ချမ်းသာစစ်၊ ချမ်းသာမှန်ကိုရနိုင်သည်။

ဗုဒ္ဓဝါဒတွင် သဒ္ဓါကိုအရေးကြီးသော သဘာဝတရားတစ်ခုအနေနှင့်လက်ခံထားသည်၊ ဥပမာ-အနာရောဂါရနေသူသည် ဆေးကုပေးမည့်ဆရာ၏အရည်အချင်းနှင့် မေတ္တာ၊ ကရုဏာကိုယုံကြည်သကဲ့သို့ ပညာသင်ကြားနေသူသည် မိမိအားပညာသင်ကြားပေးနေသောဆရာ၏အရည်အချင်းနှင့်မေတ္တာ၊ ကရုဏာကို ယုံကြည်သကဲ့သို့ ဗုဒ္ဓသည် ဆင်းရဲအပေါင်းမှလွတ်မြောက်ရေးအတွက် မှန်ကန်သောလမ်းစဉ်များချပေးနေသူ၊ ဆေးကုသပေးနေသူ၊ သင်ကြားပေးနေသူ ဟူသော ယုံကြည်မှု(သဒ္ဓါ) ရှိရပါမည်၊ အားကိုးမှုရှိရပါမည်။

သတ္တဝါများစွာတို့၏သဘာဝသည် စည်းစိမ်ချမ်းသာ၊ အဖြာဖြာကို လိုလားတောင့်တကြ၍လည်းကောင်း၊ ဘေးအန္တရာယ်တစ်ခုခု ခြိမ်းခြောက်ခံရ၍လည်းကောင်း၊ အားထားကိုးကွယ်ရာ ရှာလေ့ရှိသည်၊ အားထားကိုးကွယ်ရာက မိမိကိုချမ်းသာစည်းစိမ်အမျိုးမျိုးပေးလိမ့်မည်၊ ဘေးအန္တရာယ် ကာကွယ်ပေးလိမ့်မည်ဟု ယုံကြည်မှုရှိကြသည်။

ဗုဒ္ဓ၏ဝါဒတွင် သင်တို့၏ကျူးလွန်ထားသောအပြစ်များကို ငါအားလုံး ဆေးကြောသုတ်သင်ပေးမည်၊ အပြစ်နှင့်ဆင်းရဲမှ

လွတ်မြောက်စေပြီး ချမ်းသာသောဘုံဌာနတစ်ခုသို့ ငါပို့ဆောင်ပေးမည်ဟူ၍ အာမခံချက်ပေးသည်မျိုး မရှိပါ။

-သစ်သီးစားချင်သူသည် သစ်ပင်ပေါ်မတက်ဘဲ သစ်ပင်ကိုရှိခိုးနေ၍မရ၊ သစ်ပင်ပေါ် တက်ရမည်။

-ဟိုဘက်ကမ်းသို့သွားလိုသူသည် ဟိုဘက်ကမ်း ငါ့ထံရောက်ပါစေဟု ဆုတောင်းနေ၍မရ၊ လှေရှာ၍ကူးရမည်သာ ဖြစ်သည်။

-အနာရောဂါပျောက်လိုသူသည် ဆရာဝန်ကိုရှိခိုးနေရုံမျှဖြင့် မပျောက်၊ ဆရာဝန်ညွှန်ကြားသောဆေးကို သောက်ရမည်။

-တစ်စုံတစ်၏ချမ်းသာမှုကို ပြုလုပ်ပေးနိုင်မှု၊ အပြစ်များဖယ်ရှားပေးနိုင်မှု၊ တန်ခိုးသတ္တိများကို ဗုဒ္ဓက မပေးနိုင်ပါ။

မိမိသည်သာလျှင် မိမိကိုယ်ကို ညစ်နွမ်းစေနိုင်ပြီး မိမိသည်ပင်လျှင် မိမိ၏သန့်ရှင်းရေးကိုဆောင်ရွက်နိုင်သည်၊ တစ်ယောက်က တစ်ယောက်ကို မကယ်နိုင်၊ အမိက သားကို မကယ်နိုင်၊ သားက အမိကိုမကယ်နိုင်ပါ။

ဒုစရိုက်(မကောင်းမှု)ဟူသည် အပြစ်လည်းသင့်သည်၊ ဆင်းရဲလည်းပေးတတ်သည်၊ သုစရိုက်(ကောင်းမှု)ဟူသည် အပြစ်ကင်းသည်၊ ချမ်းသာကိုပေးတတ်သည်။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ-တရားကျင့်သူကို တရားကပြန်၍စောင့်ရှောက်သည်၊ သို့အတွက် ချမ်းသာလိုလျှင် သုစရိုက်ကို ကျင့်သုံးရမည်၊ ဆင်းရဲကင်းလိုလျှင် ဒုစရိုက်ကို ရှောင်ရမည်။

မကောင်းမှုဟူသမျှ မပြုနှင့်။ (သဗ္ဗပါပဿအကရဏံ)
ကောင်းမှုနှင့်ပြည့်စုံကြစေ (ကုသလဿုပ သမ္ပဒါ)
စိတ်ကိုဖြူစင်အောင်ထား (သစိတ္တပရိယောဒါပနံ)
မိမိကိုယ်ကိုအားကိုးကြပါ (အတ္တဟာ အတ္တနော
နာထော
မိမိအလင်းကို မိမိတည်ဆောက်ပါ (အတ္တဒီပံ)
မိမိကိုယ်ကို မိမိကိုးကွယ်နိုင်ပါစေ (အတ္တသရဏာ)

"ကိုယ်ကျင့်သောတရားမှတစ်ပါး တစ်ခြားအားကိုးစရာမရှိ"
ဟူ၍ မိမိ၏ဝါဒကို ဟောကြားခဲ့သည်။

တစ်ဖန် ဗုဒ္ဓသည် ယုံကြည်မှုကိုသာ ဦးစားပေး၍ အသိဉာဏ်မပါသောဝါဒမဟုတ်၊ ထိုသို့ ယုံကြည်မှု(သဒ္ဓါ)နှင့်အသိဉာဏ်(ပညာ)ကို အခြေခံပြီး စကျင့်(စရဏ)ကိုကျင့်ရန် လိုအပ်သောဝါဒဖြစ်သည်။

ဗုဒ္ဓဝါဒသည် စစ်ရှုံးသူတစ်ယောက်က စစ်နိုင်သူ၏အမိန့်ကို နာခံရသော အည့်ခံဘဝမျိုး၊ ဝါဒမျိုးမဟုတ်ပါ၊ ဗုဒ္ဓဝါဒသည်

လွတ်လပ်စွာတွေးခေါ်ကြံစည် စဉ်းစားဝေဖန်ခြင်းကို ခွင့်ပြုသော (ဝိအဋ္ဌ)ဝါဒဖြစ်သည်။

ဗုဒ္ဓက သူ၏ဝေဖန်မှုဝါဒကို ကာလာမမင်းသားအား အောက်ပါအတိုင်း ထုတ်ဖော်ပြောကြားခဲ့သည်-

-အဆင့်ဆင့်ပြောဆိုလာခဲ့တဲ့ ရှေးစကားကြားရုံမျှနှင့်လဲ ဝါဒတစ်ခုကို လက်မခံလိုက်နှင့်ဦး။

-အစဉ်အဆက်ကျင့်သုံးလာခဲ့တဲ့ ဓလေ့ထုံးစံအားလုံးနှင့် ညီလိုမှန်တယ်ထင်ပြီး သိမ်းကျုံးလက်မခံလိုက်နှင့်ဦး

-သူတစ်ပါးပြောတိုင်းလည်း မစုံစမ်းမဆင်ခြင်ဘဲ လက်မခံလိုက်နှင့်ဦး

-စာအုပ်စာပေ ရေးသားထားသည့်အတိုင်း အားလုံးမှန်သည် ဆိုပြီး လက်မခံနှင့်ဦး

-မိမိတွေးတောကြံဆလိုပေါ်လာတဲ့ အတွေးအခေါ်နှင့် တူလို့ မှန်တယ်လို့မယူဆနှင့်ဦး

-မှိုရာနည်းတွေကို အဲဒီနည်းတွေမှန်တယ်ဆိုပြီး လက်မခံနှင့်ဦး။

-မိမိအကြံအစည်အတွေးအခေါ်ကို မိမိဘာသာ အကြောင်းအထောက်အထားပေးပြီး ခိုင်လုံလှပြီဆိုပြီး မယူလိုက်နှင့်ဦး

-မိမိကြိုတင်စဉ်းစားထားသောအယူအဆနှင့် တစ်စုံတစ်ယောက် ဟောပြောရေးသားချက်အယူအဆ ကိုက်ညီတယ်ဆိုပြီး လက်မခံပါနှင့်ဦး

-ထင်ရှားကျော်ကြားပြီး လူအများလေးစားခံရတဲ့ပုဂ္ဂိုလ်ရဲ့စကားပဲဆိုပြီးလည်း လက်မခံပါနှင့်ဦး

-ငါတို့လေးစားသောဆရာရဲ့စကားဘဲဆိုပြီးတော့လဲ လက်မခံပါနှင့်ဦး

ဤတရားတို့ကား စက်ဆုပ်ဖွယ်တရား၊ မကောင်းသောအကျင့်တရားသူတော်ကောင်းများကဲ့ရဲ့သော အကျင့်ပါတကားဟု မိမိကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နှင့်သိအောင်ကြိုးစားပါ။

သိပြီးသောအခါ ထိုအကျင့်တရားများသည် ဆင်းရဲမည်၊ အကျိုးမဲ့ဖြစ်မည်ကိုသိရှိပါက ပယ်လိုက်ကြပါ။

ကိုယ်ပိုင်ဉာဏ်ဖြင့် ဤအကျင့်တရားကား အပြစ်ကင်း၍ သန့်ရှင်းသောတရား၊ ကောင်းကျိုးချမ်းသာဖြစ်မည့်တရား ပညာရှိတို့ချီးမွမ်းအပ်သောအကျင့်တရားဟုသိပါက ထိုအကျင့်တရားကိုကျင့်ကြပါ

ဟု လမ်းညွှန်ထားရာ ဗုဒ္ဓဝါဒသည် မျက်စိမှိတ်ယုံကြည်သူများကို မျက်စိပွင့်စေပါသည်၊ တွေဝေနေသူများကို ကြည်လင်တတ်ကြွစေပါသည်။

ဗုဒ္ဓဝါဒသည် အသိဉာဏ်မှန်ကန်မှု(သမ္မာဒိဋ္ဌိ)အယူအဆ အတွေးအခေါ်မှန်ကန်ဖို့ (သမ္မာသင်္ကပ္ပ)စသော မဂ္ဂင်(၈)ပါး အကျင့်ဖြစ်ပါသည်၊ ဤကျင့်စဉ်ကိုကျင့်နိုင်ရန် မိမိ၏စိတ်၊ စေတသိက်စွမ်းရည်သတ္တိကို လွတ်လပ်စွာအသုံးချပြီး ကျင့်ဆောင်နိုင်ရန် လမ်းညွှန်ထားပါသည်။

ထိုသို့ကျင့်နိုင်ပါက ဆင်းရဲအမှန်များ၊ ဆင်းရဲဖြစ်ရာ၊ တရားခံ၊ ဆင်းရဲလွတ်မြောက်ရာအမှန်ကိုသိမည်ဖြစ်ပါသည်။

ဤသည်မှာ ဗုဒ္ဓဂေါတမ၏ဝါဒလမ်းစဉ်ဖြစ်ပါသည်။

ဤဝါဒနှင့်လမ်းစဉ်မျိုးသည် ဤကမ္ဘာပေါ်တွင်ပေါ်ခဲ့သောဘုရားတုအမည်ခံခဲ့သောပုဂ္ဂိုလ်များအနက် မည်သည့်ဘုရားမှာမှမရှိပါ။

ဗုဒ္ဓ၏ဝါဒသည် ယနေ့ခေတ်ပြောဆိုနေသော ဒီမိုကရေစီဟူသော လွတ်လပ်စွာ တွေးခေါ်ပြောဆိုခွင့်ဝါဒနှင့် ယနေ့ခေတ်မှီကိုက်ညီလျက်ရှိနေသည်ကို တွေ့ရပါမည်။

## ဗုဒ္ဓသာသနာ

ဗုဒ္ဓသာသနာဟူသောစကားသည် ဗုဒ္ဓ၏အထက်ပါဆုံးမတော်မူချက်များကိုပင် ခေါ်ဆိုခြင်းဖြစ်ပါသည်၊ တစ်နည်း ဗုဒ္ဓသာသနာတော်သည် ဗုဒ္ဓ၏ဒေသနာတော်ပင်ဖြစ်သော်လည်း ထို

ဒေသနာကိုအကြောင်းပြု၍ဖြစ်ပေါ်လာသောဒေသနာတော် အတိုင်းကျင့်သုံးခြင်း၊ ကျင့်သုံး၍အမှန်တရားကိုသိမြင်ခြင်းတို့ သည်လည်း ထိုဒေသနာ၏အကျိုးဖြစ်၍ ဗုဒ္ဓသာသနာတော်၏ အစိတ်အပိုင်းမျှသာဖြစ်ပါသည်။

ထို့ကြောင့် ဗုဒ္ဓသာသနာသည်-

၁။ ပရိယတ္တိသာသနာ - ဆုံးမချက်ဒေသနာများ

၂။ ပဋိပတ္တိသာသနာ - ဆုံးမချက်အရကျင့်သုံးမှုများ

၃။ ပဋိဝေဓသာသနာ - ဆုံးမချက်အရကျင့်သုံး၍သိမြင်မှု များပင်ဖြစ်ပါသည်။

ဤသာသနာသုံးရပ်ကို အလုပ်သဘောအရဆက်စပ်ခဲ့ပါ လျှင် ဗုဒ္ဓသာသနာသည် တတ်သိနားလည်အောင်သင်ကြားမှု ကျင့်ကြံအားထုတ်မှု၊ သိမြင်မှု(၃)မျိုးပင်ဖြစ်၍ တရားအမှန်(သစ္စာ) ကိုသိမြင်မှုမှာ လိုရင်းအဓိကဖြစ်ပါသည်။

-အသိမှန်ရရှိမှုအတွက် အကျင့်မှန်ကျင့်မှုရှိရမည်။

-အကျင့်မှန်ကျင့်နိုင်မှုအတွက် ဒေသနာမှန်ရှိရမည်။

-ဒေသနာမှန်နှင့်အကျင့်မှန်ရှိပါမှ ချမ်းသာသုခကိုရရှိ ခံစားနိုင်ပါမည်။

ဤသာသနာသုံးရပ်တွင် ပရိယတ္တိသာသနာခေါ်သော ဒေသနာတော်များသည် မူလအကြောင်းရင်းဖြစ်ပြီး ပဋိဝေဓ သာသနာခေါ် သစ္စာတရားမှန်ကိုသိမြင်ခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန်ရခြင်း

သည် လိုရင်းအကျိုးဖြစ်သည်သာမက ပရိယတ္တိသာသနာတော်၏တည်ရာပိဋကတ်စာပေများသည်လည်း အကြောင်းအကျိုးဆက်စပ်သောအားဖြင့် ပရိယတ္တိသာသနာတော်ပင်ဖြစ်ပါသည်။

အမှန်အားဖြင့်ဆိုရသော် ဗုဒ္ဓ၏ဆုံးမချက်ဩဝါဒများသည် ပရိယတ္တိသာသနာတော်အစစ်ဖြစ်၍ ထိုဩဝါဒတော်များကို အက္ခရာသင်္ကေတဖြင့်အမှတ်အသားပြုထားသော ပါဠိတော်များသည်ကား အနက်အဓိပ္ပာယ်ကိုအကြောင်းပြု၍တင်စားခေါ်ဝေါ်အပ်သောပရိယတ္တိသာသနာတော်သာဖြစ်ကြပါသည်။

ထို့ကြောင့် သာသနာတော်ထွန်းလင်းသည်၊ ပြန့်ပွားသည် ဆိုသောစကားမှာ ဒေသနာတော်စာပေများကိုသင်ကြားမှု၊ ဒေသနာတော်အတိုင်းကျင့်သုံးမှု၊ ကျင့်သုံးသည့်အတိုင်း သိမြင်မှု (တရားပေါက်မှု)သုံးပါးလုံးတို့နှင့်ပတ်သက်နေသည့်အတိုင်း သာသနာတော်ထွန်းလင်းပြန့်ပွားလိုလျှင် ပိဋကတ်ဒေသနာတော်များကိုခေတ်နှင့်အညီသင်ကြားပို့ချ၊ လေ့လာ၊ သုံးသပ်၊ ဟောပြောနေကာမျှဖြင့် မလုံလောက်သေးဘဲ သစ္စာသိမှု၊ ပဋိဝေဓတိုင်အောင် ကြိုးပမ်းမှုသာလျှင်ဗုဒ္ဓ၏အလိုကျဖြစ်ပါမည်။

အချုပ်ဆိုရသော် ဗုဒ္ဓသည် သတ္တဝါဝေနေယျတို့အကျိုးစီးပွားအလို့ငှာ ၄၅-ဝါကာလပတ်လုံး မနားမနေဟောပြောခဲ့သောဆုံးမခဲ့သောတရားတော်များကို ဗုဒ္ဓသာသနာဟူ၍ခေါ်ဆို၍ ဗုဒ္ဓ၏ဓမ္မဒေသနာများကို သင်ယူခြင်းသည် ပရိယတ္တိသာသနာ၊

ခုတင်(၁၃)ပါး၊ ဝတ္တက္ခန္ဓက၌ ဟောတော်မူအပ်သော ဝတ် ၁၄-ပါး၊ သီလအကျင့်၊ သမာဓိအကျင့်၊ ပညာအကျင့်တရား တို့သည် ဗုဒ္ဓဟောကြားတော်မူသည့်အတိုင်း ကျင့်ကြံလိုက်နာ အပ်သောတရားများဖြစ်သောကြောင့် ပဋိပတ္တိသာသနာ၊

မဂ်လေးပါး၊ ဖိုလ်လေးပါး၊ သစ္စာလေးပါး၊ နိဗ္ဗာန်တရား တို့သည်ထိုးထွင်း၍သိမြင်အပ်သောကြောင့် ပဋိဝေဓသာသနာ၊

ထိုသာသနာ(၃)ရပ်တွင် ပရိယတ္တိသာသနာသည် အရင်းမူလပဓာနဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓနှင့်ဗုဒ္ဓသာသနာတော်နှင့်ပတ်သက်၍ သုတေသီများသည် ဗုဒ္ဓနှင့်ဗုဒ္ဓသာသနာအကြောင်းကိုခွဲခြမ်းစိတ် ဖြာလေ့လာသုံးသပ်ဆင်ခြင်ပြီး ကျင့်ကြံအားထုတ်ရန် ဟောပြော ပို့ချ ဖြန့်ဖြူးရန်လိုအပ်လှပါသည်။

## (င) သံဂါယနာနှင့် ဗုဒ္ဓဒေသနာတော်များစုစည်းထားမှု

ဝေနေယျသတ္တဝါတို့၏အကျိုးစီးပွားအလို့ငှာ (၄၅)ဝါ ပတ်လုံး မနားမနေ ဓမ္မဒေသနာတော်များကိုဟောကြားခဲ့သော ဗုဒ္ဓသည် သက်တော်(၈၀)၌ မဟာသက္ကရာဇ်(၁၄၈)ခု၊ ကဆုန် လပြည့်နေ့၊ အရုဏ်တက်ချိန်တွင် မလ္လမင်းတို့၏အင်ကြင်းဥယျာဉ် ၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့ပါသည်။

ဗုဒ္ဓပရိနိဗ္ဗာန်စံရာသို့ ရှင်မဟာကဿပမထေရ်ကြီးသည် ကြွလာခဲ့ရာ မိမိ၏တပည့်သုဘဒ္ဒမည်သောတောထွက်ရဟန်းကြီး က ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်၍ ပူထုဇဉ်၊ သောတာပန်ရဟန်းတို့ငိုယို သည်ကိုမြင်၍-

"ငါ့ရှင်တို့ . . မငိုကြွေး၊ မပူဆွေးကြနှင့်၊ ငါတို့သည် ထိုရဟန်းကြီးဂေါတမလက်မှလွတ်ကြပြီ၊ သူရှိစဉ်က ဒါကိုမလုပ်ကြ နှင့်၊ ဒါကိုလုပ်ကြ၊ ဒါကသင်တို့နှင့်မဆိုင် မအပ်စပ်ဘူး၊ စသည် ဖြင့် အမျိုးမျိုးချုပ်ချယ်ခဲ့သည်၊ ယခုမူ လုပ်ချင်ရာလုပ်နိုင်ကြပြီး ထို့ကြောင့် ငါ့ရှင်တို့ငိုမနေကြနှင့်"

ဟုဝမ်းသာအားရ ရွှင်ပြသောအမူအရာဖြင့်ပြောဆိုသည်။

ထိုစကားကို အရှင်မဟာကဿပကြား၍ လွန်စွာစိုးရိမ် ထိတ်လန့်လျက် ဓမ္မသံဝေဂရခဲ့သည်။

"သြော်. . . ဗုဒ္ဓပရိနိဗ္ဗာန်ပြု၍မှ ၇-ရက်လောက်ပဲရှိ သေးသည် ဗုဒ္ဓ၏တရားတော်များ၊ ဝိနည်းတော်များကိုနှောင့်ယှက် ဖျက်ဆီးမည့်သူများပေါ်ပေါက်နေပါပြီကောလား၊ ဓမ္မဝိနယများ ကို အဓမ္မ အဝိနယဖြစ်အောင်ပြုလုပ်မည့်သူများ၊ အင်အား မကောင်းသေးခင် ငါသည် ဗုဒ္ဓ၏တရားတော်များကို စနစ်တကျ စုစည်း၍သံဂါယနာတင်ရမှုကောင်းပေလိမ့်မည်၊

ဗုဒ္ဓ၏တရားတော်များသည် မသီကုံးရသေးသောပန်း များနှင့်တူနေသည်၊ မသီကုံးရသေးသောပန်းများသည် လေတိုက်

ပါက လွင့်မသွားနိုင်သကဲ့သို့ စနစ်တကျမစုစည်းရသေးသော ဗုဒ္ဓ၏တရားတော်များသည်လည်း အဓမ္မဝါဒီတို့ကြောင့် လွင့်စင်ပျောက်ကွယ်သွားနိုင်သည်၊ ထိုသို့လွင့်စင်ပျောက်ကွယ်မသွားနိုင်ရန် စနစ်တကျကြိုးဖြင့်သီကုံးသကဲ့သို့ သဘောတူရာစုစည်းသီကုံးထားသင့်သည်၊ ဤတာဝန်သည် ငါ့တာဝန်ဖြစ်သည်၊ ဗုဒ္ဓ၏သာသနာတော်တွင် အဂ္ဂသာဝကနှစ်ပါးသည်လည်း ပရိနိဗ္ဗာန်ပြုသွားပြီးဖြစ်သည်၊ ဤအချိန်တွင် ငါသည် တာဝန်အရှိဆုံးသူဖြစ်သည်၊ ဗုဒ္ဓ၏ဂုဏ်တော်၊ ကျေးဇူးတော်ကိုပူဇော်သောအား၊ ဆပ်သောအားဖြင့် ဤတာဝန်ကြီးကိုငါထမ်းဆောင်ရမည်”

ဟု မထေရ်ကြီးကဆုံးဖြတ်တော်မူပြီး မိမိကို ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က မြှောက်စားခဲ့သည်ကိုလည်းမြင်ယောင်မိခဲ့သည်။

ရှင်မဟာကဿပသည် ဗုဒ္ဓ၏ခန္ဓာတေဇောဓာတ်လောင်ပြီး ဓာတ်တော်များခွဲဝေမှုပြီးသောအခါ စည်းဝေးရောက်လာသောသံဃာတော်တို့အား သုဘဒ္ဒရဟန်းအိုကြီး၏စကားကိုပြန်လည်မိန့်ကြားတော်မူပြီး သံဂါယနာတင်ရန်စီစဉ်တော်မူသည်။

အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ၊ အရှင်ဥပါလိစသော ဆဋ္ဌာဘိညပဋိသမ္ဘိဒါပတ္တ၊ ရဟန္တာမထေရ်ကြီး(၅၀၀)တို့သည် အဇာတသတ်မင်း၏အကူအညီဖြင့် ရာဇဂြိုဟ်ပြည် သတ္တပဏ္ဏိလိုဏ်ဂူဝယ် (၇)ရက်တိုင်တိုင် ဓမ္မ၊ ဝိနယတို့ကို စနစ်တကျစိစစ်တော်မူပြီး စုပေါင်းရွတ်ဆိုကာ သံဂါယနာတင်အတည်ပြုတော်မူခဲ့ကြသည်။

ဓမ္မဒေသနာတော်များကို သဘောတူရာ တူရာ စနစ်တကျစုစည်းသီကုံး ထုံးဖွဲ့တော်မူခဲ့ကြသည်။

ဗုဒ္ဓ၏ဓမ္မဒေသနာပန်းများစွာကို ပိဋကခေါ် ခြင်းတောင်းကြီး(၃)လုံး၌ ခွဲ၍ထည့်တော်မူသည်။

ပန်းကောက်သူသည် အရောင်မျိုးစုံ၊ အပွင့်မျိုးစုံ၊ ပန်းပုံကြီးထဲမှပန်းများကို သဘောသဘာဝတူမျှရာပန်းတို့ကိုရွေးထုတ်၍ ခြင်းတောင်းကြီး(၃)လုံးထဲထည့်သကဲ့သို့ ဗုဒ္ဓ၏ပညတ်ချက်သိက္ခာပုဒ်တော်များကိုစုစည်းရွေးနုတ်၍ ဝိနယ ပိဋကဟူသော ဝိနည်းခြင်းတောင်းကြီးထဲသို့ထည့်သွင်းတော်မူသည်။

တာဝတိံသာနတ်ပြည်ဝယ် ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခဲ့သော အဘိဓမ္မာဒေသနာတော်ပန်းများကို အဘိဓမ္မာပိဋကဟူသော တောင်းကြီးထဲသို့ထည့်သွင်းတော်မူသည်။

လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့အား ၄၅-ဝါပတ်လုံး ဟောကြားခဲ့သမျှ ကျန်ဓမ္မဒေသနာများကို သုတ္တန္တပိဋက ဟူသောခြင်းတောင်းကြီးထဲသို့ထည့်တော်မူခဲ့သည်။

ဤသို့လျှင် သဘောတူရာတောင်းကြီး(၃)လုံး ပိဋကတ်(၃)ပုံကိုခွဲဝေထားတော်မူခဲ့ပါသည်။

ပထမသံဂါယနာတွင် အရှင်မဟာကဿပဦးဆောင်သော သံဂါယနာတင်မထေရ်တို့၏စုစည်းသတ်မှတ်ခဲ့သောအစဉ်အလာမှာ-

## ၁။ ရသအားဖြင့် ဝိမုတ္တိရသတစ်ပါး

ရသဆိုသည်မှာ သာယာအပ်သောသဘောအရသာပင် ဖြစ်၍ ဗုဒ္ဓ၏ဒေသနာတော်အားလုံးသည် အရသာအားဖြင့် တစ်မျိုးသာဖြစ်သည်၊ ထိုအရသာမှာ ကိလေသာအပူဓာတ်မှငြိမ်းအေးခြင်း ဝိမုတ္တိရသတစ်မျိုးဖြစ်ပါသည်။

## ၂။ ဓမ္မ ဝိနယ နှစ်ပါး

သဘာဝဓမ္မနှင့်ဝိနည်းစည်းမျဉ်းဥပဒေ ဟုအဓိပ္ပာယ်ရှိပါသည်၊ ဗုဒ္ဓ၏ဒေသနာတော်အားလုံးသည် သဘာဝဓမ္မကိုဟောကြားသောဒေသနာမျိုးနှင့်စည်းမျဉ်းဥပဒေဝိနည်းကိုဟောကြားသောဒေသနာမျိုးအားဖြင့် အကျဉ်းချုပ်ခွဲဝေသော် ၂-မျိုးသာရှိပါသည်။

## ၃။ ပိဋကတ်သုံးပုံ

ပိဋကတ်ဆိုသည်မှာ သင်ယူအပ်သောအရာ၊ တည်ရာဖြစ်သောအရာဟုအဓိပ္ပာယ်ရှိသဖြင့် ဗုဒ္ဓ၏ဒေသနာတော်အားလုံးသည် သင်စုသဘောအားဖြင့်(ဝါ)အဓိပ္ပာယ်တည်နေပုံအားဖြင့်-

၁။ သုတ္တန္တပိဋကတ်ခေါ် နည်းပြသင်စု နည်းပြတည်ရာတစ်မျိုး
၂။ ဝိနယပိဋကတ်ခေါ် ဝိနည်းဥပဒေသင်စု ဥပဒေတည်ရာတစ်မျိုး
၃။ အဘိဓမ္မာပိဋကတ်ခေါ် သဘာဝတရားထူးသင်စု သဘာဝတရားထူးတည်ရာတစ်မျိုး

ဝိနည်းပိဋကတ်၌-

၁။ ပါရာဇိကတ်

၂။ ပါစိတ်

၃။ မဟာဝါ

၄။ စူဠဝါ

၅။ ပရိဝါ

ဟူ၍ ကျမ်း(၅)ကျမ်းရှိသည်၊ ယင်းကို ဝိနည်း(၅)ကျမ်းဟုခေါ်ပါသည်၊ စာအုပ်အရေအတွက် (၅)အုပ်ရှိသည်။

အဘိဓမ္မာပိဋကတ်၌-

၁။ ဓမ္မသင်္ဂဏီ

၂။ ဝိဘင်္ဂ

၃။ ဓာတုကထာ

၄။ ပုဂ္ဂလပညတ်

၅။ ကထာဝတ္ထု

၆။ ယမိုက်

၇။ ပဋ္ဌာန်း ဟူ၍ ကျမ်းအားဖြင့် (၇)ကျမ်း၊ စာအုပ်အရေအတွက်အားဖြင့် ၁၂-အုပ်ရှိသည်။

သုတ္တန္တပိဋကတ်၌-

(က)ဒီဃနိကာယ်(၃)ကျမ်း(ရှည်သောသုတ်မှာ)

၁။ သီလက္ခန္ဓဝဂ် (၁၃)သုတ်

၂။ မဟာဝဂ် (၁၀)သုတ်

၃။ ပါထေယျဝဂ်(၁၁)သုတ်

စုစုပေါင်း (၃၄)သုတ်ပါဝင်ပါသည်။

(ခ) မဇ္ဈိမနိကာယ်(၃)ကျမ်း (အလတ်စားသုတ်မှာ)

၁။ မူလပဏ္ဏာသ (အောက်ခြေငါးဆယ်)

သုတ်ပေါင်း (၅၀)

၂။ မဇ္ဈိမပဏ္ဏာသ (အလယ်ငါးဆယ်)

သုတ်ပေါင်း (၅၂)

၃။ ဥပရိပဏ္ဏာသ (အထက်ငါးဆယ်)

သုတ်ပေါင်း (၅၀)

စုစုပေါင်းသုတ်(၁၅၂)သုတ်ရှိ၍ ယင်းကိုပဏ္ဏာသ(၃) ကျမ်းဟူ၍ခေါ်ပါသည်၊ သုတ်တို့ကို(၁၅)အုပ်စုခွဲခြားထားသည်။

(ဂ) သံယုတ္တနိကာယ်(၅)ကျမ်း (စပ်နွယ်သုတ္တန်စု)

၁။ သဂါထာဝဂ္ဂ (ဂါထာပါသောစု)

၂။ နိဒါနဝဂ္ဂ (အကြောင်းတရားစု)

၃။ ခန္ဓဝဂ္ဂ (ခန္ဓစု)

၄။ သဠာယတနဝဂ္ဂ(အာယတနခြောက်ပါးစု)

၅။ မဟာဝဂ္ဂ (အစုကြီး)

ကျမ်းအားဖြင့်(၅)ကျမ်း၊ သံယုတ်အမျိုးအစားပေါင်း ၅၆-မျိုး၊ ဝဂ်အားဖြင့် ၂၂၉-ဝဂ်၊ သုတ်အားဖြင့် ၇၇၆၂ ရှိပါသည်၊

စာအုပ်(၃)အုပ်ရှိသည်။

(ဃ) အင်္ဂုတ္တရနိကာယ်(အင်္ဂါလွန်သုတ္တန်စု) ၁၁-ကျမ်း

၁။ ဧကအင်္ဂုတ္တိုရ် (အင်္ဂါတစ်ပါးလွန်)

၂။ ဒုကအင်္ဂုတ္တိုရ် (အင်္ဂါနှစ်ပါးလွန်)

၃။ တိကအင်္ဂုတ္တိုရ် (အင်္ဂါသုံးပါးလွန်)

၄။ စတုက္ကအင်္ဂုတ္တိုရ် (အင်္ဂါလေးပါးလွန်)

၅။ ပဉ္စကအင်္ဂုတ္တိုရ် (အင်္ဂါငါးပါးလွန်)

၆။ ဆက္ကအင်္ဂုတ္တိုရ် (အင်္ဂါခြောက်ပါးလွန်)

၇။ သတ္တကအင်္ဂုတ္တိုရ် (အင်္ဂါခုနှစ်ပါးလွန်)

၈။ အဋ္ဌကအင်္ဂုတ္တိုရ် (အင်္ဂါရှစ်ပါးလွန်)

၉။ နဝကအင်္ဂုတ္တိုရ် (အင်္ဂါကိုးပါးလွန်)

၁၀။ ဧကာဒသကအင်္ဂုတ္တိုရ်(အင်္ဂါဆယ်ပါးလွန်)

ကျမ်းအားဖြင့် (၁၁)ကျမ်း၊ သုတ်အရေအတွက်(၉၅၅၇) သုတ်ရှိပါသည်၊ စာအုပ်အရေအတွက်(၃)အုပ်ရှိသည်။

(င) ခုဒ္ဒကပါဠ (ခုဒ္ဒကနိကာယ်) (သုတ်ငယ်စု)

(ရှေးပိဋကတ် ၂-ပုံမှကြွင်းသော ခုဒ္ဒကနိကာယ် (၁၅)ကျမ်း)

၁။ ခုဒ္ဒကပါဌ

၂။ ဓမ္မပဒ

၃။ ဥဒါန

၄။ ဣတိဝုတ္တက

၅။ သုတ္တနိပါ

၆။ ဝိမာန

၇။ ပေတ ၈။ ထေရ

၉။ ထေရီ ၁၀။ ဇာတက

၁၁။ နိဒ္ဒေသ(စူဠနိဒ္ဒေသ၊ မဟာနိဒ္ဒေသ)

၁၂။ ပဋိသမ္ဘိဒါ

၁၃။ အပါဒါန (ထေရာပါဒါန် ထေရီအပါဒါန်)

၁၄။ ဗုဒ္ဓဝင်

၁၅။ စရိယပိဋက

ဤ(၁၅)ကျမ်းနှင့်ဝိနည်း(၅)ကျမ်း၊ အဘိဓမ္မာ(၇)ကျမ်း အားဖြင့် (၂၇)ကျမ်းရှိပါသည်။

ထို(၂၇)ကျမ်းတွင်-

၁။ သုတ္တသင်္ဂဟကျမ်း

၂။ နေတ္တိကျမ်း

၃။ ပေဋကောပဒေသကျမ်း

၄။ မိလိန္ဒပဥှာကျမ်း ထည့်သွင်းပါက (၃၁)ကျမ်းဖြစ်လာပါသည်၊ စာအုပ်အရေအတွက်(၁၁)အုပ်ဖြစ်သည်။

ဤသို့လျှင် ပိဋကတ်(၃)ပုံ၊ နိကာယ်(၅)ရပ်အားဖြင့် ဗုဒ္ဓတရားတော်များအပြည့်အစုံကို သံဂါယနာတင် မထေရ်တို့က မှတ်တမ်းတင်ခဲ့ပြီး အဆင့်ဆင့်လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသဖြင့် ယင်းတို့ကို ထေရဝါဒ ထေရဝါဒပိဋကဟူ၍ခေါ်တွင်ခဲ့သည်။

ပါဠိတော်ကျမ်းစာအရေအတွက်(၅၁)၊ စာအုပ်ပေါင်း အုပ်ရေ ၄၀၊ စာမျက်နှာအားဖြင့် (ဆဋ္ဌသံဂါယနာမူအရ)၁၆၇၅၅ မျက်နှာရှိပါသည်။

ထိုပါဠိတော်အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုသောကျမ်းများကို အဋ္ဌကထာကျမ်းဟုခေါ်ပါသည်၊ အဋ္ဌကထာကျမ်းပေါင်း(၅၄) ကျမ်းရှိပါသည်၊ စာအုပ်ပေါင်း(၅၂)ရှိသည်။

ထိုအဋ္ဌကထာကျမ်းများကို ထပ်ဆင့်ဖွင့်ဆိုအကျယ်ချဲ့ပြသောကျမ်းများကို ဋီကာကျမ်းဟူ၍ခေါ်ဆိုပါသည်၊ ဋီကာကျမ်း (၄၄)ကျမ်းရှိ၍ စာအုပ်(၂၂)အုပ်ရှိပါသည်။

ဋီကာရင်းတွင် မထင်လွယ်သည်တို့ကိုထင်လွယ်အောင် ထပ်ဆင့်၍အသေးစိတ်ဖွင့်ပြသောကျမ်းကို အနုဋီကာဟုခေါ်သည်။

အဘိဓမ္မာအဋ္ဌကထာ(၇)ကျမ်းတို့၏အဖွင့်ကို မူလဋီကာဟုခေါ်ပြီး ထိုမူလဋီကာ၏အဖွင့်ကို အနုဋီကာဟုခေါ်ပါသည်။

ဋီကာရင်းတွင် ကျန်နေသည့်အနက်အဓိပ္ပာယ်များနှင့် မသိမသာတို့ကို ဋီကာရင်းနှင့်ပေါင်း၍ ပျားရည်သဖွယ်ချိုမြိန်သည့်အရသာပေါ်အောင် ထပ်ဖွင့်ပြသောကျမ်းကို မဓုဋီကာ ဟုခေါ်ပါသည်။

လက်ချောင်းတို့တွင် လက်သန်းသည်အသေးငယ်ဆုံးဖြစ်သကဲ့သို့ အကျဉ်းချုပ်လိုရင်းမျှကိုသာပြသော(အမြွက်မျှပြသောကျမ်း)ကို လက်သန်းဟုခေါ်သည်။

ဋီကာ အနု-မဝုတို့ကဲသို့ ပုဒ်စဉ်ပါဠိလျှောက်မဖွင့်ဘဲ တိမ်မြုပ်သောခက်ရာခက်ဆစ်လောက်ကိုသာညွှန်ပြသောကျမ်းကို ဂဏ္ဌိ ဟုခေါ်သည်။

အဋ္ဌကထာ၏သဒ္ဒါသဘော၊ အနက်သဘော၊ သဒ္ဒါ အနက်နှစ်ပါးစုံကို ယှဉ်ပြသောကျမ်းကို ယောဇနာကျမ်းဟု ခေါ်ပါသည်။

ဗုဒ္ဓ၏တရားတော်များကို စုစည်းသံဂါယနာတင်တော်မူပြီးကြသောအခါ မပျောက်မပျက်မယိုမယွင်းရလေအောင် ငုံ့ဆောင်ခဲ့ကြသည်။

- ဝိနည်းပိဋကတ်သည် ဘာဏဝါရ(ရွတ်ဆိုသောအကြိမ်တစ်ကြိမ်ရွတ်)အားဖြင့် ၁၆၉ ဘာဏဝါရအတိုင်းအရှည်ရှိသည်။
- ဒီဃနိကာယ်သည် ဘာဏဝါရ ၆၄ ရှိသည်။
- မဇ္ဈိမနိကာယ်သည် ဘာဏဝါရ ၈၀ ရှိသည်။
- သံယုတ္တနိကာယ်သည် ဘာဏဝါရ ၁၀၀ ရှိသည်။
- အင်္ဂုတ္တရနိကာယ်သည် ဘာဏဝါရ ၁၂၀ ရှိသည်။
- အဘိဓမ္မာပိဋကတ်သည် ဘာဏဝါရ ၁၄၃ ရှိသည်။

၄။ နိကာယ်(၅)ရပ်

နိကာယအစုအပေါင်းဟူသောအဓိပ္ပာယ်ရသည်။

ပိဋကတ်(၃)ပုံကို နိကာယအားဖြင့်ခွဲသော်-

(၁) ဒီဃနိကာယ

(၂) မဇ္ဈိမနိကာယ

(၃) သံယုတ္တနိကာယ

(၄) အင်္ဂုတ္တရနိကာယ

(၅) ခုဒ္ဒကနိကာယ

ဟူ၍ (၅)မျိုးခွဲခြားရေတွက်သည်။

**၅။ အင်္ဂါ(၉)တန်**

အင်္ဂါဆိုသည်မှာ အစိတ်အပိုင်းဖြစ်သည်၊ ဗုဒ္ဓ၏ဒေသနာတော်များကို တစ်ခုတည်းကိုယ်ထည်ပြု၍ သင့်လျော်ရာအင်္ဂါအစိတ်အပိုင်းများကိုခွဲထုတ်သော် အစိတ်အပိုင်း(၉)မျိုးရှိပါသည်၊ ထိုအင်္ဂါတို့မှာ-

၁။ သုတ္တ -မင်္ဂလသုတ်၊ ရတနသုတ်စသောသုတ်အမည်ရသောအစိတ်အပိုင်း

၂။ ဂေယျ -သဂါထာဝဂ္ဂသံယုတ်စသော စုဏ္ဏိယနှင့်ဂါထာ (စကားပြေနှင့်အဖွဲ့အနွဲ့-ဗန္ဓ)ရောစပ်သော အစိတ်အပိုင်းမျိုး

၃။ ဝေယျာကရဏ-အဘိဓမ္မာပိဋကတ်စသော ဂါထာဗန္ဓမပါ စကားပြေ သက်သက်ဖြစ်သောအစိတ်အပိုင်းမျိုး

၄။ ဂါထာ -ဓမ္မပဒ၊ ထေရီဂါထာ၊ ထေရဂါထာစသော အဖွဲ့ဗန္ဓဂါထာသက်သက်အစိတ်အပိုင်းမျိုး

၅။ ဥဒါန်း -ဝမ်းမြောက်ကြည်နူး၍ရွတ်ဆိုသောသုတ်ပေါင်း ၈၂-သုတ်ဟူသောဝမ်းမြောက်စကားအစိတ်အပိုင်းမျိုး

၆။ ဣတိဝုတ် -မြတ်စွာဘုရားသည် ဤသို့ဟောကြားခဲ့သည်စသည်ဖြင့်လာသောသုတ်ပေါင်း(၁၁၀) ဟူသော ဒေသနာအင်္ဂါအစိတ်အပိုင်းမျိုး

၇။ ဇာတက -ဤသို့ဖြစ်ခဲ့သည်ဟု ရှေးအဖြစ်ဇာတ်ကိုဖော်ပြသော(၅၅၀)ဒေသနာအင်္ဂါအစိတ်အပိုင်းမျိုး

၈။ အဗ္ဘုတဓမ္မ -အာနန္ဒာ၊ အံ့သြဖွယ်၊ ထူးဆန်းသည့်တရားတို့မှာ ဤလေးပါးပင်ဖြစ်တော့သည်စသည်ဖြင့် ဟောတော်မူသော အံ့ဖွယ်တရားနှင့်ပတ်သက်သောအစိတ်အပိုင်းမျိုး

၉။ ဝေဒလ္လ -စူဠဝေဒလ္လ၊ မဟာဝေဒလ္လ၊ သမ္မာဒိဋ္ဌိ၊ သက္ကပဉှာသုတ်စသောနှစ်သက်ခြင်းနှင့်တကွ အသိဉာဏ်ရရှိစေသော ပြဿနာဖြေရှင်းချက်အစိတ်အပိုင်းမျိုး

၆။ ဓမ္မက္ခန္ဓာ ၈၄၀၀၀

ဓမ္မက္ခန္ဓာဟူသည် တရားချက်ပေါင်း ဟုအဓိပ္ပာယ်ရပါသည်၊ ဗုဒ္ဓ၏ဒေသနာသည် တရားအချက်ပေါင်း ၈၄၀၀၀ ရှိပါသည်။

ရှင်အာနန္ဒာက ဤဓမ္မက္ခန္ဓာများ ၈၂၀၀၀ကို ဗုဒ္ဓထံမှာ သင်ယူခဲ့သည်၊ ၂၀၀၀ ကို ရှင်သာရိပုတ္တရာထံမှာသင်ယူခဲ့သည်၊ ဟူသောမိန့်ခွန်းအရ ရေတွက်ထားခြင်းဖြစ်ပါသည်။

ဓမ္မက္ခန္ဓာများရေတွက်နည်းမှာ-

-အနုသန္ဓေခေါ် စကားစပ်တစ်ခုလျှင် ဓမ္မက္ခန္ဓာတစ်ပါး

-ဂါထာဗန္ဓတို့၌အမေးသည် ဓမ္မက္ခန္ဓာတစ်ပါး

-အဘိဓမ္မာ၌တိတ်တတိတ်ကိုဝေဖန်ချက်သည် ဓမ္မက္ခန္ဓာတစ်ပါး

-ဒုတ်တစ်ဒုက်ကိုဝေဖန်ချက်သည် ဓမ္မက္ခန္ဓာတစ်ပါး

-စိတ်တစ်မျိုးကိုဝေဖန်ချက်သည် ဓမ္မက္ခန္ဓာတစ်ပါး

-ဝိနည်း၌အာပါတ်သင့်ကြောင်း ဝတ္ထုတစ်ခုသည် ဓမ္မက္ခန္ဓာတစ်ပါး

-ထို့အတူ အာပါတ်သင့်ပုံ၊ အာပါတ်မသင့်ပုံ၊ ကြားအာပါတ်တစ်ခုတစ်ခု ထပ်၍သင့်ပုံ၊ တိတ်ဒုတ်တို့သည်လည်း ဓမ္မက္ခန္ဓာတစ်ပါးစီးဖြစ်သည်ဟု ရေတွက်ပါသည်

ထိုကဲ့သို့ သံဂါယနာထေရ်မြတ်တို့စုစည်းမှတ်သားပြီးကြသောအခါ-

-ဒီဃနိကာယ်ကို ရှင်အာနန္ဒာနှင့်တပည့်အဆက်ဆက်တို့ကဆောင်ယူစေသည်

-မဇ္ဈိမနိကာယ်ကို ရှင်သာရိပုတ္တရာနှင့်တပည့်အဆက်ဆက်တို့ကဆောင်ယူစေသည်

-သံယုတ္တနိကာယ်ကို ရှင်မဟာကဿပနှင့်တပည့်အဆက်ဆက်တို့ကဆောင်ယူစေသည်

-အင်္ဂုတ္တရနိကာယ်ကို ရှင်အနုရုဒ္ဓါမထေရ်နှင့်တပည့်အဆက်ဆက်တို့ကဆောင်ယူစေသည်

-အဘိဓမ္မာပိဋကတ်ကို ရှင်သာရိပုတ္တရာနှင့်တပည့်အဆက်ဆက်တို့ကဆောင်ယူစေသည်

-ကြွင်းသောခုဒ္ဒကပါဠိစသော ခုဒ္ဒကနိကာယ်များကို ဆရာအဆက်ဆက်၊ တပည့်အဆက်ဆက်တို့က နှုတ်တက်ဆောင်တော်မူခဲ့သည်

ထိုပိဋကတ်သုံးပုံ၊ နိကာယ်ငါးရံတို့ကို ဆရာအစဉ်အဆက်တာဝန်ခွဲဝေ၍ အာဂုံဆောင်ကြသောပုဂ္ဂိုလ်များသည် ကိလေသာအာသဝေါကင်းစင်ကြသော ရဟန္တာပုဂ္ဂိုလ်ကြီးများဖြစ်ရုံမက ပဋိသမ္ဘိဒါပတ္တစသော ဂုဏ်ထူးဝိသေသနှင့်လည်း ပြည့်စုံကြသည်။

အထူးသဖြင့် ရှင်အာနန္ဒာသည် သတိ၊ သမာဓိ၊ ပညာအရာဧတဒဂ်ငါးတန်ရပြီး ဗုဒ္ဓဟောသမျှ မသေမပျောက်အောင်နာယူမှတ်သားဆောင်ထားနိုင်သော ထူးခြားသောစွမ်းရည်ရှိမထေရ်မြတ်ဖြစ်ပါသည်။

ထို့ကြောင့် ပိဋကတ်စာပေသည် မှားယွင်းမှု၊ အပိုအလို အလျဉ်းမရှိ ဘုရားဟောတော်မူသည့်အတိုင်း အပြည့်အစုံ ဆောင်တော်မူနိုင်ခဲ့ကြပါသည်။

## ပိဋကတ်သုံးပုံ (ဓမ္မက္ခန္ဓာ)အကြောင်းအရာများ

သံဂါယနာတင်မထေရ်တို့သည် ဗုဒ္ဓ၏ဓမ္မဒေသနာတော်များကို ဤသို့ပိုင်းခြားသတ်မှတ်ပြီးလျှင် ဗုဒ္ဓ၏ဓမ္မဒေသနာတော်တည်းဟူသော ပိဋကတ်သုံးပုံ(ဓမ္မက္ခန္ဓာ)တို့၏ တတ်မြောက်လိမ္မာလွယ်ကူစွာသိစိမ့်သောငှာ-

| | |
|---|---|
| -ဒေသနာအပြား | ၃-ပါး |
| -သာသနာအပြား | ၃-ပါး |
| -ကထာ | ၃-ပါး |
| -သိက္ခာ | ၃-ပါး |
| -ပဟာန | ၃-ပါး |
| -ပရိယတ္တိ(သင်ယူနည်း)အပြား | ၃-ပါး |
| -သမ္ပတ္တိ | ၃-ပါး |
| -ဝိပတ္တိအပြား | ၃-ပါး |
| -နက်နဲခြင်းဂမ္ဘီရ | ၄-ပါး |

တို့ဖြင့်ခွဲခြား၍ လမ်းညွှန်ဟောကြားထားပေးခဲ့ပါသည်။

## (ဂ) ဒေသနာအပြား ၃-ပါး

(၁) အာဏာဒေသနာ

-အာဏာထားခြင်းငှာထိုက်သောဗုဒ္ဓသည် အာဏာထားသောအားဖြင့် ဟောကြားအပ်သောဝိနည်းဒေသနာတရားများ

(၂) ဝေါဟာရဒေသနာ

-ဝေါဟာရပညတ်မှု၌ လိမ္မာကျွမ်းကျင်တော်မူသောဗုဒ္ဓသည် ဝေါဟာရပညတ်ကိုများသောအားဖြင့် ဟောကြားတော်မူသော သုတ္တန္တဒေသနာတရားများ

(၃) ပရမတ္ထဒေသနာ

-ပရမတ္ထဓမ္မကို များသောအားဖြင့်ဟောကြားအပ်သော အဘိဓမ္မာဒေသနာတရားများ

## (ခ) သာသနာအပြား ၃-ပါး

(၁) ယထာပရာဓသာသနာ

-သတ္တဝါတို့ကို အပြစ်အားလျော်စွာဆုံးမရာဖြစ်သော ဝိနယ(စည်းကမ်းဥပဒေသတ်မှတ်ချက်) အဆုံးအမတရားများ

(၂) ယထာနုလောမသာသနာ

-များသောအလို့ များသောအနုသယ၊ များသောစရိုက်၊ များသောနှလုံးသွင်းရှိကုန်သောသတ္တဝါများကို ယင်းတို့

၏အလို၊ အနုသယ၊ စရိုက်နှလုံးသွင်းအားလျော်စွာ ဆုံးမရာသုတ္တန်အဆုံးအမများ

(၃) ယထာဓမ္မသာသနာ

-ခတ်သဘာဝဖြစ်သော ပရမတ္ထတရားအစုမျှ၌ ငါ့ကိုယ် ငါ့ဥစ္စာဟု အမှတ်ရှိကြသောသတ္တဝါများကို ပရမတ္ထ တရားအားလျော်စွာ ရုပ်နာမ်ခန္ဓာစသည်တို့ကိုသိမြင် ရေးအတွက် ဆုံးမရာအဘိဓမ္မာအဆုံးအမများ

**(ဂ) ကထာ ၃-ပါး**

(၁) သံဝရာသံဝရကထာ

-ကိုယ်နှုတ်လွန်ကျူးခြင်း၏ဆန့်ကျင်ဘက်ဖြစ်သော စောင့်စည်းခြင်း ကြီး-ငယ်များကိုဟောရာ ဝိနယဟော ကြားချက်များ

(၂) ဒိဋ္ဌိဝိနိဝေဌနကထာ

-၆၂-ပါးသောမိစ္ဆာအယူတည်းဟူသောအယူဝါဒ အမျိုးမျိုးတို့၏ကြိုးထုံးဖွဲ့ကိုဖြေရှင်းဟောပြရာ သုတ္တန္တ ဟောကြားချက်များ

(၃) နာမရူပပရိစ္ဆေဒကထာ

-ရာဂစသည်တို့၏ဆန့်ကျင်ဘက်ဖြစ်သော နာမ်တရား ရုပ်တရားတို့ကိုပိုင်းခြား၍ဟောကြားရာ အဘိဓမ္မာ ဟောကြားချက်များ

## (ဃ) သိက္ခာ ၃-ပါး

(၁) အဓိသီလသိက္ခာ

-ဝီတိက္ကမကိလေသာ(ကျူးလွန်လာသောကိလေသာများ မကျူးလွန်စေရန်)များကိုပယ်ရန် သီလသိက္ခာများကို ဝိနည်း၌ဟောသည်

(၂) အဓိစိတ္တသိက္ခာ

-ပရိယုဋ္ဌာနကိလေသာ (ထကြွသောင်းကျမ်းလာသော ကိလေသာ)များကိုပယ်ရန် သုတ္တန်၌ဟောသည်

(၃) အဓိပညာသိက္ခာ

-အနုသယကိလေသာ(အတွင်း၌ကိန်းအောင်းနေသော ကိလေသာ)ကိုပယ်ရန် အဘိဓမ္မာ၌ဟောသည်

## (င) ပဟာန ၃-ပါး

(၁) တဒင်္ဂပဟာန

-ဝိနည်း(စည်းကမ်း)သည် ကိလေသာများကို ခဏအား ဖြင့်ပယ်သည်

(၂) ဝိက္ခမ္ဘနပဟာန

-သုတ္တန်သည် ကိလေသာများကို အခိုက်အတန့်ကြာ အောင်ပယ်သည်

(၃) သမုစ္ဆေဒပဟာန

-အဘိဓမ္မာသည် ကိလေသာများကိုအကြွင်းမဲ့ပယ်သည်

## (စ) သင်ယူနည်း ၃-ပါး (ပရိယတ္တိအပြား ၃-ပါး)

(၁) အလဂဒ္ဒူပမာပရိယတ္တိ-မြွေဖမ်းဥပမာရှိသောသင်ယူခြင်း

-သူတစ်ပါးကိုချုပ်ချယ်လိုခြင်းစသော အကြောင်းကြောင့် မကောင်းသဖြင့်သင်ယူခြင်းသည် မြွေဖမ်းဥပမာရှိသော သင်ယူခြင်းမည်ပါသည်၊ မြွေကိုအလိုရှိသောသူသည် မြွေကိုရှာဖွေဖမ်းရာ၌ ကိုယ်ကိုကိုင်၍လည်းကောင်း၊ အမြီးမှကိုင်၍လည်းကောင်းဖမ်းသဖြင့် ထိုမြွေဖမ်းသူ၏လက်၊ လက်ရုံးအင်္ဂါကြီးငယ်တစ်နေရာရာကို မြွေကပြန်ကိုက်သဖြင့် ထိုသူသေရာ၏၊ ဆင်းရဲလည်းရောက်ရာ၏၊ အလားတူ သာသနာတော်၌ သူတစ်ပါးကို ချုပ်ချယ်လို၍ ကဲ့ရဲ့လို၍ နှိပ်စက်လို၍ ပိဋကတ်ကို သင်ယူခြင်းသည် ထိုသူအား နိဗ္ဗာန်အကျိုးကိုမခံစားရကုန်၊ ရှည်စွာသောနေ့ညဉ့်ကာလပတ်လုံး အကျိုးမရှိသည်ကိုပြုခြင်းငှာ ဆင်းရဲခြင်းကိုပြုခြင်းငှာဖြစ်ကုန်ရာ၏၊ တရားကို မကောင်းသဖြင့် အကျိုးမဲ့ဖြစ်ရာ၏။

(၂) နိဿရဏတ္ထပရိယတ္တိ

-သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ရန်အတွက် အကျိုးရှိစွာသင်ယူခြင်း

-သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လိုသောနည်းကို သိလိုကျင့်လိုသဖြင့် သင်ယူသဖြင့် ရှည်စွာသောကာလ

ပတ်လုံး အကျိုးစီးပွားဖြစ်သည်၊ နိဗ္ဗာန်ချမ်းသာကို ခံစားရသည်။

(၃) ဘဏ္ဍာဂါရိကပရိယတ္တိ

-တရားတော်များမကွယ်မပျောက်အောင် အနွယ်မပျက်အောင် အစဉ်အဆက်ကောင်းစွာဆောင်လျက် သင်ယူခြင်း

-အမျိုးအနွယ်ကိုစောင့်ရှောက်ခြင်းငှာလည်းကောင်း၊ ခန္ဓာကိုယ်တို့ကိုပိုင်းခြား၍သိပြီးသော ကိလေသာတို့ကို ပယ်အပ်ပြီးသော မဂ်တရားတို့ကိုပွားပြီးသော၊ အရဟတ္တဖိုလ်ကိုသိပြီးသော၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုပြီးသော အာသဝေါကုန်ပြီးသောရဟန္တာတို့၏တရားကို သင်ယူခြင်းသည် ဘဏ္ဍာစိုးကဲ့သို့သင်ယူခြင်း မည်ပါသည်။

## (ဆ) သမ္ပတ္တိ(ပြည့်စုံခြင်း) ၃-ပါး

(၁) တေဝိဇ္ဇသမ္ပတ္တိ

-ဝိနည်းတရားကိုကောင်းစွာကျင့်သောရဟန်းသည် သီလရှိခြင်းကိုအမှီပြု၍ ဝိဇ္ဇာ(၃)ပါးနှင့်ပြည့်စုံရသည်

(၂) ဆဠာဘိညာသမ္ပတ္တိ

-သုတ္တန်တရားတို့၌ ကောင်းစွာကျင့်သောသူသည်

သမာဓိနှင့်ပြည့်စုံခြင်းကိုအမှီပြု၍ အသိဉာဏ် ၆-ပါးနှင့် ပြည့်စုံရသည်

(၃) ပဋိသမ္ဘိဒါသမ္ပတ္တိ

-အဘိဓမ္မာတရားကိုကောင်းစွာကျင့်သောသူသည် ပညာနှင့်ပြည့်စုံခြင်းကိုအမှီပြု၍ ပဋိသမ္ဘိဒါလေးပါးနှင့် ပြည့်စုံရသည်

## (ဇ) ဝိပတ္တိ(ပျက်စီးခြင်း) ၃-ပါး

(၁) ဒုဿီလဘာဝ

-ဝိနည်းအကျင့်ကိုကောင်းစွာမကျင့်သဖြင့် အတွင်းသီလ ပျက်က ဒုဿီလဘာဝရောက်နိုင်သည်

(၂) မိစ္ဆာဒိဋ္ဌိတာ

-သုတ္တန်တရားကို မကောင်းသဖြင့်ကျင့်သော်ရဟန်းသည် သမုတိဒေသနာအလိုအားဖြင့် ပုဂ္ဂိုလ်ရှိကြောင်း ဟောကြားတော်မူသည်ကို ပရမတ္ထဒေသနာအလို အားဖြင့် ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိဟု မကောင်းသဖြင့် သင်ယူခြင်းကြောင့် မိစ္ဆာဒိဋ္ဌိဘာဝသို့ရောက်နိုင်သည်

(၃) စိတ္တဝိက္ခေပ

-အဘိဓမ္မာတရားကို မကောင်းသဖြင့်သင်ယူခြင်းကြောင့် ပရမတ်တရားတို့၌ အပိုင်းအခြားကင်းမဲ့စွာ ထိုထို၌၌

ကြံစည်တွေးတောသည်ဖြစ်၍ မကြံအပ်၊ မကြံကောင်း
ကုန်သောအစိန္တေယျလေးပါးတို့ကို တွေးတောကြံစည်
သောကြောင့် စိတ်ပျံ့လွင့်ခြင်းဖောက်ပြန်ခြင်း ဘဝ
ရောက်နိုင်သည်
အစိန္တေယျ(၄)ပါး
-ကံ၏အကျိုးပေး-ကမ္မဝိပါကကိုမကြံအပ်
-တန်ခိုးအရာ ဈာနဝိသယကိုမကြံအပ်
-ဘုရားတို့၏အရာဖြစ်သော ဗုဒ္ဓဝိသယကိုမကြံအပ်
-လောကဖြစ်ပုံ-လောကဝိသယကိုမကြံအပ်

## (၈) နက်နဲခြင်း(ဂမ္ဘီရ) ၄-ပါး

(၁) ဓမ္မဂမ္ဘီရ
-စိတ်မှတ်ပါဠိ၏နက်နဲခြင်း(သို့မဟုတ်)ထောက်ထားအပ်
သောအကြောင်းတရား၏နက်နဲခြင်း
(၂) အတ္ထဂမ္ဘီရ
-အနက်အဓိပ္ပာယ်၏နက်နဲခြင်း(သို့မဟုတ်) ရရှိအပ်
သော အကျိုးတရား၏နက်နဲခြင်း
(၃) ဒေသနာဂမ္ဘီရ
-ဟောကြားအပ်သောပါဠိတော်၏နက်နဲခြင်း(သို့မဟုတ်)
ဟောကြားတော်မူပုံနက်နဲခြင်း

(၄) ပဋိဝေဓဂမ္ဘီရ

-ပါဠိ ပါဠိအနက်သိမြင်မှု၏နက်နဲခြင်း(သို့မဟုတ်)ဟော တော်မူသောသဘာဝတရားတို့၏ သဘောလက္ခဏာ ကိုသိမြင်မှု၏နက်နဲခြင်း

-နက်နဲခြင်းဆိုသည်မှာ စိတ်ဝင်စားရန်(သို့မဟုတ်)စိတ် ဝင်စားပြီးနောက် သဘောကျမှုရရှိရန်ခက်ခဲခြင်းဖြစ်ပါ သည်၊ ဥပမာ နက်နဲကြီးကျယ်လှသော မဟာသမုဒ္ဒရာ ကိုယူရန် သူငယ်သည်ဆင်းသက်ရန်၊ ဆင်းသက်ပြီး ထောက်မှီရန်ခဲယဉ်းသကဲ့သို့ပင်ဖြစ်ပါသည်။

## (စ) ဗုဒ္ဓ၏ဒေသနာများ(ဝါ)ပိဋကတ်များ၏ အကျိုးကျေးဇူးဂုဏ်ထူးများ

ဗုဒ္ဓ၏တရားတော်များတွင် သတ္တဝါတိုင်းရနိုင်သည်ဟု ယုတ်မာကြမ်းတမ်းသောကာမချမ်းသာထက် သာလွန်မွန်မြတ် သော-

၁။ အနဝဇ္ဇသုခ ခေါ် အပြစ်ကင်းသောချမ်းသာမျိုး၊ ဥပမာ-မင်းမှု စိုးမှုလွတ်ကင်းသောရဟန်းတို့၏လွတ်လပ်မှု ချမ်းသာ

၂။ အဗျာပေတသုခခေါ် ကိလေသာရေမစိုသောချမ်းသာ

မျိုး၊ ဥပမာ - ဣန္ဒြေခြောက်ပါးကို စောင့်ထိန်းသည့် ယောဂီပုဂ္ဂိုလ်၏ စင်ကြယ်သောချမ်းသာ

၃။ ဈာန်သမာပတ္တိသုခ ခေါ် ကာမချမ်းသာကဲ့သို့ သူတစ်ပါးနှင့်ဆက်နွယ်၍မနေဘဲ မရုန့်ရင်းမကြမ်းတမ်းဘဲ တစ်ကိုယ်လုံး နှစ်သက်ချမ်းသာခြင်းများဖြင့် ပြည့်လျှံ၍နေသောချမ်းသာ၊ မြေလျှိုးမိုးပျံ့တန်ခိုး ဖန်ဆင်းခြင်းစသော အဘိညာဉ်ဂုဏ်နှင့်ပြည့်စုံမှုချမ်းသာ

၄။ မဂ္ဂဖလ သုခခေါ် မဂ်ဖိုလ်ချမ်းသာကိုလေသာအပူဓာတ်လွတ်ကင်းခြင်း အပါယ်လေးပါးလားရောက်ခြင်း စသည်မှလွတ်ကင်းခြင်းတို့ကြောင့် အလွန်ငြိမ်းချမ်းလှသော ချမ်းသာ

ဤကဲ့သို့သောအဖိုးမဖြတ်နိုင်သောချမ်းသာများကို ရရာရကြောင်းကို ဗုဒ္ဓသည် အပြည့်အစုံလမ်းညွှန်ဟောကြားထားခဲ့ပါသည်။

ဗုဒ္ဓသည် ဤနိဒါန်းတွင်ဖော်ပြခဲ့သည့်အတိုင်း ကမ္ဘာလောကနှင့်သတ္တဝါအားလုံးတို့ကိုခပ်သိမ်းသောအသိဉာဏ်တော်ဖြင့် ကိုယ်တိုင်ဒိဋ္ဌကျကျနန သိရှိသုံးသပ်တော်မူပြီးမှ အများသတ္တဝါတို့သိရှိကြစေရန် ထုတ်ဖော်ညွှန်ပြသောဒေသနာများဖြစ်၍ မှန်ကန်ပြည့်စုံသောလောကအကျိုးပြုဒေသနာ၊ သတ္တဝါတို့အကျိုးပြုပိဋကစာပေဟုဆိုနိုင်ပါသည်။

ဗုဒ္ဓ၏ဒေသနာ(ဝါ)ပိဋကတ်စာပေများသည် သိပ္ပံပညာနှင့်နှိုင်းယှဉ်သော သဘာဝအံ့ဝင်ဂွင်ကျ၍ တရားမျှတသော ငြိမ်းချမ်းရေးအစစ် ကျင့်ထုံးဒေသနာတော်များဖြစ်၍ ကမ္ဘာလောက၏ တရားမှန်ငြိမ်းချမ်းရေးကိုပေးအပ်ဆောင်နှင်းနေသော ငြိမ်းချမ်းမှုပေး တရားဓမ္မဒေသနာစာပေအစစ်များဖြစ်ကြပါသည်။

တစ်နည်းအားဖြင့် သတ္တဝါတိုင်း ဆင်းရဲဒုက္ခမှလွတ်မြောက်ရေးကိုရှေ့ရှုဟောကြားတော်မူသော ဒေသနာစာပေများဖြစ်သောကြောင့် ဘဝလွတ်မြောက်ရေးဒေသနာစာပေပိဋကတ်များဟု ခေါ်ဆိုနိုင်ပါသည်။

ထို့ပြင် ဗုဒ္ဓဒေသနာစာပေများသည် တစ်စုံတစ်ယောက်ထံမှ တစ်စုံတစ်ယောက်ကသင်ကြားလာခဲ့၍ တစ်ဆင့်ကြားတီထွင်ထားသော ဒေသနာစာပေမျိုးမဟုတ်သည်သာမက မိမိ၏အကြားအမြင်ဗဟုသုတ ကြံလုံးစည်းလုံးများဖြင့် ဆရာတစ်ဆူပြုလုပ်ဟောကြားသော အကြံဖြစ်ဒေသနာမျိုးလည်းမဟုတ်ဘဲ ဝါဒတစ်ခုတည်ထောင်ရန် အသိဉာဏ်မလုံလောက်သဖြင့်ရောက်တတ်ရာရာ ပြောဆိုတီထွင်ထားသော ဒေသနာစာပေပိဋကတ်မျိုးလည်းမဟုတ်ပါ၊ အမှန်အားဖြင့် ခပ်သိမ်းသောဉာဏ်(သဗ္ဗညုတဉာဏ်)တော်ဖြင့် ကိုယ်တော်တိုင်တကယ်သိမြင်ပြီးမှသာ အကောင်းဆုံးနည်းအားဖြင့် ဟောကြားညွှန်ပြထားသော သေချာတည့်မတ်သောစာပေပိဋကတ်ဒေသနာများသာဖြစ်ကြပါသည်။

## ဗုဒ္ဓဂေါတမ၏ဝါဒဖြေရှင်းမှု

ဗုဒ္ဓဂေါတမပွင့်လာတော်မူသောအခါ ဗုဒ္ဓဂေါတမကိုယ်တော်တိုင်က ဗြဟ္မဏဖြစ်ကြောင်း ကြွေးကြော်တော်မူသည်။

သို့ရာတွင် ဗြဟ္မဏများက မန္တန်(ဝေဒ)ကို ရွတ်ဖတ်တတ်သောကြောင့် ဗြဟ္မဏ ဖြစ်ရသည်ဟူသောအဓိပ္ပာယ်ကို တော်လှန်ဖယ်ရှားပြီး မကောင်းမှုတို့ကို အပပြုပြီးသောကြောင့် ဗြဟ္မဏဖြစ်ကြောင်း အဓိပ္ပာယ်ကိုထုတ်ဖော်ဟောတော်မူခဲ့သည်။

ဗုဒ္ဓဂေါတမခေတ်၌ပင် ကောသလမင်း၊ ဗိမ္ဗိသာရမင်း၊ အဇာတသတ်မင်း၊ လိစ္ဆဝီမင်း၊ မလ္လမင်းစသည်တို့သည် ဗုဒ္ဓနှင့်ဗုဒ္ဓတပည့်ရဟန်းများကို အထူးထောက်ပံ့စောင့်ရှောက်ခဲ့သည်ကို တွေ့ရပါသည်။

ဗြဟ္မဏတို့က မိမိတို့ဂိုဏ်းကို အာရိယန်ဆိုပြီး မြင့်မြတ်သူအဖြစ်ယူခြင်းကို တော်လှန်၍ မဂ္ဂင်(၈)ပါးအကျင့်တရားဖြင့် ကိလေသာအနန့်ကြောစင်ကြယ်ပြီး မဂ်လေးတန် ဖိုလ်လေးတန် အဆင့်ရောက်ရှိသောပုဂ္ဂိုလ်များကိုသာ အရိယာဟု ခေါ်ကြောင်း ရှင်းပြသည်။

တစ်ဖန် ဗုဒ္ဓဂေါတမကိုယ်တော်တိုင်က မဟာသမဏဖြစ်ကြောင်း ကြွေးကြော်တော်မူသည်။

သို့ရာတွင် သာမဏတို့က မိမိတို့ကိုယ်တိုင်ပင်ပန်းမှုကို ပြုသူ-ဟု အဓိပ္ပာယ်ဖွင့်သကဲ့သို့မဟုတ်ဘဲ မကောင်းမှုမှငြိမ်းပြီးသူ

ကိလေသာငြိမ်းပြီးသူဖြစ်သောကြောင့် သာမဏဖြစ်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုတော်မူခဲ့သည်။

ဗြဟ္မဏတို့တီထွင်ခဲ့သော ခတ္တိယမျိုး၊ ဗြဟ္မဏမျိုး၊ ဝေဿမျိုး၊ သုဒ္ဒမျိုးဟူသော အမျိုး(၄)ပါးမှအမျိုးကောင်းသား အမျိုးကောင်းသမီးများသည် ဗုဒ္ဓသာသနာဘောင်သို့ဝင်ရောက်လာသောအခါ မူလအမျိုးအနွယ်များကြီးငယ်ထေရ်အစဉ် အလိုက်အရိုအသေပေးကြသည်။

ဗြဟ္မဏတို့၏ ယာဇ်ပူဇော်မှုနှင့်ဆန့်ကျင်၍ သားကောင်များသတ်မှုကို ဒုစရိုက်အမှုဟု ဖြေရှင်းကြသည်။

ဗြဟ္မဏတို့၏အတ္တအယူကိုဆန့်ကျင်၍ အနတ္တအယူကို ဖော်ထုတ်ပြခဲ့ပါသည်။

ဗြဟ္မဏတို့၏အယူဝါဒ၌ ခတ္တိယမင်းမျိုးသည် တိုင်းပြည်အုပ်ချုပ်မင်းလုပ်၍ ဗြဟ္မဏတို့ကို ကာကွယ်စောင့်ရှောက်ရမည် ပူဇော်ချီးမြှင့်ရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားခဲ့သော်လည်း ဗုဒ္ဓဂေါတမပေါ်ထွန်းလာပြီး ထိုဗြဟ္မဏတို့၏မှားသောအယူအဆအတွေးအခေါ်များကို တည့်မတ်ဖြေရှင်းပေးသောအချိန်ဝယ် ခတ္တိယမင်းမျိုးတို့သည် ဗြဟ္မဏတို့ကို ဦးစားမပေးတော့ချေ။

# အခန်း ( ၃ )

## ဗုဒ္ဓ၏ ဖြူစင်သော ဓမ္မအမြင်များကို ခေတ်အမြင်ဖြင့် လေ့လာအကဲခတ်သုံးသပ်ခြင်း

### သုတ္တန္တ (သို့မဟုတ်) ဒီဃနိကာယ်ကျမ်း၏အကျိုးကျေးဇူးများကို လေ့လာအကဲခတ်ခြင်းအမြင်

ဗုဒ္ဓဂေါတမ သက်တော်ထင်ရှားရှိစဉ် (၄၅)ဝါပတ်လုံး ဟောကြားခဲ့သော ဒေသနာတရားတော်(ဝစန)များကို ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်ပြီးနောက် အရှင်မဟာကဿပ ဦးဆောင်သော ပဋိသမ္ဘိဒါပတ္တ၊ ရဟန္တာ(၅၀၀)တို့က အဇာတသတ်မင်း၏အကူ

အညီဖြင့် ရာဇဂြိုဟ်ပြည်၊ ဝေဘာရတောင် သတ္တပဏ္ဏိလိုဏ်ဂူ၌ စုပေါင်းရွတ်ဆို(သံဂါယနာ)တင်ပြီး စုစည်းထားခဲ့ပါသည်။

ယင်းစုစည်းထားမှုတွင် ဗုဒ္ဓဝစနများကို ဓမ္မနှင့်ဝိနယ ဟူ၍ နှစ်မျိုးခွဲခြားထားခဲ့ပါသည်၊ ယင်း(၂)မျိုးတွက် ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့လိုက်နာရန် ဆုံးမပညတ်ချက်များကို ဝိနယ ဟုခေါ်၍ ကျန်ဗုဒ္ဓဝစနများအားလုံးကို ဓမ္မ ဟူ၍ ခေါ်ပါသည်။

ယင်းဓမ္မတွင် သုတ္တန္တနှင့်အဘိဓမ္မတ္ထတရားများပါဝင်ပါသည်၊ ထို့ကြောင့် ဗုဒ္ဓဝစနများကို တစ်နည်းအားဖြင့် ဝိနယပိဋကတ်၊ သုတ္တန္တပိဋကတ်နှင့်အဘိဓမ္မာပိဋကတ် ဟုခွဲကာ ပိဋကတ်(၃)ပုံဟူ၍ သတ်မှတ်ခဲ့ပါသည်။

တစ်ဖန် သုတ္တန္တတွင်ပါဝင်သော ဗုဒ္ဓဝစနများကို အစုအဝေး(နိကာယ)အရ ဟုခွဲဝေပြီး-

၁။ ရှည်လျားသောသုတ်တို့၏ အစုအဝေးကို ဒီဃနိကာယ်

၂။ အလယ်အလတ်အစုအဝေးကို မဇ္ဈိမနိကာယ်

၃။ ဟောကြားသည့်အကြောင်းတရား၊ နာကြားသည့်ပုဂ္ဂိုလ်စသည်အားဖြင့် ဆက်စပ်မှုရှိသော သုတ်အစုအဝေးကို သံယုတ္တနိကာယ်

၄။ အကြောင်းအရာ တစ်ခု၊ နှစ်ခု၊ သုံးခုမှ ဆယ့်တစ်ခုအထိ အစဉ်အတိုင်းတို့၌စီစဉ်ထားသော သုတ်တို့၏အစုအဝေးကို အင်္ဂုတ္တရနိကာယ်

၅။ အထက်ပါ နိကာယ်(၄)ရပ်တွင် မပါဝင်သောအစုအဝေး
များကို ခုဒ္ဒနိကာယ်

ဟူ၍ သတ်မှတ်ခဲ့သည်။

ထို့ကြောင့် ဗုဒ္ဓဂေါတမ၏ ဝစနများကို ဓမ္မဝိနယအား ဖြင့် (၂)ပါး၊ ပိဋကတ်အားဖြင့် (၃)သွယ်၊ နိကာယ်အားဖြင့်(၅)ရပ် ဟူ၍ အကျဉ်းချုပ်မှတ်သားနိုင်ပါသည်။

ပိဋကတ်သုံးပုံ၌ ဝိနည်း၊ ပိဋကတ်၌ (၅)ကျမ်း၊ အဘိဓမ္မာ ပိဋကတ်၌(၇)ကျမ်း၊ သုတ္တန္တပိဋက၌ ဒီဃနိကာယ်(၃)ကျမ်း၊ မဇ္ဈိမ နိကာယ်(၃)ကျမ်း၊ သံယုတ္တနိကာယ်(၅)ကျမ်း၊ အင်္ဂုတ္တရနိကာယ် (၁၁)ကျမ်း၊ ခုဒ္ဒကနိကာယ်(၁၅)ကျမ်းအားဖြင့် (၃၇)ကျမ်း၊ ဝိနည်း အဘိဓမ္မာ၊ သုတ်ပေါင်းသော် ပိဋကတ်သုံးပုံဝင်ကျမ်းပေါင်း(၄၉) ကျမ်း ဖြစ်လာပါသည်။

ဤနေရာ၌ ကျမ်းနှင့်စာအုပ်မတူပါ၊ ကျမ်းဆိုသည်မှာ အကြောင်းအရာ စသည့်အလိုက် အပိုင်းကဏ္ဍပိုင်းခြားထားချက် ဖြစ်ပါသည်။

ထို့ကြောင့် စာအုပ်အဖြစ်ရိုက်နှိပ်သောအခါ အချို့သော ကျမ်းများသည် သီးခြားစာအုပ်တစ်အုပ်ဖြစ်လာသော်လည်း အရွယ်ပမာဏကြီးသောကျမ်းအချို့ကား စာအုပ်(၂)အုပ်၊ (၃)အုပ် ဖြစ်လာရသည်၊ အရွယ်ပမာဏသေးသောကျမ်းအချို့ကား (၂) ကျမ်း၊ (၃)ကျမ်း စသည်ပေါင်းမှ စာအုပ်တစ်အုပ်သာဖြစ်လာသည်။

ထို့ကြောင့် ပိဋကတ်သုံးပုံဝင်ကျမ်းပေါင်း(၄၉)ကျမ်းကို စာအုပ်အဖြစ် ရိုက်နှိပ်သောအခါ (ဆဋ္ဌမူ)ပါဠိတော်စာအုပ်(၄၀) ဖြစ်လာသည်ကို တွေ့ရပါသည်။

ပိဋကတ်သုံးပုံတွင် ဝိနည်းပိဋကတ်သည် ရဟန်းတို့၏ ဝိနည်းသိက္ခာပုဒ်များသာဖြစ်၍ ရဟန်းတို့နှင့်ယေဘုယျသက်ဆိုင် ပါသည်၊ အဘိဓမ္မပိဋကတ်သည် လောက၌ရှိသော တရား သဘောအားလုံးကို ဗုဒ္ဓ၏ဉာဏ်တော်ဖြင့် ကျယ်ဝန်းနက်နဲစွာ ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားထားသော ဒေသနာတော်ဖြစ်၏၊ ထိုအဘိဓမ္မာကို အခြေခံမှစ၍ စနစ်တကျလေ့လာခြင်းမပြုဘဲ တစ်ပုဒ်ချင်းဖတ်ရှုရုံမျှဖြင့် အဘိဓမ္မာသဘောတရားကို နားလည် သဘောပေါက်ရန် မလွယ်ပါ၊ အဆင့်မြင့်သောတရားတော်ဖြစ်၍ သီးသန့်လေ့လာမှသာ နားလည်နိုင်မည့်တရားတော် ဖြစ်ပါသည်။

သုတ္တန္တပိဋကတ်မှာမူ ပုဂ္ဂိုလ်သတ္တဝါအမျိုးမျိုးတို့၏ အသိ ဉာဏ်အဆင့်၊ အကျင့်စရိုက်စသည်တို့နှင့် လျော်ညီစွာ သိလွယ် မြင်လွယ်သော ဥပမာ၊ သာဓက၊ ဝေါဟာရအသုံးအနှုန်းများဖြင့် ဟောကြားထားသော ဒေသနာဖြစ်၍ သာမန်လူတို့နှင့်အနီးစပ် ဆုံးတရားဖြစ်သလို အကြောင်းအရာအားဖြင့်လည်း ထွေပြား ဆန်းကြယ်မှတ်သားဖွယ်များ ပြည့်စုံကြွယ်ဝလှပါသည်။

ဗုဒ္ဓသည် ဝိနည်းပိဋကတ်ကို ကရုဏာပြဋ္ဌာန်း၍လည်း ကောင်း၊ အဘိဓမ္မာကို ပညာပြဋ္ဌာန်းချက်ဖြင့်လည်းကောင်း

ဟောကြားခဲ့ပြီး သုတ္တန်ပိဋကတ်ကိုမူ ကရုဏာ၊ ပညာ နှစ်ပါးစုံ ပြဋ္ဌာန်းချက်ဖြင့် ဟောကြားခဲ့သည်ဟု အဋ္ဌကထာဆရာက မိန့်ဆိုထားသည်ကို တွေ့ရပါသည်။

သုတ္တန္တပိဋကတ်ဒီဃနိကာယ်တွင် သီလက္ခန္ဓဝဂ်၊ မဟာဝဂ်၊ ပါထိကဝဂ်ဟူ၍(၃)ကျမ်းရှိပြီး သုတ်ပေါင်း(၃၄)သုတ် ပါဝင်ပါသည်၊ ပါဠိတော်မူရင်းမှာ စာမျက်နှာ(၆၆၄)မျက်နှာရှိပြီး ဆဋ္ဌမူ မြန်မာပြန်မှာ စာမျက်နှာ(၈၄၃) ရှိပါသည်။

သုတ္တန္တပိဋကတ် ဤဒီဃနိကာယ်တွင် လူသာမန်တို့ သိလွယ်၊ မှတ်လွယ်သောတရားများသာပါဝင်သည်ကား မဟုတ်၊ ရဟန်း၊ ရှင်လူမရွေး ကျင့်ကြံအားထုတ်ရမည့် သမထဝိပဿနာ၊ ဈာန်၊ မဂ်၊ ဖိုလ်စသောတရား၊ ကျင့်စဉ်များ၊ နိဗ္ဗာန်ပဋိစ္စသမုပ္ပါဒ်ကဲ့သို့ နက်နဲသောတရားသဘောများ၊ အယူဝါဒအမျိုးမျိုးနှင့် ပတ်သက်သော ရှင်းလင်းချက်များ ပါဝင်လျက်ရှိပြီး အချုပ်ဆိုရသော် သုတ္တန္တကိုလေ့လာဖတ်ရှုခြင်းဖြင့် ဗုဒ္ဓဝါဒအနှစ်သာရများသာမက ဗုဒ္ဓခေတ် လူ့အဖွဲ့အစည်း၊ လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေး စသော အခြေအနေအရပ်ရပ်တို့ကိုပါ သိနိုင်ပါသည်။

## ပြဟ္မဇာလသုတ်၏အနှစ်သာရကို လေ့လာအကဲခတ်ခြင်းအမြင်

ဤပြဟ္မဇာလသုတ်ကို ဗုဒ္ဓသည် ရာဇဂြိုဟ်မြို့တော်နှင့် နာဠန္ဒမြို့တို့၏အကြားရှိ အမ္ဗလဋ္ဌိကာခေါ် သရက်ပင်ပျိုးဥယျာဉ်၌ တစ်ညတည်းခိုစဉ် မိုးလင်းအချိန်၌ ဤသုတ်ကို ရဟန်းတို့စကား အစဉ်ကို အကြောင်းပြု၍ ဟောကြားခဲ့ပါသည်။

ရာဇဂြိုဟ်မြို့နှင့်နာဠမြို့သည် ယနေ့ခေတ် မီးရထားလမ်း အဖြောင့် မိုင်အားဖြင့် ၄-မိုင်မျှရှိ၍ ရိုးရိုးအားဖြင့် (၇)မိုင်ခန့်ရှိပြီး ဘီဟာနယ် ဘီဟာလိုက်ရထားလမ်းပေါ်ရှိ ဘရာဂွန်းရွာအနီးရှိ ရှေးနာလန္ဒမြို့နေရာကို တွေ့မြင်ရပါသည်၊ အရှင်သာရိပုတ္တရာ ဖွားရာ နာလကရွာသည်လည်း အနီးမှာရှိသည့်ပြင် နာလန္ဒဗုဒ္ဓ တက္ကသိုလ်၏တည်ရာလည်း ဖြစ်သည်။

ဗုဒ္ဓသည် နောက်ပါရဟန်းငါးရာတို့နှင့်အတူ ရာဇဂြိုဟ် မြို့မှ နာလန္ဒမြို့သို့ခရီးရှည်ကြွတော်မူရာ အချိန်လွန်နေသဖြင့် ထိုမြို့နှစ်မြို့ကြားရှိ အမ္ဗလဋ္ဌိက ခေါ် သရက်ဥယျာဉ်၌ တစ်ည တည်းခိုသည်။

ရာဇဂြိုဟ်မြို့မှထွက်စကပင် နောက်တော်ပါးက အမှတ် မဲ့လိုက်ပါမိလျက်သားဖြစ်နေကြသော သုပ္ပိယပရဗိုဇ်နှင့်ပြဟ္မဒတ် လုလင်တို့သည် ထိုညအဖို့ ထိုသရက်ဥယျာဉ်မှာပင် တည်းခိုကြ လေသည်။

သုပ္ပိယပရိဗိုဇ်သည် လမ်းခရီးတစ်လျှောက်လုံးပင် ဗုဒ္ဓနှင့်ပရိသတ်၏နောက်တော်ပါးမှ မလှမ်းမကမ်းလိုက်ပါလျက် ဗုဒ္ဓနှင့်တရား၊ သံဃာတို့၏အပြစ်ကိုရှေ့ရှတ်ပြောဆိုလာသည်၊ ညအချိန်၌လည်း ရတနာသုံးပါး၏အပြစ်ကို ပြောဆိုလျက်ပင်ရှိသေးသည်။

တပည့်ဖြစ်သူ ဗြဟ္မဒတ်လုလင်သည်ကား ဆရာနှင့်ဆန့်ကျင်ဘက် ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကို ဆရာနှင့်အတိုက်အခံပြုကာ ပြောဆိုလေသည်။

သုပ္ပိယပရိဗိုဇ်သည် ဗုဒ္ဓဂေါတမဝါဒထွန်းကားထင်ပေါ်လာပြီး လူအများကလေးစားကြည်ညိုလာပြီး လာဘ်လာဘပေါများလာသည်၊ မိမိတို့ တိတ္ထိယပရိဗိုဇ်များ လာဘ်လာဘနည်းပါးပြီး တန်ခိုးမှိန်လာသည်ကို မကြေမချမ်းဖြစ်ကာ ဗုဒ္ဓနှင့်တရားသံဃာတို့အား ဆဲရေးသည်ဟု အရှင်မဟာဗုဒ္ဓဃောသက ဖွင့်ဆိုရေးသားခဲ့ပါသည်။

ရဟန်းတော်များသည် ထိုဆရာတပည့်တို့၏ညဉ့်အချိန်တိုင်အောင် ပြောဆိုနေသောဆရာ၏ကဲ့ရဲ့မှု၊ တပည့်၏ချီးမွမ်းမှုစကားများကိုအစအဆုံး ကြားသိတော်မူနေကြသဖြင့် နံနက်လင်းသောအခါ ထိုအကြောင်းကို စုဝေးပြောဆိုနေမိကြသည်၊ ထိုအခါဗုဒ္ဓသည် ရဟန်းတော်များထံသို့ကြွလာပြီး အကြောင်းအကျိုးမေးသည်၊ ရဟန်းတော်များက သုပ္ပိယပရိဗိုဇ်ရတနာသုံးပါးအပေါ်

ကဲ့ရဲ့ရှုတ်ချပြောဆိုနေမှု၊ ဗြဟ္မဒတ်လုလင် ရတနာသုံးပါးဂုဏ်ကို ချီးမွမ်းပြောဆိုမှုအကြောင်းစုံကို လျှောက်ထားပြကြသည်။

ထိုအခါ ဗုဒ္ဓက ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းများနှင့်ပတ်သက်၍ စိတ်ထားရမည့်နည်းနှင့်တကွ ဖြေရှင်းရမည့်နည်းဖြစ်သော ဘုရားအားဖြစ်စေ၊ တရားအားဖြစ်စေ၊ သံဃာအားဖြစ်စေ၊ သူတစ်ပါးတို့က ကဲ့ရဲ့စကားပြောကြားကြကုန်လျှင် ထိုကဲ့ရဲ့မှု၌ ရန်ငြိုးဖွဲ့ခြင်း၊ မနှစ်သက်ခြင်း၊ စိတ်မကောင်းခြင်း မပြုကြကုန်လင့်၊ ရန်ငြိုးဖွဲ့ခြင်းစသည်ကို ပြုပါက မိမိမှာသာအန္တရာယ်ဖြစ်မည်၊ သူတစ်ပါးတို့၏စကားကောင်း၊ စကားဆိုးကိုခွဲခြား၍ သိနိုင်တော့မည်မဟုတ်၊ ကဲ့ရဲ့ပြောဆိုမှုရှိလာပါက ဤအကြောင်းကြောင့် ဤစကားသည် မမှန်၊ ဤအကြောင်းသည် ငါတို့၌မရှိကုန်ဟု မမှန်သောစကားကို မမှန်သောအားဖြင့် ဖြေရှင်းရမည်၊ ချီးမွမ်းစကားပြောဆိုခံရလျှင်လည်း နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ စိတ်တက်ကြွခြင်း မဖြစ်လင့်၊ ထိုသို့ဖြစ်က အန္တရာယ်ဖြစ်လိမ့်မည်၊ ချီးမွမ်းမှု၌ မှန်လျှင်မှန်ကြောင်း ဤတရားများ မိမိတို့၌ရှိကြောင်းမှန်ကြောင်း ဝန်ခံပြောဆိုရမည်၊ ဟူ၍စိတ်ထားနည်း၊ ဖြေရှင်းနည်းကို ဟောကြားပြသခဲ့သည်။

ထို့ပြင် ချီးမွမ်းခြင်းဆိုသောစကားမှ ပုထုဇဉ်လူသာမန်တို့ ချီးမွမ်းခြင်း၊ အရိယာပညာရှိတို့ချီးမွမ်းခြင်းများကိုခွဲခြား၍ ဟောကြားရာမှ ဤဗြဟ္မဇာလဟုခေါ်သော မြတ်သော သဗ္ဗညုတ

အားလုံးသိသော ဉာဏ်တော်ကွန်ယက်အကြောင်းကို ပဓာနအား ဖြင့် ဟောကြားတော်မူသော သုတ်တော်ဖြစ်ပေါ်လာရပါသည်။

ဤသုတ်နှင့်ပတ်သက်၍ ရှင်အာနန္ဒာက ဘုရားရှင်ကို မေး၍ ဘုရားရှင်ကိုယ်တော်တိုင်က-

-ဤတရားတော်ဒေသနာကို ပစ္စုပ္ပန်-တမလွန် ကောင်း ကျိုးနှစ်ပါးကိုဖြန့်၍ ဟောရာဖြစ်သောကြောင့် အတ္ထဇာလ ဟူ၍လည်းကောင်း

-များစွာသော ပါဠိဓမ္မတို့ကိုဖြန့်၍ဟောရာဖြစ်သော ကြောင့် ဓမ္မဇာလဟူ၍လည်းကောင်း၊

-မြတ်သောသဗ္ဗညုတဉာဏ်တော်ကိုဖြန့်၍ ဟောရာဖြစ် သောကြောင့် ဗြဟ္မဇာလ ဟူ၍လည်းကောင်း၊

-မိစ္ဆာဒိဋ္ဌိအယူ ၆၂-ပါးတို့ကို ဖြန့်၍ဟောရာဖြစ်သော ကြောင့် ဒိဋ္ဌိဇာလ ဟူ၍လည်းကောင်း၊

-ဒေဝပုတ္တမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ် ကိလေသာမာရ်တို့ကို အောင်မြင်ရာ အတုမဲ့မဟာအောင်မြေနှင့်တူသော ကြောင့် အနုတ္တရသင်္ဂါမဝိဇယ ဟူ၍လည်းကောင်း ခေါ်ဆိုရသောသုတ်ဖြစ်သောကြောင်း ဗုဒ္ဓက ရှင်းလင်း မိန့်ကြားခဲ့ပါသည်။

တစ်ဖန် ဤသုတ်တွင် ဗုဒ္ဓက ချီးမွမ်းမှုနှင့်ပတ်သက်၍ ချီးမွမ်းမှု(၂)မျိုးကို ခွဲခြားဟောကြားရာ၌ သီလအကျင့်မျှဖြင့်

ချီးမွမ်းနည်းမှာ ပုထုဇဉ်လူသာမန်တို့ ချီးမွမ်းနည်းဖြစ်၍ ဗုဒ္ဓအဖို့မှာ အချီးမွမ်းကောင်းမဟုတ်သေးကြောင်း လောကတွင်ရှိရှိသမျှ ရဟန်း၊ ရှင်၊ လူတို့ အမျိုးမျိုးအဖုံဖုံ ကြံဆစွဲလမ်းလာကြသော အယူဝါဒများနှင့်ထိုအယူဝါဒ(၆၂)ပါးတို့ထက် သာလွန်သော မဂ်ဖိုလ်နိဗ္ဗာန်တရားထူး တရားမြတ်တို့ကိုပါ အကြွင်းမဲ့သိမြင်တော်မူပါပေသည်ဟု အလုံးစုံသိသောဉာဏ်တော်ဖြင့် ချီးမွမ်းမှသာ အရိယာပညာရှိတို့၏ချီးမွမ်းနည်း ဗုဒ္ဓအဖို့ ကောင်းသောချီးမွမ်းနည်းမျိုးဖြစ်နိုင်ကြောင်း ဟူသောအချက်မှာ ဤဗြဟ္မဇာလသုတ်၏ လိုရင်းအဓိပ္ပာယ်ဖြစ်ပါသည်။

ဤဗြဟ္မဇာလသုတ်တွင်ပါဝင်သော အချက်အလက်များကို အသေးစိတ်၊ အကျဉ်းချုပ်ဖော်ပြရလျှင် ဤသုတ်တွင် သီလငယ် (၂၄)ပါး၊ သီလလတ်(၁၀)၊ သီလကြီး(၇)၊ အခြေခံသီလ (၃)မျိုး၊ ပုဗ္ဗန္တာနုဒိဋ္ဌိ ခေါ် သံသရာ၏ရှေ့အဖို့ကို ကြံဆကုန်သော သံသရာ၏ရှေ့အဖို့ကို အစဉ်လိုက်သော အယူဝါဒ(၁၈)မျိုး၊ သံသရာ၏နောက်အဖို့ကို ကြံဆကြကုန်သော သံသရာ၏နောက်အဖို့ကို အစဉ်လိုက်သော (အပရန္တာနုဒိဋ္ဌိ)ဒိဋ္ဌိ ၄၄-ပါး၊ စုစုပေါင်း ဒိဋ္ဌိ (၆၂)မျိုးတို့ဖြစ်ပွားလာပုံကို အကျယ်နှင့်ထိုဒိဋ္ဌိတို့၏အလားအလာများ ထိုဒိဋ္ဌိတို့အစွဲလွတ်ပုံကင်းပုံများကို ရှင်းလင်းဟောကြားထားပါသည်။

ဤဖြဟ္မဇာလသုတ်ကို လေ့လာအကဲခတ်ကြည့်မည်ဆို ပါက သဗ္ဗညုတဉာဏ်ခေါ် အလုံးစုံသိသော ဉာဏ်တော်၏အစွမ်း သတ္တိကြီးမားပုံနှင့်ဗုဒ္ဓဘုရားဆိုသည်မှာ ဤသို့သော အလုံးစုံသော အရာကိုသိနိုင်သောဉာဏ်ပိုင်ရှင် အတုမရှိပုဂ္ဂိုလ်မျိုးဖြစ်သည်ကို သိရှိနားလည်နိုင်ပါမည်။

ထိုကဲ့သို့သော ဒိဋ္ဌိအယူ(၆၂)အပါး ပေါ်ပေါက်လာရ ခြင်းအကြောင်းမှာ-

ဖဿ -အာရုံကို ရှေးဦးစွာတွေ့ထိသော စေတသိက်ပေါင်းဆုံ ထိတွေ့မှု

ဝေဒနာ -ခံစားခြင်းသဘောရှိသော စေတသိက်ခံစားမှု

တဏှာ -တပ်မက်ခြင်းသဘောရှိသော လောဘစေတသိက်၏ တပ်မက်မှု

ဥပါဒါန် -စွဲလမ်းခြင်းသဘောရှိသော လောဘနှင့်ဒိဋ္ဌိစေတသိက် စွဲလမ်းမှုတို့ကို အရင်းခံ၍ ဖြစ်ပေါ်လာရပါသည်။

## ဗြဟ္မဇာလသုတ်လာ အယူများကြွဲစည်သူတို့၏သဘာဝနှင့် အယူအဆများအပေါ် ဗုဒ္ဓဂေါတမ၏အမြင်ကို လေ့လာအကဲခတ်ခြင်း

ဗုဒ္ဓဂေါတမသည် ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်ပြီးသော် ဗုဒ္ဓဂေါတမ၏ဒေသနာတော်ဟူသော ကြုံးဝါးသံသည် ကြီးကျယ်ခဲ့သည်၊ ဓမ္မသို့ နက်ရှိုင်းစွာ သက်ဝင်ခဲ့သည်၊ ဗုဒ္ဓဂေါတမ၏ဉာဏ်တော်ကြီးကျယ်သည်အဖြစ် ထင်ရှားလာခဲ့သည်၊ ဗုဒ္ဓဂေါတမ၏ ဒေသနာတော်သည် လက္ခဏာရေးသုံးပါးတို့ဖြင့် ခပ်နှိပ်ထားအပ်သည်ဖြစ်၍ အတ္တပါ ကင်းဆိပ်သည့်အဖြစ်နှင့်စပ်ယှဉ်သည်ဖြစ်၍ နက်နဲလွန်းလှပါသည်။

ဗုဒ္ဓဂေါတမသည် ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာလေးပါးတရားတို့ကို ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားခဲ့ပါသည်၊ ထိုကဲ့သို့ နက်နဲစွာ ခွဲခြားစိတ်ဖြာဟောနိုင်သောပုဂ္ဂိုလ်သည် တစ်ပါးသော ပုဂ္ဂိုလ်တို့၌ ဉာဏ်စွမ်းလည်းမရှိပါ၊ ကိုယ်အားလည်းမရှိပါ။

သို့အတွက် ဗုဒ္ဓသည် ဤဗြဟ္မဇာလသုတ်၌ မည်သည့် ပုဂ္ဂိုလ်မှခွဲခြမ်းစိတ်ဖြာ၍ မပြနိုင်သော အယူဝါဒများကို ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားပြသခဲ့ပါသည်။

ဤဗြဟ္မဇာလသုတ်ရှိ ဗုဒ္ဓဂေါတမ ခွဲခြမ်းစိတ်ဖြာ၍ ဟောခဲ့သော အယူဝါဒများမှာ-

-လေးယောက်သောသတ္တဝါတို့သည် သဿတ အယူရှိကြသည်။

-လေးယောက်သောသတ္တဝါတို့သည် ဧကစ္စသဿတ အယူရှိကြသည်။

-လေးယောက်သောသတ္တဝါတို့သည် အမရာဝိက္ခေပ အယူရှိကြသည်။

-နှစ်ယောက်သောသတ္တဝါတို့သည် အဓိစ္စသမုပ္ပန္နအယူရှိကြသည်။

-တစ်ဆယ့်ခြောက်ယောက်သောသတ္တဝါတို့သည် သညီ အယူရှိကြသည်။

-ရှစ်ယောက်သောသတ္တဝါတို့သည် အသညီအယူရှိကြသည်။

-ရှစ်ယောက်သောသတ္တဝါတို့သည် နေဝသညီ နာသညီ အယူရှိကြသည်။

-ခုနှစ်ယောက်သောသတ္တဝါတို့သည် ဥစ္ဆေဒအယူ ရှိကြသည်။

-ငါးယောက်သောသတ္တဝါတို့သည် ဒိဋ္ဌဓမ္မနိဗ္ဗာနအယူရှိကြသည်။

ဗုဒ္ဓဂေါတမ ဤသတ္တဝါများသည် ထိုအကြောင်းတို့ကို အမှီပြုတွေးဆပြီး ထိုအယူများကိုယူကြကုန်သည် ဟူ၍ ၆၂-

ပါး သောမိစ္ဆာအယူတို့ကို ခွဲခြမ်းစိတ်ဖြာပြီး အရှုပ်အထွေးမရှိ၊ အပိတ်အပင် အတားအဆီးမရှိအောင် ပြုလုပ်၍ ဟောကြားခဲ့ပါသည်။

ဤတွင် ဗုဒ္ဓဂေါတမက အချို့သောသမဏ-ဗြာဟ္မဏ ဟူ၍ ခေါ်ဝေါ်သုံးစွဲရာ၌ ထိုခေတ်အခါ လူအပေါင်းက သမဏ (ရဟန်း)ဗြာဟ္မဏ(ပုဏ္ဏား)ဟူ၍ သမုတ်ထားပြီးခေါ်ဝေါ်မှုရှိကြသည်၊ ရဟန်းအဖြစ်သို့ကပ်ရောက်သူကို သမဏ ဟုခေါ်သည်၊ ဇာတ်အားဖြင့် ဗြာဟ္မဏအမည်ရှိကြသည်။

ဗြာဟ္မဏဇာတ်အနွယ်နှင့် ဗြာဟ္မဏအကျင့်ဓလေ့စရိုက်ကို မကြိုက်၍ ခွဲထွက်သောသူတို့သည် ရသေ့အသွင်၊ ပရိဗိုဇ်အသွင် ဝတ်ဆင်ပြီး သီးသန့်တရားအကျင့်နှင့်နေခဲ့သောပုဂ္ဂိုလ်များကို လူအများက သမဏဟူ၍ခေါ်ဝေါ်သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်နှင့်သစ္စာလေးပါးတရားအမှန်ကို မသိကြပဲ တဏှာဒိဋ္ဌိတို့၏အစွမ်းဖြင့် အတိတ်ဖြစ်သောခန္ဓာအဖို့အစုတို့ကို အမျိုးမျိုးကြံဆ၍ တည်ဆောက်လက်ခံသောပုဂ္ဂိုလ်များကို ပုဗ္ဗန္တကပ္ပိယ ဟူ၍ခေါ်ခဲ့ပါသည်။

အတိတ်ဖြစ်သော ခန္ဓာအဖို့ကို အမျိုးမျိုးကြံဆ၍ တည်ကုန်သောထိုပုဂ္ဂိုလ်တို့အား အဖန်ဖန်ပြန်ဖြစ်ခြင်း၊ အစွမ်းအားဖြင့် အတိတ်၏အဖို့ကိုသာ အစဉ်လိုက်နေလေ့ရှိသောပုဂ္ဂိုလ်များကို ပုဗ္ဗန္တာနုဒိဋ္ဌိပုဂ္ဂိုလ်ဟုခေါ်ခဲ့ပါသည်။

ဤအယူရှိကြသောပုဂ္ဂိုလ်တို့သည် အတိတ်အဖို့ကို အကြောင်းပြုအစွဲပြု၍ လူအပေါင်းတို့ကိုလည်း မိစ္ဆာအယူရှိသူများဖြစ်အောင် ပြုလုပ်ကြကုန်သည်၊ တစ်ဆယ့်ရှစ်ပါးသော အကြောင်းဝတ္ထုတို့ဖြင့် အမျိုးမျိုးသောမိစ္ဆာအယူပြစကားများကို ပြောဆိုကြသည်။

ထိုပုဂ္ဂိုလ်များ၏အတိတ်ဘဝကြံဆမှုနှင့်ကြံဆမှုရှိခြင်းဟူသည်ကို တက္ကီဟူ၍ခေါ်ပါသည်၊ တက္ကီဟူသောဝေါဟာရသည် အထူးအားဖြင့် မိစ္ဆာအယူကိုကြံစည်၍ယူသောပုဂ္ဂိုလ်များဟူ၍ ဤနေရာ၌ဆိုလိုခြင်းဖြစ်ပါသည်။

ထိုတက္ကီကိုပင် စူးစမ်းဆင်ခြင်ခြင်းနှင့်ပြည့်စုံ၍ ဝီမံသီဟူ၍ ထပ်မံခေါ်ဆိုပါသည်၊ စူးစမ်းခြင်း(ဝီမံသ)ဟူသည် ချင့်ချိန်ခြင်း၊ နှစ်သက်ခြင်း၊ သဘောကျခြင်းသဘော သက်ဝင်ပါသည်။

ဥပမာ-ယောက်ျားတစ်ယောက်သည် ထိုးဝါးဖြင့် ရေကို စူးစမ်း၍ သက်ဆင်းသကဲ့သို့ အလားတူ အကြင်သူသည် ချင့်ချိန်၍ နှစ်သက်၍ သဘောကျ၍ မိစ္ဆာအယူကိုယူသည်၊ ထိုသူကို ဝီမံသီပုဂ္ဂိုလ်ဟူ၍ခေါ်ပါသည်။

ကြံစည်၍ မိစ္ဆာအယူကိုယူသောပုဂ္ဂိုလ် ၄-မျိုး ရှိသည်-

**၁။ အနုဿုတိကတက္ကီပုဂ္ဂိုလ်**

အကြင်သူသည် ဝေဿန္တရာမည်သော မင်းဖြစ်ခဲ့၏ အစရှိသောစကားတို့ကိုကြား၍ ဝေဿန္တရာသည်ပင် မြတ်စွာ

ဘုရားဖြစ်လာသည်ဟုဆိုလျှင် အတ္တသည်မြဲ၏ ဟုကြံဆ၍ သဿတအယူကိုယူသည်၊ ဤသူကို တဆင့်ကြားဖြင့် ကြံစည်သူ (အနုဿုတိကတက္ကီပုဂ္ဂိုလ်)ဟု ခေါ်သည်။

၂။ ဇာတိဿရတက္ကီပုဂ္ဂိုလ်

သမထစွမ်းအား၊ အဘိညာဉ်စွမ်းအားဖြင့် နှစ်သက်သုံးဆက်သောဘဝတို့ကို ပြန်ပြောင်းအောက်မေ့နိုင်သည်ဖြစ်၍ ငါသည်ပင်လျှင် ရှေးအခါက ဤမည်သောဘဝ၌ဖြစ်ခဲ့၏၊ ထို့ကြောင့် အတ္တသည်မြဲ၏ ဟူ၍ကြံစည်သောသူသည် ဘဝဟောင်းကို အောက်မေ့၍ ကြံစည်သောသူကို ဇာတိဿရတက္ကီပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

၃။ လာဘီတက္ကီကပုဂ္ဂိုလ်

အကြွင်သူသည်ကား အဆင်းအစရှိသော ကာမဂုဏ်တရားငါးပါးကို အလိုရှိသရွေ့ ရရှိနေခြင်းကြောင့် ယခု ပစ္စုပ္ပန်၌ ငါ၏အတ္တသည် ချမ်းသာနေသကဲ့သို့ ရှေးအတိတ်ကလည်း ဤနည်းတူပင်ဖြစ်ခဲ့၏၊ နောင်အနာဂါတ်ကာလ၌လည်း ဤနည်းတူပင် ဖြစ်လိမ့်မည် ကြံစည်၍ မြဲ၏ဟူသော(သဿတ)အယူကို သူ၏၊ ဤသူသည် ကာမဂုဏ်ငါးပါးကိုရရှိနေသည်ဖြစ်၍ ကြံစီသောလာဘီတက္ကီကပုဂ္ဂိုလ် ဟုခေါ်သည်။

၄။ သုဒ္ဓတက္ကီပုဂ္ဂိုလ်

ဤသို့ဖြစ်လျှင် ဤအရာသည်ဖြစ်၏ ဟူ၍ ကြံစည်ခြင်း သက်သက်မျှဖြင့်သာလျှင် မြဲ၏၊ (သဿတ)အယူကိုယူသောသူကို သုဒ္ဓတက္ကိက ဟုခေါ်ပါသည်။

ထိုတက္ကိပုဂ္ဂိုလ်များသည် ဝိရိယ၊ သတိ၊ ဉာဏ်ကိုစွဲပြု၍ စိတ်၏တည်ကြည်ခြင်း (သမာဓိ)သို့ ရရ ရောက်ရာသည်၊ ထို သမာဓိကိုရ၍ အတိတ်ဘဝများစွာကိုပြန်ပြောင်းအောက်မေ့ ဆင်ခြင်နိုင်ကြသည်။

အတွေးအခေါ်များ အယူများမှုဖြစ်စေနိုင်သောအကြောင်း အရာ (၈)ဌာနရှိသည်ဟု အရှင်သာရိပုတ္တာရာက ပဋိသမ္ဘိဒါမဂ်၌ ဟောထားသည်ကို တွေ့ရပါသည်။

(၁) ရုပ်ခန္ဓာ
(၂) မသိမှု (အဝိဇ္ဇာ)
(၃) တွေ့ထိမှု(ဖဿ)
(၄) မှတ်သားမှု (ပညာ)
(၅) ကြံစည်မှု (ဝိတက်)
(၆) မသင့်သောအကြောင်းအရာကိုနှလုံးသွင်းခြင်း (အယောနိသောမနသိကာရ)
(၇) ယုတ်မာသောမိတ်ဆွေ(ပါပမိတ္တ)
(၈) တစ်ပါးသူတို့ထံမှကြားရသောစကား

ဤ(၈)မျိုးသည် မှားသောအယူဖြစ်စေသော ဌာန မည်ပါသည်။

ထိုသို့အယူမှာ (ဒိဋ္ဌိ)ဖြစ်ကြရာတွင် အာရုံ၏အစွမ်းအားဖြင့်လည်းကောင်း၊ ဖြစ်ပုံ၏အစွမ်းအားဖြင့် အဖန်တလဲလဲမှီဝဲခြင်းအစွမ်းအားဖြင့်လည်းကောင်း၊ ထိုသို့သော အခြင်းအရာအားဖြင့် စွဲယူအပ်ကုန်သည်ရှိသော် အပြစ်တို့ကို မမြင်ကြသည်ဖြစ်၍ အဖန်ဖန်စွဲယူကာ အမှားအယူသို့ သက်ဝင်သွားကြရသည်။

ဗုဒ္ဓဂေါတမသည် အကြောင်းနှင့်တကွသော လားရာဂတိနှင့်တကွသော မိစ္ဆာအယူကိုသိတော်မူသည်မဟုတ်၊ ယင်းအားလုံးကိုသိသည့်အပြင် ယင်းအားလုံးတို့ထက်သာလွန်သော သီလ၊ သမာဓိ၊ သဗ္ဗညုတဉာဏ်ကိုလည်း သိတော်ရတော်မူ၍ ဤအယူမှား(ဒိဋ္ဌိ)များကို ထုတ်ဖော်ပြောဆိုနိုင်ခြင်း ဖြစ်ပါသည်။

တိတ္ထိတို့သည် ဤအယူ၌ ငါတို့ချမ်းသာခြင်း ရှိကြလိမ့်မည်ဟူသော မျှော်လင့်ကြလျက် မိစ္ဆာဒိဋ္ဌိဟူသော တောအုပ်ထဲသို့ ဝင်ခဲ့ကြသည်။

ဗုဒ္ဓဂေါတမမူကား ဆန္ဒ၊ ရာဂကင်းကွာပြီး ဖြစ်ခြင်းကြောင့် တဏှာ၊ ဒိဋ္ဌိဟူသော ဥပါဒါန်မရှိသည်ဖြစ်၍ တစ်စုံတစ်ခုသောတရားတို့ကို မစွဲယူဘဲ လွတ်မြောက်ခဲ့ပြီးသူဖြစ်သည်။

ဗုဒ္ဓက ဥပါဒါန်ရှိလျှင် တစ်စုံတစ်ခုကိုစွဲလမ်းရာ၏၊ စွဲလမ်းမှုကြောင့် ခန္ဓာဖြစ်ရ၏၊ စွဲလမ်းမှုမရှိလျှင် ခန္ဓာမဖြစ်၊ ခန္ဓာမဖြစ်က ဘဝသံသရာမှလွတ်မြောက်မည်ဟူ၍ ထုတ်ဖော်ပြခဲ့သည်။

ဗုဒ္ဓထံ၌ရှိသောဂုဏ်တို့ကို ပုထုဇဉ်တို့သည် ဟုတ်တိုင်းမှန်စွာမသိနိုင်ပါ၊ သောတာပန်စသည်တို့တွင် တစ်ဦးဦးသောပုဂ္ဂိုလ်သည်လည်း ပြောဆိုခြင်းငှာ မစွမ်းနိုင်ပါ၊ ဘုရားရှင်၏ဂုဏ်ကို ဘုရားရှင်ကသာ ဟုတ်တိုင်းမှန်စွာ ပြောဆိုနိုင်ပါသည်။

ထို့ကြောင့် ဗုဒ္ဓဂေါတမသည် ဘဝဖြစ်မှုကျင်လည်မှုနှင့် ပတ်သက်၍ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်၊ ဝိညာဏ်ကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတန၊ သဠာယတနကြောင့်ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့်ဘဝ၊ ဘဝကြောင့်ဇာတိ၊ ကိုးပါးသော အခြင်းအရာအားဖြင့် ဇာတိသည်အကြောင်းဖြစ်သည်၊ ဇရာမရဏသည် အကျိုးဖြစ်သည်။

အဝိဇ္ဇာချုပ်က သင်္ခါရချုပ်မည်၊ သင်္ခါရချုပ်က ဝိညာဏ်ချုပ်မည်၊ ဝိညာဏ်ချုပ်က နာမ်ရုပ်ချုပ်မည်၊ နာမ်ရုပ်ချုပ်က သဠာယတနချုပ်မည်၊ သဠာယတနချုပ်က ဖဿချုပ်မည်၊ ဖဿချုပ်က ဝေဒနာချုပ်မည်၊ ဝေဒနာချုပ်က တဏှာချုပ်မည်၊ တဏှာချုပ်က ဥပါဒါန်ချုပ်မည်၊ ဥပါဒါန်ချုပ်က ဘဝချုပ်မည်၊ ဘဝချုပ်က ဇာတိစသည်ချုပ်မည်။

ဟူသော ဘဝဖြစ်မှု၊ ချုပ်မှုကို အမှန်ကိုဟောထုတ်ပြသခဲ့သည်။

ဗုဒ္ဓ၏ ဤတရားတို့သည် နက်နဲခက်ခဲလှသဖြင့် သာမန်လူတို့မြင်နိုင်ခဲသည်၊ သိနိုင်ခဲသည်၊ ဗုဒ္ဓသာလျှင် သဗ္ဗညုတဉာဏ်တော်ဖြင့် မြင်နိုင်၊ သိနိုင်သည်။

ဗုဒ္ဓက ထိုသို့သိနိုင်-မြင်နိုင်၍ ဤအယူဝါဒအသီးသီးတို့ကို ထုတ်ဖော်ဟောကြားခြင်းဖြစ်ပါသည်။

ယနေ့ လူသားလောက၌ မိမိတို့နေရာဒေသ ပတ်ဝန်းကျင်အရ တွေးခေါ်မှုအရ ဖြစ်ပေါ်လာကြသော ယုံကြည်မှု၊ ကိုးကွယ်မှုတို့သည် ဤဗုဒ္ဓဟောကြားခဲ့သော အယူများဆိုသော (၆၂)ပါးသောအယူတို့၌ အကျုံးဝင်နေသည်ကို တွေ့ရပါသည်။

ယနေ့ လောကသဘာဝကို စမ်းသပ်တီထွင်စုံစမ်းမှုပြုနေကြသောသိပ္ပံအမြင်ရှိကြသောပုဂ္ဂိုလ်တို့သည် ဤလောကသဘာဝစသည်တို့ကို လေ့လာသုံးသပ်ဖော်ထုတ်နေကြပါသည်။

ထိုသိပ္ပံပညာရှင်တို့၏ ထုတ်ဖော်သုံးသပ်မှုတို့သည် လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀)ကျော်က ဂေါတမဗုဒ္ဓ ဖော်ထုတ်ဟောကြားခဲ့သော သဘာဝနိယာမများနှင့် အံကိုက်ဖြစ်နေပါသည်၊ လွဲချော်မှုဆိုသည်မှာ မရှိသေးသည်ကို ယနေ့အံ့သြစွာ တွေ့ရဆဲဖြစ်ပါသည်။

ဗုဒ္ဓထုတ်ဖော်ဟောကြားခဲ့သော ထိုအယူအဆအတွေးအခေါ်မှာ (ဒိဋ္ဌိ)အယူတို့သည်လည်း ယနေ့ခေတ်သဘာဝနှင့် ချိန်ထိုးသော် ဗုဒ္ဓက ထိုအချိန်ကလွဲမှားသောအယူဟု ပြောကြားခဲ့သလို ယနေ့လွဲမှားစွာဖြစ်နေသည်ကို တွေ့ရပါမည်။

ဗုဒ္ဓဂေါတမ၏ ဤဗြဟ္မဇာလသုတ်သာ အယူဝါဒဖော်ထုတ်မှုများသည် ခေတ်သဘာဝနှင့်ကိုက်ညီနေသလို လောကလူသားတို့အား အမှန်တရားတွေးခေါ်မှုဖြစ်အောင် လမ်းညွှန်ပေးသကဲ့သို့ ရှိနေပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

# ဝေဖန်မှုကဲ့ရဲ့မှုချီးမွမ်းမှုများနှင့် ပတ်သက်၍ ဗုဒ္ဓဂေါတမ၏အမြင်ကို ဝေဖန်သုံးသပ်အကဲခတ်ခြင်း

ဗုဒ္ဓသည် နောက်ပါရဟန်းငါးရာနှင့်အတူ ရာဇဂြိုဟ်မြို့မှ နာဠန္ဒာသို့ ခရီးရှည်ကြွခဲ့ရာ အချိန်လွန်နေသဖြင့် အမ္ဗလဋ္ဌိက ခေါ်သရက်ဥယျာဉ်၌ တစ်ညနားနေသည်။

ဗုဒ္ဓရာဇဂြိုဟ်ကထွက်စမှာပင် သုပ္ပိယပရိဗိုဇ်နှင့်တပည့် ဗြဟ္မဒတ်လုလင်တို့ကလည်း နောက်ပါတပည့်များနှင့်အတူ ဘုရားနောက်က လိုက်ပါလာပြီး ထိုသရက်ဥယျာဉ်တစ်နေရာ၌ တည်းခိုကြသည်။

ထိုဆရာတပည့်(၂)ယောက်တွင် ဆရာဖြစ်သူက သုပ္ပိယ ပရိဗိုဇ်က ဘုရားရှင်၏ ကျေးဇူးမဲ့စကားတို့ကို ပြောကြားသည်၊ တပည့်ဗြဟ္မဒတ်လုလင်က ရတနာသုံးပါး၏ဂုဏ်ကို ချီးမွမ်းပြော ဆိုသည်၊

ရဟန်းတို့သည် ထိုဆရာ တပည့်တို့၏ ညဉ့်အချိန်တိုင် အောင် ပြောဆိုဝေဖန် ဆွေးနွေးကြသောအသံကိုကြားကြ၍ နံ နက်မိုးလင်းတွင် ထိုအကြောင်းကို ရဟန်းတို့ ဆွေးနွေးမိကြသည်၊

ထိုဆွေးနွေးပွဲသို့ ဘုရားရှင်ကြွလာပြီး အကြောင်းစုံကို မေးသည်၊ထို့နောက်ဘုရားရှင်က ချီးမွမ်းမှု၊ကဲ့ရဲ့မှုနှင့်ပတ်သက်၍ စိတ်ထားရမည့်နည်းနှင့် တကွဖြေရှင်းရမည့်နည်းလမ်းကိုလမ်း ညွှန် ဟောကြားနည်းပြခဲ့သည်။

ရတနာသုံးပါးတစ်ပါးပါးကို ကဲ့ရဲ့စကားပြောကြားလျှင် ထိုကဲ့ရဲ့မှု၌ ရန်ငြိုးဖွဲ့ခြင်း၊မနှစ်သက်ခြင်း၊ စိတ်မကောင်းခြင်းမျိုး မဖြစ်ကြရ၊ထိုသို့ပြုသဖြင့် အန္တရာယ်ဖြစ်နိုင်သည့်အပြင် သူတစ်ပါး၏စကားကောင်း၊ စကားဆိုးကိုခွဲခြား၍ မသိနိုင်တော့၊ ကဲ့ရဲ့စကားပြောကြားလာလျှင် ဤအကြောင်းကြောင့် ဤစကားသည် မမှန်၊ ဤအကြောင်းသည် ငါတို့မရှိကုန်-ဟု မမှန်သောစကားကို ဟုမမှန်သောစကားကို မမှန်သောအားဖြင့် မမှန်ဟု ဖြေရှင်းရမည်၊ ချီးမွမ်းစကား ပြောကြားလာလျှင်လည်း ချီးမွမ်းမှု၌ နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ စိတ်တက်ကြွခြင်းကို မပြုကြကုန်လင့်၊ ထိုသို့ဖြစ်ခြင်းသည် အန္တရာယ်သာ ဖြစ်မည်၊ ချီးမွမ်းသူကို ဤအကြောင်းကြောင့် ဤစကားမှန်သည် ဤသဘောတရား ငါတို့၌ရှိ၏ ဟုတ်မှန်သောစကားကို ဟုတ်မှန်သောအားဖြင့် ဝန်ခံကြမည် ဟူ၍ ဗုဒ္ဓက ချီးမွမ်းသူနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းကို လမ်းညွှန်ပြခဲ့ပါသည်။

ဗုဒ္ဓက ချီးမွမ်းပြောဆိုသောစကားမှ ပုထုဇဉ်လူသာမန်တို့ချီးမွမ်းခြင်း အရိယာပညာရှိတို့ ချီးမွမ်းခြင်းများကို ခွဲခြား၍ အကျယ်တဝင့် ဟောကြားရာမှ ဤဗြဟ္မဇာလသုတ် ဖြစ်ပေါ်လာခဲ့ပါသည်။

ချီးမွမ်းနည်းတွင် သီလအကျင့်ဖြင့်ချီးမွမ်းနည်းမှာ ပုထုဇဉ်လူသာမန်တို့ ချီးမွမ်းနည်းဖြစ်၍ ဗုဒ္ဓအဖို့မှာ အချီးမွမ်းကောင်းမဟုတ်သေးကြောင်း လောကတွင် ရှိရှိသမျှ ရဟန်းရှင်လူတို့

အမျိုးမျိုး အဖုံဖုံကြံဆ စွဲလမ်းကြသော အယူဝါဒများနှင့် ထိုအယူဝါဒ(၆၂)ပါးတို့ထက် သာလွန်သောမဂ်ဖိုလ်တရားထူး တရားမြတ်တို့ကိုပါ အကြွင်းမဲ့ သိမြင်တော်မူပါသည်ဟု ခပ်သိမ်းသောဉာဏ်တော်ဖြင့် ချီးမွမ်းနည်း-ဗုဒ္ဓအဖို့ ကောင်းသောချီးမွမ်းနည်းဖြစ်နိုင်ကြောင်း ဟူသောအချက်ကို ဤဗြဟ္မဇာလသုတ်က ဖေါ်ညွှန်းထားပါသည်၊

ဗုဒ္ဓ၏ ချီးမွမ်းမှု၊ ကဲ့ရဲ့မှုနှင့် ပတ်သက်သော လမ်းညွှန်ချက်များကို လေ့လာလျှင် ယနေ့ကမ္ဘာနိုင်ငံအသီးသီးတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ ပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦး နိုင်ငံရေးအရ စီးပွားရေး စစ်ရေးအရ လည်းကောင်း၊ လူမှုရေးအရ လည်းကောင်း စွပ်စွဲမှု ၊ ပုတ်ခတ်မှုများကို အများအပြား တွေ့နေကြရပြီး ထိုစွပ်စွဲပုတ်ခတ်မှုများဖြစ်ပေါ်လာမှုတို့ကို မိမိတို့၏ သတင်းစာ၊ ရေဒီယိုတယ်လီဗေးရှင်း၊ ဂြိုဟ်တု၊ အင်တာနက်တို့မှတစ်ဆင့် ဖြေရှင်းထုတ်ပေးနေကြရသည်။

ဤနိယာမသဘောတရားသည် လူ့လောက လူ့သဘာဝတွင် အမြဲဖြစ်နေကြရာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တစ်ဦးနှင့်တစ်ဦး စွပ်စွဲမှု၊ ပုတ်ခတ်မှုတို့ကို မခံမရပ်နိုင် ဖြစ်လာသောအခါ ရန်သူသဖွယ်ဖြစ်လာကြပြီး နောက်ဆုံးတစ်နိုင်ငံနှင့်တစ်နိုင်ငံ ဒေါသအလျောက် စစ်ပွဲများကျင်းပကြကာ စစ်ခင်းပြီး ဖြေရှင်းနေကြရသည်။

ဗုဒ္ဓလမ်းညွှန်ခဲ့သောနည်းဖြင့်သာ စွပ်စွဲမှု၊ ကဲ့ရဲ့မှု ရှုတ်ချမှု ပြဿနာတို့ကို ဖြေရှင်းနိုင်ကြလျှင် ယနေ့ကမ္ဘာ့လူသားများသည် တစ်ဦးပေါ်တစ်ဦး၊ တစ်နိုင်ငံအပေါ်တစ်နိုင်ငံ အဆိုးမြင်ဝါဒမဖြစ်ကြဘဲ အမှန်တရားကို မေတ္တာတရားဖြင့် လက်ခံပါက ယနေ့လူသားကမ္ဘာကြီးသည် ငြိမ်းချမ်းသာယာနေပါမည်။

ယနေ့ကမ္ဘာ့လူသားတို့ ဗုဒ္ဓ၏ လမ်းညွှန်ချက်ကို မသိမလေးစား၊ မလိုက်နာကြ၍သာ ဤကမ္ဘာကြီးငြိမ်းချမ်းမှု မရဘဲ လောဘ၊ ဒေါသများဖုံးလွှမ်းပြီး၊ အမြဲစစ်မီးတောက်၊ စီးပွားရေးကပ်များ ဆိုက်ရောက်ကာ ဆင်းရဲတွင်း၊ သံသရာ နစ်မွန်းနေရသည်ဟု လေ့လာသုံးသပ် အကဲခတ်မိပါသည်။

ဗုဒ္ဓက ကဲ့ရဲ့ရှုတ်ချလာသူကို မိမိ၌ မဟုတ် - မရှိလျှင် မဟုတ်၊ မရှိကြောင်း ရှင်းပြပါ၊ ထိုသို့မရှင်းပါက တစ်ဘက်မှာ သံသယပိုပွားပြီး နှစ်ဦးနှစ်ဘက် စိတ်ဆင်းရဲရသည်၊ အမျက်ဒေါသဖြစ်ရသည်၊ ချီးမွမ်းမှုကို-အမှန် ဟုတ်အမှန်ရှိနေပါက မှန်ကြောင်း၊ရှိကြောင်း ဝန်ခံဖြေရှင်းသဖြင့် နှစ်ဦးနှစ်ဘက် စိတ်ချမ်းသာရသည်။

ထို့ကြောင့်လောကရှိ လူသားတို့သည် ကဲ့ရဲ့မှု၊ ချီးမွမ်းမှုတို့နှင့်ပတ်သက်၍ ဗုဒ္ဓဂေါတမလမ်းညွှန်သည့်အတိုင်း လိုက်နာဖြေရှင်းမှုပြုပါက နှစ်ဦးနှစ်ဝ ချမ်းသာမှု ရနိုင်မည်ဖြစ်ကြောင်း လေ့လာသုံးသပ်မိပါသည်။

# ဗြဟ္မဇာလသုတ်လာ သီလ(၃)မျိုးကို ဝေဖန်သုံးသပ်အကဲခြတ်ခြင်းအမြင်

ပုထုဇဉ်ပုဂ္ဂိုလ်များက ဗုဒ္ဓ၏ဂုဏ်ကျေးဇူးကို ချီးမွမ်းကြသည်ဆိုက အနည်းငယ်မျှဖြစ်သော သီလဖြင့်သာလျှင် ချီးမွမ်းကြပေလိမ့်မည် ဟုဗုဒ္ဓကရဟန်းများကို ဟောကြားပြီး သီလ(၃)မျိုးကို ခွဲခြားပြခဲ့သည်၊ ဗုဒ္ဓခွဲခြားဟောကြားပြခဲ့သော သီလ(၃)မျိုးတွင်--

စူဠသီလ (အသေးစားသီလ)

-သူ့အသက်မသတ်ခြင်းမှအစ ဒုရိုက်ဆယ်ပါး ရှောင်ကြဉ်မှု၊ကခုန်, သီဆို, တီးမှုတ်မှု, နားထောင်ကြည့်ရှုမှုများ၊ နေ့လွဲညစာစားမှုများ၊ နံ့သာလိမ်းကျံမှုများ၊ ပန်းပန်မှု စသည်များ ရွှေငွေအလှူခံမှုများ -မျိုးစေ့သစ်ပင်ဖျက်ဆီးမှုများ၊ စပါး(၇)မျိုး အလှူခံမှု မိန်းမပျိုကိုအလှူခံမှု၊ ကျွန်,ကျွန်မအလှူခံမှု၊ ဆိတ်,သိုး, ကြက်, ဝက်,ဆင်,မြင်း,နွားအလှူခံမှုများ၊ လယ်ယာအလှူခံမှုများ၊ လူတို့အစေခံ၊ သံတမန်အမှုပြုခြင်းများ၊ ရောင်းဝယ်လုပ်မှုများ၊ လာဘ်စားခြင်း၊ လှည့်ပတ်ခြင်းများ၊ လုယက်ဖျက်ဆီးမှုများ စသည်များ ရှောင်ကြဉ်ခဲ့သည်၊

မဇ္ဈိမသီလ(သီလလတ်)

-လူတို့လှူသော အစားအစာကို စားသောက်ပြီး ဤအကျင့်များကိုကျင့်နေကြသည်၊

-မျိုးစေ့သစ်ပင်အမျိုးမျိုးကိုဖျက်ဆီးခြင်း၊

-စားဖွယ်,သောက်ဖွယ်,အဝတ်,ထီး,ဘိနပ် ဆေး,အိပ်ရာ,နံ့သာ,ပဲ,နှမ်း စသည်များ သိမ်းဆည်းခြင်း

-ပွဲလမ်းသဘင်အမျိုးမျိုးတို့ကို ကြည့်ရှုခြင်း

-စကားနည်းအမျိုးမျိုးကို ကစားခြင်း

-မြင့်မြတ်သောနေရာ၌ ထိုင်နေခြင်း

-နံ့သာလိမ်း,ပန်းပန်စသည် တန်ဆာဆင်ခြင်း

-မဂ်၊ ဖိုလ်ဖိလာဖြစ်သော တိရစ္ဆာန်စကားပြောခြင်း

-ရန်စကားပြောကြားခြင်း

-အခိုင်းအစေခံ၍ ပြုလုပ်ပေးခြင်း

-လာဘ်ရမှု၊ အရိုအသေခံရအောင် အံ့ဩမှုဖြစ်အောင်ပြုခြင်း

မဟာသီလ

-လူတို့လှူသောအစားအစာကို စားပြီး မှားယွင်းသောအသက်မွေးမှုတို့ကိုပြုလုပ်၍ အသက်မွေးနေကြသည်၊

-မဂ်၊ဖိုလ်မှဖီလာဖြစ်သော ကိုယ်အင်္ဂါကျမ်းစသည်များ

-နိုင်ငံရေး ဗေဒင်များ၊ နက္ခဗေဒင်များ၊ ဗေဒင်ဟော ဂဏန်းတွက်မှုများ လက္ခဏာကျမ်း စသည်များ

-အခါပေး၊ ဆေးကု၊ ဓာတ်ရိုက်မှုပြုပေးမှုများ

-နတ်ကိုးမှု၊ ဆေးကုမှုများ၊ ပူဇော်မှုများ

ဗုဒ္ဓသည် ဤသီလအဆင့်(၃)မျိုးကို ဟောကြားပြီး မိမိသည် ထိုသီလ(၃)မျိုးကို မကျင့်သဖြင့် ပုထုဇဉ်တို့က ချီးမွမ်းလျှင် ချီးမွမ်းမည် ဟု ဟောကြားခဲ့သည်။

ဤသီလ (အလေ့အကျင့်) တွင် စူဠသီလဟုခေါ်သော ကျင့်စဉ်များသည် ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါးကို မပြုလုပ်မှု ဒုစရိုက်ဆယ်ပါးကို မကျင့်သုံးခြင်းကို ဖော်ပြထားသလို ဗုဒ္ဓ၏တပည့်သားသာမဏေ(ကိုရင်များ) ဆောက်တည်ရမည်ကို လိင်ဆယ်ပါး ဒဏ်(၁၀)ပါးကျင့်စဉ်တရားများလည်း ဖြစ်သည်ကို တွေ့ရပါမည်၊ ဒုစရိုက်(၁၀)ပါးသည် လောကလူသားအားလုံးတို့မကျင့်သင့်၊ မကျင့်ထိုက်သော လောကသံသရာနှစ်ဖြာမကောင်းကျိုးပေးသော ကျင့်စဉ်များ ဖြစ်ပေသည်။

မဇ္ဈိမသီလပါ အလေ့အကျင့်များသည် ယနေ့လူသားလောကတွင် အမြတ်တနိုးထားပြီး ပြုလုပ်ဆောင်ရွက်နေကြသော အလေ့အထ အလုပ်များဖြစ်နေကြပါသည်၊ ယနေ့လူသားတို့သည် ထိုအလေ့အထများ၌ ပျော်မွေ့နှစ်သက်ကြပါသည်။

မဟာသီလပါ အတတ်ပညာများသည်လည်း ယနေ့လူသားတို့ အသက်မွေးဝမ်းကျောင်းအတွက် မိမိတို့ဘဝတိုးတက်ကြီးရေးအတွက် ပြုလုပ်ဆောင်ရွက်နေကြသော အတတ်ပညာနှင့် အလေ့အထများဖြစ်သည်ကို တွေ့ရပါမည်။

ဤအကျင့်အလေ့အထများသည် လောကီစားဝတ်နေရေးအရ အထောက်အကူဖြစ်မည်ဖြစ်သော်လည်း မဂ်၊ ဖိုလ်ရရေးအတွက်မူ ဖီလာကန့်လန့်ဖြစ်နေသော အကျင့်များ အတတ်ပညာများ ဖြစ်နေကြပါသည်။

ယနေ့ကမ္ဘာပေါ်တွင် ပေါ်ထွန်းခဲ့သော ဘာသာအသီးသီးတွင် ဤမျှအဆင့်အတန်းမြင့် ခွဲခြားထားသော သီလပညတ်ချက်၊ ကျင့်ဝတ်များရှိသည်ကို မတွေ့ရပါ။ လောကလူသားတစ်ယောက်အတွက် လူဘဝချမ်းသာရေး သံသရာမှ လွတ်မြောက်ရေးအတွက် ရှောင်ရမည့်သီလ အလေ့အကျင့်ဆိုးများကို ဗုဒ္ဓဂေါတမတစ်ပါးတည်းကသာ ထုတ်ဖော်ဟောနိုင်ခဲ့ပါသည်၊ ယနေ့အထိ မည်သည့်ဘုရားအမည်ခံပုဂ္ဂိုလ်မှ ဤမည်သောသီလအမျိုးအစားကိုခွဲခြား၍ မဟောနိုင်ခဲ့သေးပါ။

ဤ သီလ အဆင့်အတန်းများကို လေ့လာ အကဲခတ်ကြည့်ပါက လူသားတစ်ယောက်၏ မြင့်မြတ်သောအဆင့်ရောက်ဖို့ဆိုသည်မှာ သာမန်စိတ်ဓာတ်၊သာမန်အားထုတ်မှု ထိန်းသိမ်းကျင့်ကြံမှုဖြင့် မရနိုင်ကြောင်း တွေ့ရှိရပါမည်။

ဤသီလကျင့်စဉ်များကို ဖေါ်ထုတ်ဟောကြားပေးသော ဗုဒ္ဓ၏ဉာဏ်တော်သည်လည်း အလွန်ပင် လူ့နတ် ဗြဟ္မာတို့ လေးစားပူဇော်ရာ ဖြစ်ထိုက်ပါသည်။

ကမ္ဘာပေါ်ရှိ လူသားအသီးသီးသည် ဤဂေါတမဗုဒ္ဓ၏ သီလအမျိုးအစားအဆင့်တို့ကို လေ့လာခွင့် သိရှိခွင့်ရကြပါလျှင် ထိုကမ္ဘာလူသားတို့သည် ဗုဒ္ဓဂေါတမအပေါ်၌ လေးစားမြတ်နိုးကြမည်ဖြစ်သလို မိမိတို့၏ဘဝလူမျိုး အဆင့်မြင့်နိုင်ရေးအတွက်လည်း တစ်ဘက်တစ်လမ်းက ကြိုးစားဆောင်ရွက်နိုင်ကြမည်သာ ဖြစ်ပါသည်။

သီလသည် လူသားအတွက် အခြေခံဖြစ်သလို လွတ်မြောက်ရေးအတွက်လည်း အဓိကတရားဖြစ်သည်ကို လေ့လာသိထားပါက လူသားတို့သည်မိမိတို့၏ဘဝတန်ဖိုးရှိစွာ အသုံးချနိုင်ပြီး မြင့်မြတ်သောဘဝနှင့် သံသရာကလွတ်မြောက်ရေးကိုပါ ရရှိနိုင်ကြလိမ့်မည်ဟု သုံးသပ်မိပါသည်။

## ဗြဟ္မဇာလသုတ်လာ သမဏ-ဗြာဟ္မဏတို့၏ ရှေး၌ဖြစ်ခဲ့မှုအပေါ်ကြံဆယူကြသောအယူဝါဒအမျိုးမျိုးအပေါ်၌ ဝေဖန်သုံးသပ်အကဲခတ်ခြင်းအမြင်

ဗုဒ္ဓသည် မိမိမပွင့်၊ မပေါ်ထွန်းမီ ပွင့်ပေါ်ထွန်းခဲ့ကြသော သမဏ-ဗြာဟ္မဏအမည်ခံ ပုဂ္ဂိုလ်များ၏ အယူဝါဒ(၆၂)မျိုးကို ဗြဟ္မဇာလ(အယူလွန်ရက်)သုတ်၌ ဝေဖန်ဟောကြားပေးခဲ့ပါသည်။

ထို(၆၂)မျိုးသော အယူဝါဒတို့တွင်-

-ရှေး၌ ဖြစ်ခဲ့ဖူးသည်ကို ပြန်လည်အောက်မေ့ဆင်ခြင်ပြီး ယူသော အယူဝါဒကား(၁၈)မျိုး

-နောင်ဖြစ်မည့် အဖို့ကို ကြံဆ၍ယူသောအယူ(၄၄)မျိုး

ဟူ၍ ခွဲခြားဝေဖန်၍ ဟောကြားခဲ့ပါသည်။

ရှေး၌ဖြစ်ခဲ့ဖူးသည်ကို ပြန်လည်အောက်မေ့ဆင်ခြင်ပြီး ယူသောအယူဝါဒ (၁၈)မျိုးတွင်-

-အတ္တနှင့်လောကမြဲ၏ ဟုယူသောအယူဝါဒ(၄)မျိုး (သဿတဝါဒ)

-အတ္တနှင့်လောက အချို့မြဲ၊ အချို့မမြဲ ဟု ယူသော အယူဝါဒ (၄)မျိုး (ဧကစ္စသဿတဝါဒ)

-လောကအဆုံးရှိ၏၊ အဆုံးမရှိဟု ယူသော အယူဝါဒ (၄)မျိုး (အန္တာနန္တဝါဒ)

-မရေမရာ ရှောင်လွဲပြောဆိုတတ်သောအယူဝါဒ(၂)မျိုး (အမရာဝိက္ခေပဝါဒ)

-အတ္တနှင့်လောကသည် အကြောင်းမရှိဘဲ ဖြစ်ပေါ်လာမည်ဟု ယူသော အယူဝါဒ(၂)မျိုး (အဓိစ္စသမုပ္ပန္နဝါဒ)

ဟူ၍ တွေးခေါ်မှုအကြောင်းအရာကိုလိုက်၍ ခွဲခြား၍ ဟောပြခဲ့ပါသည်။

သမဏ-ဗြာဟ္မဏတို့၏မြဲ၏(သဿတ)ဟု အယူဝါဒပြန်ပေါ်လာမှုနှင့်ပတ်သက်၍ ဗုဒ္ဓက ဟောပြသည်မှာ-

(၁) သမဏ-ဗြာဟ္မဏတို့သည် သမထတရားကို ပြင်းထန်စွာအားထုတ်၍ သမာဓိရပြီး မိမိဖြစ်ခဲ့သောရှေးဘဝကို ပြန်လည်နှလုံးသွင်းမိပြီး မိမိ၏ဘဝအမည်၊ မျိုးရိုး၊ အနွယ် စသည်ကိုသိရှိသည်၊ ထိုသို့သိသဖြင့် အတ္တနှင့်လောကသည် တောင်ထွတ်တံခါးတိုင်များကဲ့သို့ မြဲခိုင်စွာတည်၏ ဟု ယူဆခဲ့ကြသည်။

(၂) အချို့ သမဏ-ဗြာဟ္မဏက သမာဓိရ၍ သံဝဋ္ဋကပ်တစ်ကပ်မှ ဆယ်ကပ်ထိ ပြန်၍အောက်မေ့နိုင်သဖြင့်လည်းကောင်း

(၃) အချို့ သမဏ-ဗြာဟ္မဏတို့သည် သမာဓိရ၍ သံဝဋ္ဋ(၁၀) ကပ်မှ (၄၀)အထိ အောက်မေ့နိုင်သဖြင့်လည်းကောင်း

ဤသမဏ-ဗြာဟ္မဏတို့သည် မိမိတို့ကျင့်ကြံအားထုတ်ထားသော စျာန်သမထ(သမာဓိ)ကျင့်နည်းစွမ်းအားအရ သိသောအတိုင်းအတာအပေါ်၌သာ အမှန်တရားဟူ၍ ယူဆကာ ဤ-မြဲ၏ဟူသောဝါဒကို သတ်မှတ်ခဲ့ကြခြင်း ဖြစ်ပါသည်။

လောကဥပမာအားဖြင့်ဆိုရသော် ရေအိုင်၌ရှိသောဖားသူငယ်သည် မြစ်၊ သမုဒ္ဒရာတို့ကို မမြင်ဘူးကြသဖြင့် မိမိ၏ရေအိုင်ကိုပင် မြစ်၊ သမုဒ္ဒရာထင်နေသကဲ့သို့ပင် ဖြစ်ပါသည်။

ဤဝါဒအယူအဆကို ပညတ်ကြသောပုဂ္ဂိုလ်များသည် လောကီစျာန်သမထစွမ်းအား အားထုတ်မှုကို မိမိတတ်စွမ်းသရွေ့ အားထုတ်ခဲ့ကြပြီး မိမိ၏ပတ်ဝန်းကျင် အတွေ့အကြုံအရ ရရှိလာသော အတွေးအမြင်ကို အမှန်ဟုယူဆကာ သတ်မှတ်ကြခြင်း ဖြစ်သည်။

ရှေးဆက်လက်တွေးခေါ်ကြံဆဆောင်ရွက်ရမည့်နည်းစနစ်ကိုလည်းကောင်း၊ ကျင့်စဉ်ကိုလည်းကောင်းမသိကြ၍ မိမိတို့သိရှိထားသော အတိုင်းအတာအထိသာ အမှန်ဟုယူဆပြီး ဟောပြောကြခြင်းဖြစ်ပါသည်။

ဤကမ္ဘာလောကတွင် အသိပညာ၊ အတတ်ပညာ၊ သိပ္ပံပညာ၊ မထွန်းကားစဉ်က လူသားတို့သည် မိမိတို့ဘဝမိမိတို့

ပတ်ဝန်းကျင်တွင်တွေ့ကြုံရသော အခြေအနေအဖြစ်အပျက် အကြောင်းအရာများကိုသာ အဓိကထားပြီး အသက်မွေးဝမ်းကြောင်း ပြုကြရသည်၊ ယုံကြည်ကြသည်၊ အားထားကြသည်၊ ကိုးကွယ်မှုအဆင့်အထိ ပြုလုပ်ခဲ့ကြသည်။

ကမ္ဘာလူသားတို့ လောကသဘာဝကို စူးစမ်းမှုမပေါ်ခင်က နတ်ဒေဝတာအမျိုးမျိုး၊ တိရစ္ဆာန်သဘာဝအမျိုးမျိုးတို့ကို တွေးခေါ်ကြံဆပြီး ကိုးကွယ်မှု ပူဇော်မှု အားထားမှုပြုခဲ့ကြပြီး ထိုအပေါ်အမှီပြုကာ မိမိတို့၏ဘဝရပ်တည်မှု၊ အသက်မွေးဝမ်းကြောင်းပြုမှုတို့ကို ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။

ဗုဒ္ဓဘုရားပေါ်ထွန်းလာ၍ လောကရှိ ရေ၊ မြေသဘာဝ အမှန်တရား၊ လောကသဘာဝအမှန်တရား၊ ကျင့်သုံးရမည့်လူမှုကျင့်ဝတ်အမှန်တရားများကို ဖော်ထုတ်ဟောကြားလာသောအခါ လူသားတို့၏အသိဉာဏ်မြင့်မားလာသလို တွေးခေါ်မှုလည်း မြင့်မားလာသည်၊ တွေးခေါ်မှုမြင့်မားလာသလို တီထွင်ဆန်းသစ်မှုများ လိုက်နာကျင့်သုံးမှုများ မြင့်မားလာခဲ့ကြသည်။

ဗုဒ္ဓ၏ရုပ်နာမ်သဘာဝ(ဝါ) စိတ်သဘာဝ၊ ရုပ်ဝတ္ထုတို့၏ သဘာဝများကို ဖော်ထုတ်ဟောခဲ့မှုအပေါ် နောက်ပိုင်းတွေးခေါ်ပညာရှင်များသည် တွေးခေါ်မှုအသစ်အဆန်းများ ဖြစ်ပေါ်လာကြကာ စိတ်ပိုင်းဆိုင်ရာယုံကြည်ကိုးကွယ်မှုကအစ၊ တီထွင်မှုကအစ ဆန်းသစ်လာခဲ့ကြ၍ ယနေ့သိပ္ပံခေတ် ပေါ်ထွန်းလာခဲ့ရလေသည် ဟု သုံးသပ်ရပါသည်။

## ဗြဟ္မဇာလသုတ်လာ အချို့မြဲ- အချို့မမြဲ (ဧကစ္စသဿတ)ဝါဒ၏ ဖန်ဆင်းရှင်ဖြစ်ပေါ်မှုအပေါ် ဝေဖန်သုံးသပ်အကဲခတ်ခြင်းအမြင်

အချို့သော သမဏ-ဗြဟ္မဏတို့သည် ကာလကြာ၍ ဤကမ္ဘာကြီးပျက်သော အာဘဿရဗြဟ္မာဘုံ၌ဖြစ်ကြသည်၊ ကာလကြာ၍ ကမ္ဘာပြန်တည်သော် အာဘဿရဘုံသားတစ်ယောက်သည် စုတေ၍ ဤကမ္ဘာ၌ပြန်ဖြစ်ပေါ်လာသည်၊ ထိုပုဂ္ဂိုလ်သည် တစ်ယောက်တည်းနေရ၍ ငြီးငွေ့သဖြင့် အဖော်တို့တောင့်တနေခိုက် အခြားသတ္တဝါများ ဤကမ္ဘာသို့ ရောက်လာသည်။

ပထမဆုံး ရောက်လာသောသတ္တဝါက မိမိဖန်ဆင်းလိုက်၍ အခြားသတ္တဝါများရောက်လာကြသည် ဟု မှတ်ထင်၏၊ အခြားသတ္တဝါတို့ကလည်း မိမိတို့ကို ထိုပထမသတ္တဝါက ဖန်ဆင်းသည်ဟု မှတ်ထင်သည်။

ပထမသတ္တဝါသည် အသက်ရှည်သည်၊ အဆင်းလှသည်၊ တန်ခိုးကြီးသည်၊ နောက်သတ္တဝါတို့သည် အသက်တို့၏ အဆင်းမလှ၊ တန်ခိုးနည်း၏။

ထို့ကြောင့် ယင်းသို့မှတ်ထင်ကြခြင်းဖြစ်သည်၊ ထိုသူများသည် ဖန်ဆင်းခြင်း ဖခင်ကြီးသည်မြဲ၏၊ ငါတို့ကား မမြဲ ဟု ပညတ်ကြသည်။

တစ်ဦးတစ်ယောက်သောသတ္တဝါသည် ထိုဗြဟ္မာဘုံမှ စုတေ၍လျှင် လူ့ဘုံသို့ရောက်လာပြီး ရသေ့ရဟန်းဘောင်ဝင်ကာ ပြင်းစွာတရားအားထုတ်သဖြင့် စိတ်တည်ကြည်ပြီး ရှေးရှေးဘဝကိုအောက်မေ့နိုင်သောအဘိညာဏ်ကိုရခဲ့သည်၊ မိမိ၏ရှေးဘဝကို ဆင်ခြင်သုံးသပ်မိသည်၊ ထိုသုံးသပ်ရာမှ ထိုဖန်ဆင်းရှင်ဗြဟ္မာကြီးနှင့်မိမိဘဝကို တွေ့မြင်သုံးသပ်မိခဲ့ရာမှ ထိုဗြဟ္မာကြီးကမမြဲသည်၊ မိမိကမမြဲ ဟုသုံးသပ်ကာ အချို့မြဲ-မမြဲ ဟု အတွေးအခေါ်ဝင်လာခဲ့သည်။

ဤဧကစ္စသဿတအယူဝါဒ(အချို့မြဲ-မမြဲ)ဟူသော အယူတွင် သတ္တဝါအချို့မြဲသည်ဟူ၍ အယူရှိသူနှင့် သင်္ခါရအချို့သည် မြဲ၏ ဟုအယူရှိသောသူဟူ၍ (၂)မျိုးရှိရာ ဤဝါဒ၌ (၂) မျိုးစလုံး အကျုံးဝင်နေပါသည်။

ဤဝါဒတွင် ဤကမ္ဘာလောကကြီး ရှည်ကြာသောအခါ ပျက်စီးသွားပုံ၊ ထိုသို့ပျက်သော်လည်း အချို့ဗြဟ္မာဘုံများ ကျန်ခဲ့ပုံ ကမ္ဘာသစ်ပြန်တည်လာသောအခါ ကျန်ခဲ့သောအာဘဿရဗြဟ္မာဘုံမှ ဗြဟ္မာတစ်ဦး သက်တမ်းကုန်၍လည်းကောင်း၊ ကံကုန်၍လည်းကောင်း၊ ကမ္ဘာသစ်၏ သတ္တဝါမရှိသေးသောဗြဟ္မာဘုံဖြစ်မည့်ဗြဟ္မာဗိမာန်သို့ရောက်ရှိလာပုံ၊ ထိုဘုံသည် နောင်တွင် ပထမဈာန်ဗြဟ္မာဘုံဖြစ်လာပုံ၊ ထိုဗြဟ္မာဘုံကို ပြုလုပ်ဖန်ဆင်းသူ ပြုလုပ်ဖန်ဆင်းနိုင်သောစွမ်းအားရှင်မရှိ၊ ကံလျှင်အကြောင်း

အထောက်အပံ့ရှိသောဥတုကြောင့် ရတနာမြေဖြစ်ပေါ်လာခြင်း ဖြစ်ပုံ၊ ယင်းဘုံ၌ပင်ကိုယ်အားဖြင့် ဖြစ်ရာအရပ်တို့၌ ဥယျာဉ် ပဒေသာပင်တို့ဖြစ်ပေါ်လာရစမြဲဖြစ်သည်။

သတ္တဝါတို့သည် ကမ္ဘာမပျက်ခင်က မွန်မြတ်သော ကောင်းမှုကိုပြုလုပ်ခဲ့ကြပြီး ကမ္ဘာပျက်သောအခါ ကမ္ဘာပျက်ရာ တွင် မပါသောဗြဟ္မာဘုံသို့ရောက်ရှိခဲ့သည်၊ ထိုကမ္ဘာပျက်ကာလ သည်လည်း အသင်္ချေယျကာလပတ်လုံး တည်ရှိနေသဖြင့် ထိုသတ္တဝါသည် မိမိပြုခဲ့သောကုသိုလ်အစွမ်းအရ ကြာရှည်စွာ တည်နိုင်ရမည်ဖြစ်သော်လည်း ဗြဟ္မာ၏သက်တမ်းက သတ်မှတ် ထား၍ ဗြဟ္မာဘုံ၏သက်တမ်းကုန်သော် မုချစုတေရမည်၊ အချို့ ဗြဟ္မာသည် ကောင်းမှုကုသိုလ်နည်းကြ၍ သက်တမ်းရှည်သော ဗြဟ္မာပြည်၌ လာဖြစ်ကြသော်လည်း သက်တမ်းမပြည့်မီ ကြား ကာလ၌စုတေကြရသည်။

ထို့နောက် ဤကမ္ဘာတွင် နတ်ပြည်၊ လူ့ပြည်အဆင့်ဆင့် ပြန်တည်လာသောအခါ ထိုပထမဈာန်ဘုံမှ ကံကုန်၊ သက်တမ်း ကုန် ၍ စုတေလာသောပုဂ္ဂိုလ်သည် လူ့ပြည်သို့ရောက်လာသည်၊ ထိုသူသည် အိမ်ယာတည်ထောင်မှုမပြုဘဲ ရသေ့ဝတ်ပြီး တရား အားထုတ်ခဲ့ရာ ရှေးဘဝကိုပြန်လည်အောက်မေ့နိုင်သော အဘိ ညာဉ်ကိုရ၍ ရှေးဘဝကိုပြန်လည်သုံးသပ်ဆင်ခြင်ကြည့်ရာ ထိုဖန် ဆင်းသောဗြဟ္မာဘဝကို ပြန်လည်သုံးသပ်မိရာမှ ထိုဗြဟ္မာများ

ထိုဘုံ၌ဆက်လက်ရှိနေသည်ကိုမြင်၍ ဖန်ဆင်းရှင်ကြီးက မြသည် ငါတို့ကမမြဲဟူသော အတွေးအခေါ်ဝင်လာခဲ့သည်။

ထိုအချိန် ထိုအတွေးအခေါ်မှစ၍ ဗုဒ္ဓဂေါတမမပွင့်မီကပင် ထိုဖန်ဆင်းရှင်ဝါဒသည် ထွန်းကားပြီးလက်ခံနေကြသည်၊ ထိုအယူအဆကို ဗုဒ္ဓကဖော်ထုတ်ဟောပြခဲ့ခြင်းဖြစ်သည်။

ထိုအတွေးအခေါ်အယူအဆကို ဗုဒ္ဓက လက်မခံ၊ ပယ်ချခဲ့သော်လည်း ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီး နောက်ပိုင်းကာလတွင် ထိုအတွေးအခေါ်အယူအဆများ ပြန်လည်ပေါ်ထွန်းလာခဲ့ပြီး ယနေ့ကမ္ဘာ့ဘာသာကြီးများတွင် ဟိန္ဒူဘာသာ၊ ခရာဇ်ယံဘာသာ၊ အစ္စလာမ်ဘာသာတို့၌ ဖန်ဆင်းရှင်ဝါဒကို လက်ခံကျင့်သုံးလျက်ပင် ရှိနေပါသေးသည်။

ဗုဒ္ဓဂေါတမသည် ဤဝါဒအတွေးအခေါ်၌ ဖြစ်လာမှုများယွင်းမှုကို လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀-ကျော်ကပင် ဖော်ထုတ်ဟောခဲ့ပါသည်၊ ဗုဒ္ဓအယူအဆ အတွေးအခေါ်နှင့်ဖန်ဆင်းရှင်ဝါဒလက်ခံသူ၏ အယူအဆအတွေးအခေါ်တို့၏ မှန်ကန်မှု-မမှန်ကန်မှုတို့ကို ယနေ့သိပ္ပံပညာရပ်များကလည်းကောင်း၊ ဗုဒ္ဓ၏ စစ်မှန်သောတရားကျင့်စဉ်များကလည်းကောင်း အဖြေမှန်ထုတ်ပေးလိမ့်မည်ဟု ယုံကြည်သုံးသပ်ရပေသည်။

## အချို့မြဲ– အချို့မမြဲ (ဧကစ္စသဿတ)ဝါဒ၏ ဒုတိယဝါဒအပေါ် ဝေဖန်သုံးသပ်အကဲခတ်ခြင်းအမြင်

ဗုဒ္ဓက အချို့မြဲ-မမြဲ (ဧကစ္စသဿတ)ဝါဒတွင် ဒုတိယဝါဒသည် ခိဍ္ဍာပဒေါသိကမည်သောနတ်တို့သည် အလွန်ကြာမြင့်စွာ ကျီစယ်ပျော်ပါးလျက်နေကုန်၍ စားသောက်ရန်သတိမေ့လျော့သောကြောင့် ထိုနတ်ဘဝမှစုတေပြီး လူ့ဘဝသို့ရောက်ရှိလာကြသည်၊ ထိုသူသည် လူ့ဘောင်မှစွန့်ခွာကာ ရသေ့ရဟန်းပြုပြီးတရားကိုပြင်းစွာအားထုတ်သဖြင့် ရှေး၌နေခဲ့ဘူးသော ထိုနတ်ဘဝကို အောက်မေ့နိုင်သည်၊ ထိုထက်လွန်၍ မအောက်မေ့နိုင်။

ထိုပုဂ္ဂိုလ်သည် ကျီစယ်ပြီး စားသောက်ရန်မမေ့သောနတ်တို့သည်မြဲကုန်၏၊ မေ့သောနတ်တို့သည်သာ စုတေကုန်၏ဟု ယူဆကာ အချို့မြဲ၏၊ အချို့မမြဲ ဟု အယူရှိလေသည်။

ဤအယူဝါဒတွင် အစာစားရန်မေ့လျော့သော ခိဍ္ဍာပဒေါသိကနတ်ဟူသည် အဘယ်နည်း၊ ဘုမ္မစိုး-ရုက္ခစိုးနတ်လောနတ်ပြည်(၆)ထပ်ရှိ မည်သည့်နတ်မျိုးဖြစ်ပါသနည်း ဟု မေးရန်ရှိလာပါသည်။

ထိုကဲ့သို့ အပျော်ကျူး၍ အစာမေ့ကြသောနတ်များသည် နိမ္မာနရတိနှင့်ပရနိမ္မိတဝသဝတ္တိနတ်များဖြစ်သည်ဟု အချို့ဆရာတို့က ဆိုပါသည်။

ထိုနတ်များသည် ကောင်းမှုအထူးကြောင့် ရအပ်သော ကြီးကျယ်သော မိမိ၏ကျက်သရေစည်းစိမ်ဖြင့် နက္ခတ်ကစားကြကုန်သည်ရှိသော် ထိုစည်းစိမ်၏ကြီးကျယ်မှုကြောင့် ငါတို့အာဟာရစားပြီးကြပြီးလား၊ မစားရသေးဘူးလား ဟူ၍ပင် မသိကြချေ။

ထိုတစ်ကြိမ်အာဟာရကို လွန်ရာအခါမှစ၍ အဆက်မပြတ် စားသောက်ကြရကုန်ငြားသော်လည်း စုတေကုန်သည်သာဖြစ်သည်၊ တည်ခြင်းငှာမတတ်နိုင်ကြချေ၊ အဘယ်ကြောင့် ထိုကဲ့သို့ဖြစ်သနည်းဆိုသော် ကံကြောင့်ဖြစ်သော တေဇောဓာတ်၏ အားကောင်းခြင်းနှင့် မိဘတို့၏သုတ်သွေးကြောင့်ဖြစ်သော ခန္ဓာကိုယ်(ကရဇကာယ)၏အားနည်းခြင်းကြောင့်ဖြစ်ပါသည်။

လူသားတို့၏ကမ္မဇတေဇောဓာတ်သည် အားနည်း၏၊ ကရဇကာယကား အားကောင်းပါသည်၊ သို့အတွက် အာဟာရစားချိန်မှ (၇)ရက်လွန်သွားငြားသော်လည်း ပူသောရေနွေး၊ ပူသောယာဂုစသည်တို့ဖြင့် ကရဇကာယဟူသော မှီရာဝတ္ထုကို ထောက်ပံ့ခြင်းငှာစွမ်းနိုင်ကြပါသည်။

နတ်တို့မှာမူ ကမ္မဇတေဇောဓာတ်က အားကောင်းပြီး ကရဇကာယကား အားနည်းသောကြောင့် အာဟာရစားသုံးချိန် တစ်ချိန်မျှ လွန်သွားလျှင်ပင် တည်တံ့ခြင်းငှာမစွမ်းနိုင်ကြပါချေ။

ဥပမာ-နွေကာလမွန်းတည့်ချိန်ဝယ် ပူလောင်နေသော ကျောက်ဖျာပေါ်၌ ပဒုမ္မာကြာပွင့်၊ ကြာညိုပွင့်တို့ကို ညနေချိန်၌

ရေအိုးပေါင်းတစ်ရာဖြင့် ရေလောင်းပေးစေကာမူ ပင်ကိုယ်တိုင် ပြန်မဖြစ်တော့ဘဲ ပျက်စီး၍သာသွားရသကဲ့သို့ပင် ထိုနတ်များသည် စားချိန်လွန်ပြီးနောက် အဆက်မပြတ်စားနေစေကာမူ ထိုနတ်များစုတေကြရသည်၊ ထိုနတ်တို့သည် သတိမေ့လျော့သောကြောင့် ထိုနတ်ပြည်မှစုတေကြရသည်။

ဤဝါဒ ဤအဆိုအရ နတ်တို့၌ သက်တမ်းသတ်မှတ်ထားရှိသော်လည်း သတ်မှတ်ထားသောသက်တမ်းမပြည့်မီ ထိုနတ်ဘုံရှိ နတ်သား၊ နတ်သမီးများ စုတေနိုင်ကြောင်း၊ လူ့ပြည်မှာကဲ့သို့ တက်ကပ်၊ ဆုတ်ကပ်သက်တမ်းသတ်မှတ်ချက်မရှိ၊ သတ်မှတ်ထားသော နိမ္မာနရတိသက်(၈၀၀၀)၊ ပရနိမ္မိတနတ်သက် (၁၆၀၀၀)သည် တက်ကပ်သက်၊ ဆုတ်ကပ်သက် မရှိမြဲသည်ဟု သိရပါသည်။

ဤဝါဒကို လေ့လာသောအားဖြင့် နတ်တို့၏ ကမ္မဇတေဇောဓာတ်အားနည်းမှု၊ နတ်တို့၏ ကရဇကာယအားညံ့မှုတို့ကို သိရှိရပါသည်။

ဤဝါဒကို သတ်မှတ်ကြသော ရသေ့ရဟန်းတို့သည် မိမိတို့အားထုတ်၍ရသော အဘိညာဉ်စွမ်းအားအလိုက်သာ သိရှိနိုင်ကြသဖြင့် မိမိစွမ်းအားအလိုက်ကိုသာ အမှန်ဟု ထင်နေကြပြီး ဟောပြောပြခြင်းဖြစ်သည်၊ သမုဒ္ဒရာမမြင်ဘူးသော တောင်ပေါ်သားသည် မြစ်ကို သမုဒ္ဒရာထင်ပြီး သတ်မှတ်သကဲ့သို့ရှိပါမည်။

ဗုဒ္ဓကမူ အလုံးစုံ သဗ္ဗညုတဉာဏ်ရရှိပြီး စကြာဝဠာတစ်ခုလုံးရှိ (၃၁)ဘုံတို့၏သဘာဝဖြစ်စဉ်ကို သိတော်မူသောကြောင့် ဤအယူဝါဒသည် အလုံးစုံမှန်သောအယူမဟုတ်ကြောင်း ထုတ်ဖော်ဟောကြားပြသခြင်းဖြစ်ပါသည်။

ဗုဒ္ဓ၏ ဤဧကေစ္စသဿတ ဒုတိယဝါဒကို လေ့လာရသောအားဖြင့် နတ်ပြည်ခြောက်ထပ်ရှိ အထက်နိမ္မာနရတိနတ်၊ ပရနိမ္မိတဝသဝတ္တိနတ်တို့၏အပျော်ကျူးမှုသဘာဝ၊ ကရဇကာယ ကာယနူးညံ့သိမ်မွေ့မှုသဘာဝ၊ သက်တမ်းသတ်မှတ်ထားသော်လည်း သက်တမ်းပြည့်နေရလေ့မရှိသောသဘာဝတို့ကို လေ့လာသုံးသပ်၍ရပါသည်။

## အချို့မြဲ- အချို့မမြဲ (ဧကစ္စသဿတ) ဝါဒ၏ တတိယဝါဒနှင့် စတုတ္ထဝါဒအပေါ် ဝေဖန်သုံးသပ်အကဲခတ်ခြင်းအမြင်

ဗုဒ္ဓက အချို့မြဲ-မမြဲ (ဧကစ္စသဿတ)ဝါဒတွင် တတိယဝါဒသည် မနောပဒေါသိကမည်သောနတ်တို့သည် တစ်ဦးနှင့်တစ်ဦးအချိန်ကြာမြင့်စွာ ဒေါသနှင့်တစိမ့်စိမ့်ကြည့်ကုန်ကြရာမှ ကိုယ်စိတ်ပင်ပန်းပြီး မိမိတို့နတ်ပြည်မှ စုတေခဲ့ကြသည်။

တစ်ယောက်သောပုဂ္ဂိုလ်သည် ထိုနတ်ဘဝမှစုတေ၍ ဤလူ့ပြည်သို့ရောက်လာပြီး ရသေ့ရဟန်းဝတ်ကာ တရားကို ပြင်းစွာအားထုတ်ရာမှ ရှေးဘဝကိုမြင်သော ပုဗ္ဗေနိဝါသအဘိညာဉ်ကိုရရှိခဲ့ပြီး မိမိ၏ရှေးဘဝကိုဆင်ခြင်မိသည်၊ ထိုအခါ မိမိတို့သည် ဒေါသစိတ်ဖြင့် တစိမ့်စိမ့်ကြည့်၍စုတေခဲ့ရသည်၊ တစိမ့်စိမ့်မကြည့်-ဒေါသစိတ်မရှိသူတို့ကမူ မစုတေကုန်၊ ထို့ကြောင့် အချို့မြဲသည်-အချို့မမြဲဟု ယူဆကာ ဟောပြောခဲ့ကြသည်။

ဤတတိယဝါဒ၌ ဒေါသနှင့်ယှဉ်သောစိတ်ကြောင့် ပျက်စီးရသော မနောမဒေါသိကနတ်ဟူသည် စတုမဟာရာဇ်နတ်များဖြစ်သည်ဟု ဆိုပါသည်။

ထိုစတုမဟာရာဇ်နတ်တို့တွင် နတ်သားတစ်ပါးသည် နက္ခတ်ကစားအံ့ ဟုကြံပြီး အခြံအရံများနှင့်ရထားစီးကာ ထွက်လာ

ခဲ့သည်၊ အလားတူ တစ်ခြားနတ်သားတစ်ပါးကလည်း ထွက်လာရာ မိမိရှေ့၌သွားနေသောနတ်သားကိုမြင်၍ အချင်းတို့. . . ဤနတ်ဆင်းရဲကလေးသည် အဘယ်ကြောင့် ဒီဟာကိုမမြင်ဘူးသလိုကြည့်ပြီး ပီတိဖြင့်တက်ကြွသကဲ့သို့လည်းကောင်း၊ ပီတိဖြင့် ပေါက်ကွဲသကဲ့သို့လည်းကောင်းသွားနေဘိသနည်း ဟုပြော၍ အမျက်ထွက်လေသည်။

အမျက်ထွက်သောသူတို့မည်သည် လွန်စွာသိလွယ်သဖြင့် ရှေ့မှသွားနေသောနတ်သားကလည်း နောက်သို့ပြန်လှည့်၍ကြည့်လျှင် နောက်မှလိုက်လာသောနတ်သား စိတ်ဆိုးနေကြောင်းသိပြီး-

"သင်စိတ်ဆိုးတော့ကော ငါ့ကို ဘာလုပ်နိုင်မှာလဲ၊ ဒီစည်းစိမ်ကို ငါပြုလုပ်ခဲ့တဲ့ ဒါန၊ သီလ၊ စသည်တို့ကြောင့် ငါရရှိခဲ့တာ၊ ယင့်ရဲ့ဒါန၊ သီလစသည်တို့ကြောင့် ငါရရှိခဲ့တာမဟုတ်ဘူး" ဟု ပြော၍ တုံ့ပြန်၍အမျက်ထွက်လေသည်။

ဤသို့ နတ်သားတစ်ယောက်က အမျက်ထွက်၍ အခြားတစ်ယောက်ထိန်းထားပြီး အမျက်မထွက်လျှင် စုတေခြင်းမှထိန်းထားနိုင်ပေသည်၊ ယခု နှစ်ဦးစလုံး အမျက်ထွက်လာကြလျှင်မူ တစ်ဦး၏အမျက်ဒေါသသည် အခြားတစ်ဦးပျက်စီးရန်အကြောင်းဖြစ်တော့သည်၊ ထိုနတ်တစ်ဦး၏အမျက်ဒေါသသည် ရှေးဦးနတ်၏ပျက်စီးရန်အကြောင်းဖြစ်သွားသည်။

သို့အတွက် နတ်သားနှစ်ဦးတို့သည် အခြံအရံနတ်သမီးများ ငိုကြွေးမြည်တမ်းနေကြစဉ်မှာပင် နတ်အဖြစ်မှစုတေသွားကြသည်၊ အမျက်ထွက်ရာ၌ စုတေခြင်းသည် ဓမ္မတာဖြစ်သည်။

ဗုဒ္ဓ၏ ဤမနောဒေါသိကနတ်များ၏ အမျက်ထွက်မှုကြောင့် စုတေသည်ဟူသောဝါဒကိုထောက်ဆလျှင် စတုမဟာရာဇ်နတ်ပြည်သည် သက်တမ်း(၅၀၀)ဟုသတ်မှတ်ထားသော်လည်း လူ့ပြည်သက်တမ်း(၁၀၀)သတ်မှတ်ထားသော်လည်း သေခြင်းလေးမျိုးနှင့်သေသကဲ့သို့ စတုမဟာရာဇ်နတ်တို့သည်လည်း သေခြင်းလေးမျိုးနှင့်သက်တမ်းမစေ့ခင်သေနိုင်ကြောင်း လေ့လာတွေ့ရှိရပါမည်။

ဤလူ့ပြည်ဝယ် သက်တမ်းတက်ကပ်ဆုတ်ကပ်ကို အကြောင်းပြု၍ မမြဲဟုဆိုထားသည်၊ သို့သော် တက်ကပ်၊ ဆုတ်ကပ်အရ သတ်မှတ်ထားသော အသက်အပိုင်းအခြားသည် ရှိနေပါသည်၊ ဥပမာ-ယခု ဂေါတမဘုရားပွင့်သောအချိန်တွင် လူ့သက်တမ်းသည် (၁၀၀)ရှိသည်၊ ထိုသို့(၁၀၀)ရှိသော်လည်း လူသားတို့သည် ဒါန၊ သီလ၊ ဘာဝနာရှိကြလျှင်သော်လည်းကောင်း၊ ကုသိုလ်ကံအထောက်အပံ့အားကြီးလျှင်သော်လည်းကောင်း၊ သက်တမ်း(၁၀၀)ပြည့်နေနိုင်ကြမည်၊ လောဘ၊ ဒေါသ မောဟ၊ မာန၊ ဣဿ၊ မစ္ဆရိယများပြီး အကုသိုလ်ကံတရားများရှိလာလျှင် သက်တမ်းမပြည့်ဘဲ သေခြင်းလေးမျိုး တစ်မျိုးမျိုးနှင့် သေကြရတတ်သည်။

အလားတူ စတုမဟာရာဇ်နတ်တို့သည် သက်တမ်း(၅၀၀) သတ်မှတ်ထားသော်လည်း ထိုကဲ့သို့ဒေါသတရား ရှေ့ထားလာက သက်တမ်းမပြည့်ဘဲသေကြရသည်ဟု သိရပါသည်။

ဤအချို့မြဲ-အချို့မမြဲ၊ မနောမဒေါသိကနတ်ဘဝမှ စုတေခဲ့သော ရသေ့ရဟန်းဘဝအောက်မေ့မှုအပေါ် ဖြစ်ပေါ် လာသော အတွေးအခေါ်သည် သူရရှိခဲ့သောအသိဉာဏ်မျှ လောက် အတွေးအခေါ်အပေါ် ကြံစည်ချမှတ်ခဲ့ခြင်းဖြစ်ပါသည်၊ ယနေ့ ကမ္ဘာပေါ်တွင် ပေါ်ထွန်းလာခဲ့သော အခြားဘာသာ ဘုရားအမည်ခံပုဂ္ဂိုလ်တို့သည်လည်း မိမိတို့ဘဝဝန်းကျင်အရ ကျင့်ခဲ့သောကျင့်စဉ်အရ တွေ့ရှိ-ရရှိခဲ့ကြသောအတွေးအခေါ် အပေါ်မူတည်၍ ဟောပြောပြနေကြခြင်းဖြစ်သည်။

အလုံးစုံသိနိုင်သောဉာဏ်ကိုရ၍ ဟောပြောလမ်းညွှန်ပြ နေခြင်းမဟုတ်ကြောင်း သုံးသပ်မိပါသည်။

ဗုဒ္ဓသည် အလုံးစုံသိသော သဗ္ဗညုတဉာဏ်တော်ရထား သူဖြစ်၍ ဤအယူများသည် မှန်သည်ကိုထောက်ပြခဲ့သည်၊ ယနေ့ ခေတ်သဘာဝ၊ ခေတ်မှီသောသိပ္ပံအတတ်များဖြင့် စမ်းသပ်မှုများ အရ ဖြစ်-ပျက်ပြောင်းလဲမှုသဘာဝများသည် လက်တွေ့ တွေ့နေ ကြရသည်၊ ထို့ကြောင့် ထိုအချို့မြဲ၏ ဟူသောအယူအဆသည် မှားကြောင်း သုံးသပ်ရပါသည်။

အလားတူ ဤဝါဒတွင် ကြံဆသော(တက္ကီ)ပုဂ္ဂိုလ်တို့သည် မျက်စိစသောရုပ်တို့၏ပျက်စီးခြင်းကိုမြင်သည်၊ စိတ်သည်ကား ရှေးရှေးစိတ်က နောက်နောက်စိတ်အား အကြောင်းအထောက်အပံ့ကိုပေး၍သာလျှင် ချုပ်သွားသည်၊ မျက်စိစသည်တို့၏ပျက်စီးသွားခြင်းထက် ပိုမိုအားကောင်းသောစိတ်၏ပျက်စီးသွားခြင်းကိုမမြင်ကြသောကြောင့် ငှက်တစ်ကောင်သည် သစ်ပင်တစ်ပင်ကိုစွန့်၍ အခြားသစ်ပင်တစ်ပင်သို့ကူးပြောင်းနားသကဲ့သို့ လက်ရှိအတ္တဘော ပျက်စီးသည်ရှိသော် စိတ်သည်တစ်ပါးသောအတ္တဘောသို့ကူးပြောင်းသွားသည်ဟု ယူဆ၍ ရုပ်သည်မမြဲ၊ စိတ်သည်မြဲ၏ ဟုဆိုကြခြင်းဖြစ်သည်။

ဤအယူအဆအတွေးအခေါ်သည် ဗုဒ္ဓမပွင့်ခင်နှင့် ဗုဒ္ဓခေတ်ကပင် အထင်အရှားရှိခဲ့သလို ယနေ့ကမ္ဘာတွင် ဟိန္ဒူဝါဒ၌ ဆက်လက်ယူဆနေကြောင်း တွေ့ရပါမည်။

# ဗြဟ္မဇာလသုတ်လာ ဤကမ္ဘာလောကအဆုံးရှိ - မရှိ(အန္တာနန္တ) ဒိဋ္ဌိဝါဒအပေါ်၌ ဗုဒ္ဓ၏အမြင်နှင့် ယနေ့သိပ္ပံအမြင်ကို ဝေဖန်သုံးသပ် အကဲခတ်ခြင်း

ဗုဒ္ဓဂေါတမသည် ဤဗြဟ္မဇာလသုတ်တွင် အချို့သော သမဏ-ဗြာဟ္မဏ အချို့သည် တရားအားထုတ်၍ သမာဓိရလာသောအခါ အယူဝါဒလေးမျိုးကို ထုတ်ဖော်ပြောကြားကြသည် ဟုဟောကြားခဲ့ပါသည်။

-အချို့သော ရဟန်း-ပုဏ္ဏားတို့သည် မမေ့မလျော့အားထုတ်သဖြင့် မတုန်မလှုပ် ခိုင်မြဲသောစိတ်ရှိသောအခါ ဤလောကကြီးသည် အဆုံးရှိသည် လုံးဝန်းသောပုံသဏ္ဌာန်ရှိသည် ဟု ပညတ်ကြကုန်၏၊

-အချို့သော ရဟန်းပုဏ္ဏားတို့သည် တည်ကြည်သော သမာဓိစိတ်၏ အစွမ်းဖြင့်ပင် ဤလောကကြီးသည် အဆုံးမရှိ ဟု ပညတ်ကြသည်။

-အချို့သောရဟန်း-ပုဏ္ဏားတို့သည် ဤကမ္ဘာလောက ကြီးသည် အထက်နှင့်အောက်အဆုံးရှိ၍ ဖီလာအားဖြင့် အဆုံးမရှိ ဟုပညတ်ကြကုန်၏။

-အချို့သောရဟန်း-ပုဏ္ဏားတို့ကား ဤကမ္ဘာလောက

ကြီးသည် အဆုံးရှိသည်ဟုလည်း မဆိုနိုင်၊ အဆုံးမရှိဟုလည်း မဆိုနိုင် ဟုပညတ်ကြကုန်၏။

အန္တာ နန္တာအယူဟူသည် အဆုံးကိုလည်းကောင်း၊ မဆုံးကိုလည်းကောင်း ဆုံး-မဆုံးကိုလည်းကောင်း၊ ဆုံးသည်လည်း မဟုတ်၊ မဆုံးသည်လည်း မဟုတ်သည်ကို လည်း ကောင်း အကြောင်းပြု၍ဖြစ်သော အယူဝါဒရှိသူတို့၏အယူဖြစ်ပါသည်။

-သမထအကျင့်ကို ကျင့်သောပုဂ္ဂိုလ်သည် ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ် အဆင့်ဆင့်ယူရာတွင် ပဋိဘာဂနိမိတ်ကို စကြာဝဠာဆုံးသည်တိုင်းမသွားဘဲ ထိုပဋိဘာဂနိမိတ်ကို လောကဟုယူဆပြီး လောကအဆုံးရှိသည် ဟုမှတ်ထင်ပြီး ယူခြင်းဖြစ်သည်။

စကြာဝဠာ အဆုံးတိုင်အောင်ကသိုဏ်း ပဋိဘာဂနိမိတ်ကိုပွားစေသော ပုဂ္ဂိုလ်သည်ကား လောက၌အဆုံးမရှိဟု မှတ်ထင်ယူသူဖြစ်သည်၊

-အထက်အောက်တို့၌ ပဋိဘာဂနိမိတ်ကို မပွားစေဘဲ ဖီလာကန့်လန့်အားဖြင့် ပွားစေသော ပုဂ္ဂိုလ်သည် အထက်, အောက်တို့၌ အဆုံးရှိ၏ ဟုထင်ပြီး ဖီလာကန့်လန့်အားဖြင့် အဆုံးမရှိဟု မှတ်ထင်သူဖြစ်သည်။

ဤပုဂ္ဂိုလ်များသည်လည်း မိမိတို့ ရရှိသော ဈာန်အရ ကြံဆ၍ ရသလောက်သာ ကြံဆပြီး ဤအယူဝါဒကိုခံယူပြောဆိုကြခြင်းဖြစ်ပါသည်၊

ယနေ့ကမ္ဘာတွင် ပေါ်ပေါက်နေကြသော အယူဝါဒများ အတွေးအခေါ်များ၊ ခံယူချက်၊ယုံကြည်ချက်များ၊ မတူညီမှုများ သည် မိမိတို့ပတ်ဝန်းကျင် မိမိတို့ တွေ့ကြုံရသလောက်အပေါ် မူတည်ပြီး ခံယူကြ၊ ယုံကြည်ကြသောကြောင့်သာ ဤသို့ ကွဲပြား စွာ ဖြစ်နေရသည်။

ပြဿနာ တစ်ရပ်ရပ်ကို အဆုံးစွန်သော အသိပညာ အတွေးကြံဆချက်များနှင့် လိုက်ပြီးလက်တွေ့ဆောင်ရွက်မှသာ လျှင် အမှန်တရား၏ အဆုံးကို ရရှိနိုင်ကြမည်ဖြစ်သည်။

ယနေ့ လူသားတို့ ယုံကြည်အားထား ကိုးကွယ်နေကြ သော ဟိန္ဒူ၊ ဗုဒ္ဓဘာသာ၊ ခရာစ်ယံ၊ မွတ်စလင်၊ ဇိုဂိုအက်စတာ ကွန်ဖြူးရှပ်၊ ဂျူး၊ယေဟိုဝါ၊ ဘုရားတို့၏ အယူဝါဒများကို လူသား တို့အား တင်ပြဟောပြခဲ့ကြသည်။

ထိုအယူဝါဒများ၏ ယထာဘူတကျမှု၊ မှန်ကန်မှုနှင့် ပတ်သက်၍ သမိုင်းတစ်လျှောက်ရှိ လူသားတို့၏ အတွေ့အကြုံ အသိဉာဏ်ပေါင်းစပ်သော တိုးတက်သော တွေးခေါ်မြော်မြင်မှု အသိဉာဏ်အပေါ်တွင် မူတည်၍ တိုးတက်ခြင်း၊ ရပ်တည်ခြင်း ပျက်စီးသွားခြင်း စသည်တို့ဖြစ်ပေါ်နေရသည်။

ဗုဒ္ဓက ဤဝါဒတွင် မိမိ၏ မည်သည်နတ်၊ လူ၊ ဗြဟ္မာမှ တုနှိုင်းမရသော အလုံးစုံကိုသိသော သဗ္ဗညုတဉာဏ်တော်ဖြင့် ခွဲခြမ်းစိတ်ဖြာ၍ လေးမျိုးပြခဲ့သည်၊ ဗုဒ္ဓဂေါတမ ခွဲခြမ်းစိတ်ဖြာ ဟောခဲ့သော ဤဝေဖန်ပိုင်းခြားပေးမှုသည် သိပ္ပံပညာ တိုးတက်

လာသော ဤခေတ်တွင် လူသားတို့၏ အသိဉာဏ်ပညာတိုးတက်မှုရှိလာသလောက် ဆန်းစစ်ကြည့်သော် ထိုအယူရှိသောပုဂ္ဂိုလ်များ၏အယူဝါဒများသည် တဖြည်းဖြည်း မမှန်မကန်ဖြစ်လာပြီး နောက်ဆုံး ပျောက်ကွယ်သွားသည့်အဆင့် ရောက်သွားမည့် သဘောရှိနေပါသည်။

ဗုဒ္ဓက ဤအယူဝါဒများနှင့်ပတ်သက်၍ မှားသည်ကို မှားသည်ဟု ထောက်ပြခဲ့သလို မှန်သည်ကိုလည်း မှန်ကြောင်း ထောက်ခံဖွင့်ဟမိန့်ဆိုခဲ့ပါသည်။

ဤသမဏ-ဗြာဟ္မဏတို့၏ပထမဝါဒ၌ ဤကမ္ဘာလောက ကြီးသည် အဆုံးရှိသည် လုံးဝန်းသောပုံသဏ္ဍာန်ရှိသည် ဒုတိယ ဝါဒ၌လည်း အလားတူ အယူရှိသည်ဟုဆိုရာ၌ ဗုဒ္ဓကစက္ကဝါဠ ဟူသောစကားဖြင့် လှည်းဘီးကဲ့သို့ လုံးဝန်းပုံ လည်ပတ်နေပုံကို ဟောကြားခဲ့သည်၊ ယနေ့သိပ္ပံပညာရှင်တို့က လက်တွေ့စမ်းသပ် ဖော်ထုတ်သောအခါ ထိုပုဂ္ဂိုလ်၏အယူဝါဒ ဤအစိတ်အပိုင်း သည် မှန်သည့်သဘော သက်ရောက်ပါသည်။

အဆုံးရှိသည်ဟူသော အယူအဆနှင့် ပတ်သက်၍ အနန္တ အဆုံးမရှိ ဤစကြာဝဠာကြီးသည် အဆုံးမရှိဟု ဖော်ထုတ် ဟောခဲ့ရာ ယနေ့ သိပ္ပံလူသားတို့က လက်တွေ့ဖော်ထုတ်လိုက် သောအခါ စကြာဝဠာများသည် အဆုံးမရှိသည်ကို တွေ့လာရ သဖြင့် ဗုဒ္ဓဂေါတမ၏ အဆုံးရှိ၏ဟူသော အယူအဆ လက်မခံမှု သည် မှန်ကန်နေပါသည်။

တတိယဝါဒ၌ ထက်-အောက်သာအဆုံးရှိသည်-ဖီလာ အားဖြင့် အဆုံးမရှိဟူ၍ ကန့်သတ်ချက်ဖြင့် အယူဝါဒတင်ပြထား ရာ ထိုအယူဝါဒတွင် အထက်အောက်ကို လည်မရ ရပ်တည်နေ သည်ဟုထင်ပြီး ကမ္ဘာကြီးလည်ပတ်နေသည်ကို အဆုံးမရှိ ဟု ထင်မြင်ပြီး ယူဆပြောဆိုခြင်း ဖြစ်ဟန်တူပါသည်။

စတုတ္ထဝါဒအဆိုကမူ မိမိတို့ကိုယ်တိုင်ပိုင်နိုင်စွာ မသိ၍ အပြစ်လွတ်အောင် ရှောင်သဘော ပြောဆိုသော အယူဝါဒ ဟု သတ်မှတ်ရပါမည်။

ဤအယူးဝါဒလေးရပ်နှင့်ပတ်သက်၍ ဗုဒ္ဓကဖေါ်ထုတ် ဟောပြခဲ့ရာ ယနေ့ အသိဉာဏ်ပညာ တိုးတက်လာသော လူ့ ဘောင်တွင် သိပ္ပံဟူသောဆန်းသစ်သောပညာရပ်တို့ဖြင့် လက် တွေ့စမ်းသပ်ကြည့်သော် ထိုအယူဝါဒရှင်တို့၏ အယူအဆ အတွေးအခေါ်များ မှန်တာရှိသလို မှားသည်လည်းရှိသည် သို့သော် မှားသည်က များနေပါသည်။

ယနေ့ သိပ္ပံပညာစမ်းသပ်မှုဖြင့် တိုင်းတာကြည့်သော် ဗုဒ္ဓ၏ အယူအဆက မှန်နေသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်၊

ထို့ကြောင့် ဗုဒ္ဓဂေါတမ၏ အယူဝါဒများ ဝေဖန်စီစစ်မှု သည် လောကသဘာဝနှင့် ကိုက်ညီနေသော စိစစ်ဝေဖန်မှုဟု ဆိုရပါမည်။

## ဗြဟ္မဇာလသုတ်လာ ဆုပ်ကိုင်၍မရအောင် မရေမရာလှီးလွှဲပြောဆိုသော (အမရာဝိက္ခေပ)ဝါဒ အပေါ်ဝေဖန်သုံးသပ်အကဲခတ်ခြင်းအမြင်

ဗုဒ္ဓသည် ဤဗြဟ္မဇာလသုတ်၌ အချို့သော သမဏဗြာဟ္မဏတို့၏ ဆင်ဝှေ့ရန်ရှောင်သဘော လှီးလွှဲပြောဆိုသော အယူဝါဒ(၄)မျိုးကို ထုတ်ဖော်ဟောကြားခဲ့ပါသည်၊ ယင်းလေးမျိုးမှာ-

အချို့သောရဟန်းပုဏ္ဏားတို့သည်-ကုသိုလ်-အကုသိုလ်ကိုခွဲခြား၍မသိသဖြင့် အခြားသူတို့ကမေးလျှင်လွဲမှားမည်စိုးသောကြောင့်ကုသိုလ်-အကုသိုလ်ဟူ၍လည်းမဖြေ၊ မေးတိုင်းမေးတိုင်းလည်းဤသို့လည်းငါမဆို၊အခြားတစ်ပါးဟူ၍လည်း ငါမဆို-ဤသို့စသည်ဖြင့် ဆုပ်ကိုင်၍မရသည့် မရေရာစကားများကိုသာ ရှောင်လွှဲပြောဆိုကြသည်။

ယင်းသို့ ကုသိုလ်-အကုသိုလ်ကိုခွဲခြားမသိသည့် အချို့သောရဟန်း-ပုဏ္ဏားတို့သည်ကား မသိဘဲနှင့်ဖြေလျှင် လိုချင်ကပ်ငြိမှုဖြစ်ပွားမှုများနှင့်တကွ စွဲလမ်းမှုဖြစ်မည်ကို စိုးရိမ်သဖြင့် မေးသမျှကို တိတိကျကျမဖြေဘဲ လှီးလွှဲပြောဆိုလေ့ရှိသည်။

-အချို့သော ရဟန်း၊ ပုဏ္ဏားတို့ကားပညာရှိတို့က မေးမြန်းလျှင် ပြည့်စုံစွာ မဖြေဆိုနိုင်မည်စိုးသောကြောင့် မရေမရာသောစကားများကို လှီးလွှဲပြောဆိုကြ၏၊

-အချို့သောရဟန်းပုဏ္ဏားတို့က ထုံထိုင်းတွေဝေသူများ

ဖြစ်၍ မည်သည့်ပြဿနာကိုမျှ တိကျပြတ်သားစွာ မဖြေဆိုနိုင်သောကြောင့် ဒီလိုလဲမဟုတ်ဘူး၊ ဟိုလိုလဲမဟုတ်ဘူး စသည်ဖြင့် လှီးလွှဲပြောဆို၏၊

ဤစကားအမျိုးမျိုးဖြင့် ပစ်ပယ်သောအယူ (အမရာဝိက္ခေပ) မပြတ်(ဝါ)ပြတ်မသွားသောသဘောကိုအမရာဟုခေါ်၍ အထူးထူး၊ အပြားပြားသောနည်းဖြင့် ပစ်ပယ်ခြင်းကို ဝိက္ခေပ-ဟူ၍ ခေါ်ပါသည်။

ဤလောကတွင် အမရာ အမည်ရှိသော ငါးတစ်မျိုးရှိသည်၊ ထိုငါးသည် ပေါ်လိုက် ငုပ်လိုက် လုပ်နေပြီး ပြေးသွားနေသဖြင့် ဖမ်းယူရခက်ခဲသည်၊ ဤနည်းတူ မပြတ်သောမိစ္ဆာအယူဖြင့်လည်းကောင်း၊ စကားဖြင့်လည်းကောင်း၊ ပစ်ပယ်ခြင်းရှိနေသူတို့၏အယူကို အတိအကျ အသေအချာ ဆုပ်ကိုင်၍မရ၊ ဖမ်းယူ၍မရနိုင်၊ အသေအချာ တိကျစွာလိုက်နာယူ၍ မရနိုင်ဟု ဆိုလိုပါသည်။

ပုဂ္ဂိုလ်တစ်ယောက်သည် ကုသလကမ္မပထတရား(၁၀)ပါးကို ဟုတ်တိုင်းမှန်စွာမသိ အကုသိုလ်ကမ္မပထတရား(၁၀)ပါးကိုသာ အလိုရှိနေသူ ဖြစ်နေ၏၊ မိမိမသိတာကို လာမေး၍ မိမိက လိမ်ညာပြီးပြောလိုက်မိလျှင် ငါလိမ်ညာပြောမိပြီ ဟုမိမိကိုယ်ကို နှလုံးမသာယာမှု စိတ်ပင်ပန်းမှုသည် နတ်ပြည်ရောက်ကျင့်စဉ် အထက်တရားတို့ကို ရရန်ကျင့်စဉ်များ အပေါ်၌

အန္တရာယ်ဖြစ်နိုင်သည် ဟု ဆင်ခြင်ပြီး လိမ်ညာပြောဆိုခြင်း၏ အပြစ်နှင့်အန္တရာယ်ကို ကြောက်လန့်ပြီး အဆုံးမသတ် မပြတ်သောစကားဖြင့် အဖြေမပေးဘဲ လှီးလွှဲ ပြောဆိုလေ့ရှိကြမှုပင် ဖြစ်သည်။

လှီးလွှဲပစ်ပယ်ပြောဆိုပုံနှင့် ပတ်သက်ပြီး အယူ(၄)ခုကို လည်းပစ်ပယ်ပြီး သဘောသက်ရောက်သည်ဟု ယူဆခဲ့ကြပုံရပါသည်၊

ကျွန်ုပ်၌ ဤအယူမရှိပါ ဟူသော ပစ်ပယ်ခြင်းသည် အတိအကျသတ်မှတ်ချက် မရှိသော ပစ်ပယ်ခြင်းဖြစ်ပါသည်။

ထိုကဲ့သို့လည်း ကျွန်ုပ်အယူမရှိပါ ဟူသော စကားဖြင့် အတ္တသည် လည်းကောင်း၊ လောကသည်လည်းကောင်း မြဲ၏- ဟူသော (သဿတဝါဒ)ကို ပစ်ပယ်ရာ ရောက်သွားပါသည်၊

တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်၏ ဟုလည်း ကျွန်ုပ် အယူမရှိပါ ဟူသောစကားဖြင့် သဿတဝါဒမှ တစ်ပါးသော အခြင်းအရာအားဖြင့် ဆိုအပ်သော ဧကစ္စသဿဝါဒကို ပယ်ရာ ရောက်သွားပါသည်၊

-ဤသို့ မဟုတ်ဟုလည်း ကျွန်ုပ်အယူမရှိပါ ဟူသော စကားဖြင့် သတ္တဝါသည် သေလွန်ပြီးနောက်၌ မဖြစ်တော့ပါ ဟု ဆိုအပ်သော ဥစ္ဆေဒဝါဒကို ပစ်ပယ်ရာရောက်သွားပါသည်။

-မဟုတ်သည်မဟုတ် ဟူ၍လည်း ကျွန်ုပ် အယူမရှိပါ

ဟူသောစကားဖြင့် သတ္တဝါသည် သေလွန်ပြီးနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ် ဟုဆိုအပ်သောတိက္ကဝါဒကိုပယ်ရာ ရောက်သွားပါသည်၊

ဤအမရာဝိက္ခေပ အယူရှိသူသည် မိမိကိုယ်တိုင်ကမူ ဤတရားသည် ကုသိုလ်ဖြစ်သလား ဟူ၍လည်းကောင်း အကုသိုလ်ဖြစ်သလား ဟူ၍လည်းကောင်း မေးလိုက်ပါက ဘာမျှမဖြေ၊

ဤတရား ကုသိုလ်ဖြစ်သလား အကုသိုလ်ဖြစ်သလား ဤနှစ်မျိုးမှ တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်ပါသလား သုံးပါးသောပြားအားဖြင့် မဖြစ်ပါသလား သင်၏အယူဘယ်လိုရှိသလဲ ဟုမေးပါက ကျွန်ုပ် ဤကဲ့သို့သော အယူများမရှိပါ ဟုဖြေဆိုနေသဖြင့် ပစ်ပယ်ခြင်းကိုသာလျှင် ရောက်နေပါ၏၊ အဖို့တစ်ခု၌ တည်နေသည်ကိုမတွေ့ရပါ။

ထိုအမရာဝိက္ခေပ အယူရှိသူသည် အမှန်ကို မသိငြားသော်လည်း အဆောတလျင်အားဖြင့် ကုသိုလ်ကိုပင် ကုသိုလ် အကုသိုလ်ဟု အဖြေပေးလိုက်မိ၏၊ ထိုအဖြေသည် ကောင်းစွာဖြေလိုက်မိခြင်း ဟုတ်ပါရဲ့လား စဉ်းစားမိပြီး အခြားပညာရှိများ ထံချဉ်းကပ်မေးခဲ့သည်၊

ထိုအခါ ပညာရှိတို့က "ငါရှင်. . . သင်သည် ကောင်းစွာဖြေဆိုအပ်၏၊ ကုသိုလ်ကို-ကုသိုလ် အကုသိုလ်ကို-အကုသိုလ် ဟူ၍သင်ဖြေဆိုအပ်ပေ၏" ဟု အဖြေပေးကြသော် ငါနှင့်တန်းတူ

ပညာ ပြည့်ဝသူကား မရှိတော့ချေ ဟူ၍ ထိုအမှန်ကို ဖြေလိုက်မိခြင်း၌- "ငါ့အား အားနည်းသော တပ်မက်ခြင်း(ဆန္ဒ)သော်လည်းကောင်း၊ အားကြီးသော တပ်မက်ခြင်း (ရာဂ)သော်လည်းကောင်း ဖြစ်တန်ရာ၏" ဟူ၍ စဉ်းစားမိသည်။

"ကုသိုလ်ကို-ကုသိုလ်၊ အကုသိုလ်ကို-အကုသိုလ် ဟူ၍ ပြောဆိုမိပြီး တစ်ပါးသော ပညာရှိထံ သွားရောက်မေးသော် သင်သည် မကောင်းသဖြင့် ဖြေဆိုခဲ့ပေ၏" ဟုပြောဆိုအပ်သည်ရှိသော် ငါကားဤမျှလောက်ပင် မသိပါတကား ဟူ၍ အမှားကို ဖြေဆိုခြင်း၌ ငါ့အား အားနည်းသော အမျက်ထွက်ခြင်း(ဒေါသ) အားကြီးသော အမျက်ထွက်ခြင်း(ပဋိဃ) တို့သည် ဖြစ်ပေါ်ခံစားရသည်။

ထိုဆန္ဒနှင့်ရာဂ နှစ်ပါးအစုံသည် ငါ၏စွဲလမ်းခြင်း(ဥပါဒ်ဒါန်) ဖြစ်ရာ၏၊ ဒေါသနှင့်ပဋိဃ နှစ်ပါးစုံသည် ငါ၏ပင်ပန်းခြင်း (ဝိဃာတ) ဖြစ်ရာ၏၊

ရာဂသည် လက်မလွှတ်လိုခြင်းကြောင့် မျှော့သတ္တဝါကဲ့သို့ အာရုံကိုစွဲမြဲစွာ ယူထားတတ်၏၊ ဒေါသကား ဖျက်ဆီးလိုခြင်းကြောင့် လျှင်သော အဆိပ်ရှိသော မြွေကဲ့သို့အာရုံကို စွဲမြဲစွာယူထားတတ်၏၊

ဤတရားနှစ်ပါးအစုံလုံးသည် ပြင်းစွာပူလောင်စေတတ်သောကြောင့် နှိပ်စက်ညှဉ်းပန်း တတ်သည်သာ ဖြစ်ကုန်၏၊

သို့အတွက် ယင်းတို့ကို ဥပါဒါန် ဟူ၍လည်းကောင်း၊ ဝိဃာတ- ဟူ၍လည်းကောင်း ခေါ်ဆိုနေကြပါသည်။

ထိုပုဂ္ဂိုလ်သည် ပညာရှိ ဖြစ်ကြောင်းဖြစ်ရာ ဉာဏ်ပညာနှင့်ပြည့်စုံခြင်း၊ နူးညံ့သိမ်မွေ့သောအနက်အမျိုးမျိုးကို ထိုးထွင်း၍ သိခြင်းငှါစွမ်းနိုင်ခြင်း သူတစ်ပါးဘယ်လိုအယူဝါဒရှိသည်ကိုလည်း သိခြင်း၊ သူတစ်ပါးတို့နှင့် ဝါဒပြိုင်နိုင်ခြင်းရှိခြင်း သားမြီးဖျားကို ဖေါက်ထွင်းနိုင်သည့်လေးသမားသည် သားမြီးကိုလေးဖြင့်ပစ်ခွင်းသကဲ့သို့ သူတစ်ပါးတို့၏ သိမ်မွေ့သောအယူကို မိမိပညာအထူးဖြင့် ဖေါက်ခွဲသကဲ့သို့ ပြကုန်လျက် လှည့်လည်သွားနေသော ပညာရှိခြင်း-ရှိသောပုဂ္ဂိုလ်မျိုးပညာရှိ ရဟန်း-ပုဏ္ဏားတို့က ငါ့ကို ထိုကုသိုလ်-အကုသိုလ်တရား၌ မေးစိစစ်မှာကို ကြောက်ရွံ့ကြသည်၊

ဘယ်တရားသည် ကုသိုလ်ဖြစ်၏၊ ဘယ်တရားသည် အကုသိုလ်ဖြစ်၏ ဟုမိမိ၏အယူကို သင်ပြောကြားပါလော့ ဟု အယူကို မေးမြန်းကုန်သည်ရှိသော် ဤမည်သောတရားပါတည်း ဟုပြောဆိုအပ်သည်ရှိသော် အဘယ်အကြောင်းကြောင့် ဤအနက်အဓိပ္ပါယ်ကို သင်မှတ်ယူသနည်း ဟုအကြောင်းကို မေးကုန်ရာ၏၊

ဤမည်သော အကြောင်းကြောင့် ဤမည်သောအနက်အဓိပ္ပါယ်ကို ကျွန်ုပ်ယူခဲ့၏ ဟု ပြောဆိုအပ်သည်ရှိသော် ထိုအကြောင်း၌အပြစ်ကိုပြ၍

"သင်သည် အနက်အဓိပ္ပါယ်ကိုမသိ ဤအနက်အဓိပ္ပါယ်ကိုသာ ယူလော့၊ ဤအနက်အဓိပ္ပါယ်ကိုစွန့်လော့ ဟု နည်းလမ်းညွှန်ပြ တိုက်တွန်းကြရာ၏၊

တဖန် ထိုပညာရှိတို့၏ အမေးကို ပြည့်စုံစွာ ဖြေဆိုရန် မစွမ်းနိုင်၊ အဖန်တလဲလဲ ပြောဆိုသော်ငြားလည်း ထိုပညာရှိတို့၏ စိတ်အလိုကျ ပြည့်စုံအောင် မပြောနိုင်ခြင်းသည် ငါ့အား စိတ်ပင်ပန်းခြင်း ဖြစ်ရာ၏ နှုတ်ခမ်း,အာစောက်,လျှာ,လည်ချောင်း တို့၏ ခြောက်သွေ့ခြင်း ဟူသောဆင်းရဲသည်သာလျှင် ဖြစ်ရာ၏ ဟူ၍ ကြံစည်မိကြသည်။

ဤသမဏ-ဗြဟ္မဏ ပုဂ္ဂိုလ်များသည် နုံသောပညာရှိကြ၍ အလွန်တွေဝေကြသဖြင့် ရှေး၌ဖြစ်ခဲ့သော တရားသို့ အစဉ်လိုက်သောအားဖြင့် ဤမည်သောမှားသော အယူ(မိစ္ဆာဝါဒ)ကို ယူခဲ့ကြခြင်းဖြစ်သည်၊

ဤဝါဒအယူရှိကြသော သမဏ-ဗြဟ္မဏ တို့၏ အယူဝါဒသဘာဝသည် မိမိတို့၏ မသိမှုကို သူတစ်ပါးတို့ သိမှာစိုးရိမ်မှု မသိဘဲနှင့် ဖြေလျှင်လိုချင်မှု တန်ခိုးကြီးမှုကို လိုချင်၍ မာယာဖြင့် လှည့်စားသည့်သဘော မိမိကိုယ်ကို သက်ရောက်မှာကိုလည်း စိုးရိမ်ကြသည်၊ ပညာရှိတို့က မေးလာလျှင် မိမိက ကောင်းစွာ ကုသိုလ်-အကုသိုလ်ကိုခွဲခြားမသိ၍ မဖြေဆိုနိုင်က အထင်သေးခံရမည့်ကို စိုးရိမ်ကြောင့်ကြမှု၊ မိမိတို့ကိုယ်တိုင်က အသိဉာဏ်ပညာ

နံ့နည်းမှုတို့ကြောင့် ဤကဲ့သို့သော ဝေ့လည်ကြောင်ပတ် အဖြေမျိုးကို မေးခြင်းဖြစ်သည်၊

ယနေ့ လူ့လောကတွင် ဤကဲ့သို့ မတတ်ဘဲနှင့် တတ်ယောင်ကား မသိဘဲနှင့်သိယောင်ကား ဟန်ဆောင်သောမာယာသာရွှေယျသမား များပြားလှသည်ကို တွေ့ရပါမည်။

ထိုပုဂ္ဂိုလ်များသည် မိမိတို့ကိုယ်မိမိတို့ မတတ်မှန်း ဝန်ခံရမှာလည်း အရှက်တကွဲ အကျိုးနည်းဖြစ်သွားမည်၊ လာဘ်လာဘပိတ်သွားမည်ကို စိုးရိမ်ကြသည်၊ သို့အတွက် မိမိအား မေးလာသူတို့အားလည်းကောင်း ပညာရှိတို့က စီစစ်မေးလာမှုတို့ကိုလည်းကောင်း ဤကဲ့သို့သော မရေမရာ မသေချာသော အဖြေများကို ပေးကြခြင်းဖြစ်သည်။

ဤအယူဝါဒ ဤအတွေးအခေါ် ရှိသူများသည် ဤလူ့လောကတွင် ဗုဒ္ဓခေတ်မှမဟုတ် -ယနေ့ခေတ်အထိ ရှိနေသေးသည်ကို တွေ့ရပါမည်။

## ဗြဟ္မဇာလသုတ်လာ အကြောင်းမဲ့ဖြစ်ပေါ်လာသည့် (အဓိစ္စသမုပ္ပန္န)ဝါဒအပေါ် ဝေဖန်သုံးသပ်အကဲခတ်ခြင်း

ဗုဒ္ဓဂေါတမသည် ဤလောကတွင် ဖြစ်ပေါ်ခဲ့သော အတွေးအခေါ်အယူအဆဝါဒများနှင့်ပတ်သက်၍ ဤဗြဟ္မဇာလသုတ်၌ ထုတ်ဖော်ဟောခဲ့ရာတွင် အချို့သော သမဏ-ဗြာဟ္မဏတို့၏ မိမိအားထုတ်မှုသမာဓိကြောင့် တွေးခေါ်ကြံဆမှုကြောင့် အကြောင်းမဲ့ဖြစ်ပေါ်မှု(အဓိစ္စသမုပ္ပန္န)ဖော်ထုတ်ပညတ်ခဲ့ကြသည်။

သိမှတ်ခြင်း (သညာ)ကင်းမဲ့သော သတ္တဝါတစ်မျိုးရှိသည်၊ ထိုသတ္တဝါတစ်ဦးသည် ထိုဘဝမှရွေ့လျော၍ လူ့ဘုံသို့ ရောက်လာပြီး တရားအားထုတ်သဖြင့် သမာဓိရင့်၍ မိမိ၏ အတိတ်ဘဝကို ပြန်စဉ်းစားသောအခါ အသိ(သညာ)ကင်းရာမှ သက်ဝင်လှုပ်ရှားဖြစ်ပေါ်လာပုံကို အောက်မေ့ဆင်ခြင်နိုင်ခဲ့သည်။

ထိုပုဂ္ဂိုလ်သည် ငါသည် ရှေးကမရှိခဲ့ဘဲ ယခုမှဖြစ်ပေါ်လာသည်-ဟုထင်မှတ်ကာ အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း အကြောင်းမရှိဘဲ ဖြစ်ပေါ်လာ၏-ဟုပြောဆိုလေသည်။

ဤလောက၌ အချို့သောရဟန်း၊ ပုဏ္ဏားတို့သည် ကြံစည်တွေးတောလေ့ရှိသည်၊ ထိုအကြံအစည်သမားသည် မိမိ

၏ကြံဆတွေးတောချက်၊ ထင်မြင်ချက်ဖြင့် အတ္တနှင့်လောက သည်အကြောင်းမဲ့ဖြစ်ပေါ်လာ၏-ဟု ပြောဆိုကြသည်။

သညာမရှိသော သတ္တဝါ ( အသညာသတ္တာ ) ဟူသော ဝေါဟာရစကားသည် သညာမရှိရုံသာမက-စိတ်ဖြစ်ပေါ်မှု မရှိ၊ ရုပ်မျှသာဖြစ်သော အတ္တဘောရှိသော သတ္တဝါများဟူ၍ ဆိုလို ပါသည်။

ပြဟ္မ(၂၀)တွင်-နာမ်မရှိ၊ ရုပ်သာရှိသော အသညသတ် ဘုံ ပါဝင်ပါသည်၊ အသညာသတ်ပြဟ္မာဖြစ်ပုံမှာ-အချို့သော ပုဂ္ဂိုလ်သည် တိတ္ထိဘောင်၌ ရဟန်းပြုကြပြီး ဝါယောကိုဏ်းကို အဖန်ဖန်ပွားများခြင်းပြု၍ စတုတ္ထစျာန်ကိုရခဲ့သည်၊ ထိုပုဂ္ဂိုလ် သည် စတုတ္ထစျာန်မှထ,၍ စိတ်၌အပြစ်ကို ရှုသည်။

စိတ်ရှိခြင်းကြောင့် လက်ဖြတ်ခံရခြင်းစသော ဆင်းရဲ သည်လည်းကောင်း၊ ခပ်သိမ်းသောဘေးတို့သည်လည်းကောင်း ဖြစ်ရကုန်၏၊ ဤစိတ်ဖြင့်အကျိုးမရှိ၊ စိတ်မရှိခြင်းသာလျှင် ငြိမ်းချမ်း၏ ဟူ၍စိတ်၌အပြစ်ကိုရှုပြီးလျှင် မယုတ်မလျော့သော စျာန်ရှိသည်ဖြစ်၍ သေလွန်သောအခါ အသညသတ်ပြဟ္မာဘုံ၌ ဖြစ်ရလေသည်။

ထိုပုဂ္ဂိုလ်၏စိတ်သည် သေပြီးသည်နှင့် ဤဘဝမှာပင် ဆုတ်နစ်ရပ်စဲသွား၏၊ ဆက်မဖြစ်တော့ရုပ်ခန္ဓာသာလျှင် ထိုအသ ညသတ်ပြဟ္မာဘုံ၌ (ဥပမာ)လေးညှို့အဟုန်ဖြင့် ပစ်လိုက်သော

မြားသည် လေးညှို့၏အရှိန်အဟုန်ရှိသမျှသာလျှင် ကောင်းကင်သို့သွားသကဲ့သို့ပင် ထိုပုဂ္ဂိုလ်သည် ဈာန်၏အရှိန်အဟုန်ဖြင့် ပစ်တင်အပ်ကုန်သည်ဖြစ်၍ ထိုအသညသတ်ဘုံ၌ ဖြစ်လာကြပြီး ဈာန်အရှိန်အဟုန်ရှိသမျှကာလပတ်လုံး တည်ရှိနေကြသည်၊ ဈာန်၏အရှိန်အဟုန် ကုန်သောအခါတွင်မူ ထိုအသညသတ်ဘုံ၌ ရုပ်ခန္ဓာ ကွယ်ပျောက်သွားရသည်၊ ဤကာမဘုံ၌ ပဋိသန္ဓေစိတ် (ပဋိသန္ဓေသညာ)ပြန်ဖြစ်ပေးလာရသည်၊

ထို့ကြောင့် ထိုပြဟ္မာတို့သည် ပဋိသန္ဓေသညာ ဖြစ်ပေါ်လာခြင်းကြောင့် ထိုသညာသတ်ဘုံမှ စုတေကြရကုန်၏-ဟူ၍ ဟောပါသည်။

အသညသတ်ပြဟ္မာ၌ နာမ်တရားဖြစ်သော စိတ်,စေတသိတ်အားလုံးမပါရှိသော်လည်း လောကတွင်ဦးခေါင်းဟု ဆိုလိုက်သော ဦးခေါင်းရှိ မျက်စိစသည် အားလုံးပါသကဲ့သို့ သညာမရှိသောသတ္တဝါ (အသညသတ္တ)ဟု ဆိုသဖြင့် ကျန်စိတ်, စေတသိတ် အားလုံးပါသည် ဟု သိရပါမည်။

ဤလောက၌ မှားသောအယူရှိသောသူတို့သည် မိမိတို့၏အယူ၌ ချာချာလည်ကာ ငုပ်ချည်၊ ပေါ်ချည် ကူးနေကြရသည်။ သို့အတွက် သူတို့ကို ပါဠိဝေါဟာရအားဖြင့် တိတ္ထိ-ဟုခေါ်သည်၊ ကူးရာရေဆိပ်ဟု အဓိပ္ပာယ်ရပါသည်။

ထိုတိတ္ထိဟူသောနေရာသည် မိစ္ဆာအယူရှိကြကုန်သော သူတို့၏နေရာဌာနဖြစ်၍ အာယတန-ဟူ၍လည်းခေါ်ကြကာ-နှစ်ခုပေါင်းသော် တိတ္ထိဘောင် တိတ္ထိတို့၏သာသနာ-ဟူ၍ခေါ်ဆို နေကြခြင်းဖြစ်ပါသည်၊ ဂါယောကသိုဏ်းဖြင့်ပင် စတုတ္ထဈာန်၌ ဈာန်ရခဲ့သည်ဟု ဆိုရာ--ပထဝီကသိုဏ်းစသော ကသိုဏ်းတို့ သည်ရုပ်ထင်ရှား၊ အဆင်းထင်ရှားသည်၊ ဝါယောကသိုဏ်းသည် ရုပ်ပင်ဖြစ်သော်လည်း အခြားကသိုဏ်းများကဲ့သို့ မထင်ရှားသော ကြောင့် နာမ်နှင့်အလားတူနေပါသည်။

ထိုဝါယောကသိုဏ်းကို အာရုံပြု၍ စတုတ္ထဈာန်ကိုရပြီး သောပုဂ္ဂိုလ်သည် ဈာန်မှထသောအခါ စိတ်နှင့်တကွ နာမ်တရား ပေါ်၌ အပြစ်ကိုရှုသည်၊ ထိုအပြစ်ကို ရှုဖန်များသောအခါ နာမ် တရားအစစ်ဖြစ်သော စတုတ္ထဈာန်သည် နာမ်တရားကို စက်ဆုပ် သောဘာဝနာ ဖြစ်လာခဲ့ရသည်၊ ထိုအခါ ထိုဈာန်၏အာရုံဖြစ် သော ဝါယောကသိုဏ်းသည် နာမ်တရားနှင့်တူနေရကား စက်ဆုပ်ခံရာတွင် ပါဝင်လေတော့သည်။

သာသနာပတိတ္ထိတို့၏ အတွေးအခေါ်တွင် စိတ်ရှိသော ကြောင့်သာ(ဝါ)သညာရှိသောကြောင့်သာ တစ်ယောက်နှင့်တစ် ယောက်မခံချင်ကြ၍ ခိုက်ရန်ဖြစ်ကာ လက်ခြေဖြတ်ခြင်းစသော ဆင်းရဲတို့ကို ရကြသည်၊ စိတ်(သညာ)မရှိလျှင် ခိုက်ရန်မပြုသဖြင့် ထိုဆင်းရဲဘေးရောက်ဖို့မရှိတော့၊ စိတ်မရှိသော ဥသပတ်ဘဝ

အထူးသည်သာ ဒုက္ခအားလုံးမှလွတ်ကင်းရာ(ဝိမုတ္တိ)ဖြစ်ရာ၏- ဟုယူဆပြီး အသညသတ်သမာပတ်စျာန်ကိုရအောင် အားထုတ်ကြရာသေသောအခါ ရုပ်ပြစ်(၈)ပါးတွင် ပါဝင်သော အသညသတ်ဘုံ၌ ဖြစ်ကြရပါသည်။

ဗုဒ္ဓသာသနာနှင့်ကြုံတွေ့နေကြရသော ပုဂ္ဂိုလ်များကမူ ရုပ်လည်းမကောင်း၊ နာမ်လည်းမကောင်း၊ ရုပ်-နာမ် နှစ်ပါးလုံး အနိစ္စ၊ ဒုက္ခ၊ အနတ္တချည်းသာရှိနိုင်ကြသောကြောင့် အသညသတ်အရူပ- ဟူသောပြဟ္မာဘုံ၌ ဖြစ်ဘို့ရာ မကြိုးစားကြပေ။

သံသရာကြီးဝယ် အဝိဇ္ဇာ၊ တဏှာအရင်းခံ၍ ရုပ်-နာမ် နှစ်ပါး အများသတ္တဝါတို့ ကျင်လည်ကြရာ၌ ရုပ်ကိုစက်ဆုပ်သော ရူပဝိရာဂဘာဝနာနာမ်ကို စက်ဆုပ်သော အရူပဝိရာဂဘာဝနာ ဤ(၂)ပါးတွင် တစ်ပါးပါးမရှိလျှင် တဏှာ၏အစွမ်းကြောင့် ရုပ်-နာမ်နှစ်ဖုံ အစုံအလင်ဖြစ်ကြရသည်။

အသညသတ်ဘုံကို တောင့်တသောပုဂ္ဂိုလ်ကား စတုတ္ထစျာန်ကိုရပြီးစကပင် နာမ်ကိုစက်ဆုပ်သော အရူပဝိရာဂဘာဝနာဖြစ်အောင် စတုတ္ထစျာန်ကို ထုံမွှန်းခဲ့သည်၊ ထို့ကြောင့် ထိုစတုတ္ထစျာန်အကျိုးပေးသောအခါ နာမ်ခန္ဓာမပါတော့ဘဲ ရုပ်ခန္ဓာသာ ဖြစ်တော့သည်။

ဉပမာ-ဉတုအလိုက် သီးပွင့်ရိုးဖြစ်သော သစ်ပင်တို့ကို သပ်လျှိုခြင်းဖြင့် ထိုးထားလိုက်သောအခါ အချိန်ကျသော်လည်း

မသီးမပွင့်တော့သကဲ့သို့ အလားတူ- အရူပဝိရာဂဘာဝနာ-ဟူသောသစ်ချောင်းကို သပ်လျှိုထားလိုက်သည့်အတွက် ထိုစတုတ္ထဈာန်မှ နာမ်အသီးသီးကို မသီးနိုင်တော့ချေ၊

ပဉ္စဝေါကာရဘုံဟုခေါ်သော ခန္ဓာငါးပါးရှိသော ဘုံတို့၌ ရုပ်နာမ်တို့သည် ပဋိသန္ဓေခဏ၌လည်းကောင်း၊ နောင်ကာလ၌နှင့်လည်းကောင်း ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုလျက်ဘည်ကြသည်၊ အသညသတ်ဘုံ၌ကား နာမ်တရား အထောက်အပံ့မပါဘဲ ရုပ်အစဉ်ချည်းသာ ဖြစ်တည်နိုင်၏-ဟူသော ဤအကြောင်းကို ဘယ်လိုယုံကြည်ရမလဲ-မည်မျှကြာအောင်တည်နေနိုင်သလဲဟူသော မေးခွန်းမေးဖွယ်ရာ ရှိလာပါသည်။

ဤမေးခွန်းနှင့်ပတ်သက်၍ ညှိုးအဟုန်ဖြင့် ပစ်အပ်တင်အပ်သောမြှားသည် ညှိုးအဟုန်ကောင်းသလောက် ကောင်းကင်၌ တည်နိုင်သကဲ့သို့ ဈာန်အဟုန်ဖြင့် မြှင့်တင်ထားသောကြောင့် ဈာန်အဟုန်ရှိသလောက် ထိုဘုံ၌ တည်နေနိုင်ပါသည်၊ ထိုဈာန်အဟုန်သည် ကမ္ဘာငါးရာ တည်နိုင်သည်ဟုဆိုပါသည်၊

အသညသတ်သမာပတ်သည် ပြုစီမံထားသော ကံအဟုန်ဖြစ်သည်၊ ထိုဈာန်အဟုန်ကုန်လျှင် ထိုအသညသတ်ဘုံ၌ တည်နေသော ရုပ်ခန္ဓာအတ္တဘောသည်လည်း ကွယ်ပျောက်လေတော့သည်။

ထိုအသညသတ်ဘုံမှစုတေသော ပုဂ္ဂိုလ်တို့သည် ဈာန်အသစ်မရသောကြောင့် ကာမဘုံ၌မှ တစ်ပါးအခြားဘုံ၌ ဖြစ်ခွင့်

မရှိကြပါ။ ထိုကြောင့် ဤကာမဘုံ၌သာ သညာကိုခေါင်းတပ်ထားသော ပဋိသန္ဓေစိတ်၊ စေတသိတ်တို့ဖြစ်ကြရပါသည်၊ အသညသတ်ဘုံသို့မရောက်မိက ကာမဘုံတုန်းက စုတိစိတ်သည် နာမ်အစဉ်ချင်း ဆက်စပ်နေရသော ပဋိသန္ဓေစိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံအရ ကျေးဇူးပြုခြင်းဖြစ်ပါသည်။

ဤအသညသတ်ဘုံနှင့်ပြဟ္မာသည် မြင့်မြတ်သော ပြဟ္မဘုံဈာန် ရမှရနိုင်သောဘုံဖြစ်သော်လည်း နာမ်မရှိ၊ ရုပ်သာရှိ၍ ဗုဒ္ဓပွင့်တော်မူသောအချိန်-သာသနာနှင့်ကြုံကြိုက်သောအချိန်တို့၌ တရားနာခွင့်မရနိုင်သော အခြေအနေဖြစ်၍ မသွားအပ်မရောက်အပ်သော ရပ်ပြစ်(၈)ပါးထဲတွင် ပါဝင်နေသောပြဟ္မာဘုံဖြစ်နေသည်ကို လေ့လာသိရှိရပါသည်။

ဗုဒ္ဓက ဤဘုံအဆင့်၊ ပြဟ္မအဆင့်သို့ ရောက်နေသောပုဂ္ဂိုလ်များ၏ အယူဝါဒသည်- အန္တိမ နိဗ္ဗာန-သန္တိသုခအဆင့်မဟုတ်၍ မှားသောအယူဟူ၍ ဟောခြင်းဖြစ်ပါသည်။

ယနေ့ အခြားဘာသာများ၏ ထာဝရကောင်းကင်ဘုံ၊ ထာဝရဘုရား ဟူသော အယူအဆနှင့် ထွက်ရပ်ပေါက်ဂိုဏ်း-သမထကျင့်ကြသော ပုဂ္ဂိုလ်များသည် ဤဝါဒနှင့်အလားတူနေ၍ ခေတ်အမြင်ခေတ်အတွေးရှိကြသော ပုဂ္ဂိုလ်တိုင်းသည် ဤကမ္ဘာပေါ်တွင် ပေါ်ထွန်းနေသော ဘာသာအယူဝါဒများကို လေ့လာဆန်းစစ်သုံးသပ်ပြီးမှ လက်ခံသင့်ကြောင်း ဝေဖန် သုံးသပ်နေပါတော့သည်။

# ဖြဟ္မဇာလသုတ်လာ သေပြီးနောက်သညာရှိသည် ဟုယူဆသော (သညီဝါဒ)အယူ(၁၆)မျိုးအပေါ် ဝေဖန်သုံးသပ်အကဲခတ်ခြင်းအမြင်

ဤလောက၌ ပုဗ္ဗေနိဝါဒနုဿတိအဘိညာဉ်ကို ရသော ပုဂ္ဂိုလ်များသည် ရှေ့အဖို့ကိုကြံစည်သူ(ပုဗ္ဗန္တကပ္ပိက)ကြပြီး သူတို့၏ကြံစည်ချက်ကို အယူဝါဒတစ်ရပ်အနေနှင့် တင်ပြခဲ့၍ ယင်းကို ပုဗ္ဗန္တာနုဒိဋ္ဌိ-ဟူ၍ သတ်မှတ်ခဲ့သလို ဒိဗ္ဗစက္ခုဉာဏ်ရသောပုဂ္ဂိုလ်တို့သည်သံသရာ၏နောက်အဖို့ကို ကြံဆလာကြပြန်သည်ရှိသော ကြောင့်အပရန္တကပ္ပိက-ဟုခေါ်ကြပါသည်။

သံသရာ၏နောက်အဖို့ကို အစွဲပြု၍ ကြံဆခဲ့သောပုဂ္ဂိုလ်တို့သည် အယူဝါဒ(၄၄)မျိုးအထိ ပညတ်ပြခဲ့ကြကုန်သည်။

အချို့သောရဟန်း၊ ပုဏ္ဏားတို့သည် သေပြီးနောက်အတ္တသည် စိတ်သညာရှိသေး၏၊ စိတ်ပညာရှိသောအတ္တသည်မသေ၊ ဟူ၍ (၁၆)ပါးသော အကြောင်းပြချက်တို့ဖြင့် ပြဆိုပညတ်ခဲ့ကြသည်၊

၁။ အတ္တသည်-ရုပ်ရှိသည်၊သေပြီးနောက် အနာရောဂါ မရှိဘဲ အမြဲတည်၏၊ စိတ်သညာရှိ၏၊
၂။ အတ္တသည် ရုပ်မရှိ၊
၃။ အတ္တသည် အချို့ရုပ်ရှိ၏--အချို့ရုပ်မရှိ

၄။ အတ္တသည်ရုပ်ရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်

၅။ အတ္တသည် အဆုံးရှိ၏

၆။ အတ္တသည် အဆုံးမရှိ

၇။ အတ္တသည်အချို့အဆုံးရှိ၏၊ အချို့အဆုံးမရှိ

၈။ အတ္တသည် အဆုံးရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်

၉။ အတ္တသည် စိတ်သညာတစ်မျိုးသာရှိ၏

၁၀။ အတ္တသည် စိတ်သညာအမျိုးမျိုးရှိ၏

၁၁။ အတ္တသည် နည်းပါးကျဉ်းမြောင်းသော စိတ်ပညာရှိ၏

၁၂။ အတ္တသည် ပမာဏမရှိ ကျယ်ဝန်းသောစိတ်သညာရှိ၏၊

၁၃။ အတ္တသည် ကောန်ချမ်းသာသည်။

၁၄။ အတ္တသည် ကောန်ဆင်းရဲသည်။

၁၅။ အတ္တသည် ချမ်းသာဆင်းရဲ(၂)မျိုးရှိ၏၊

၁၆။ အတ္တသည်ချမ်းသာဆင်းရဲမရှိ၊ သေပြီးနောက် အနာ ရောဂါမရှိဘဲ အမြဲတည်၏၊ စိတ်ပညာရှိ၏။

သေပြီးနောက် အတ္တရှိသည်၊ ထိုအတ္တ၌ သညာရှိသည် ဟူ၍ယူဆကြသောပုဂ္ဂိုလ်များများကို သညီဝါဒရှိသူဟုဆိုပါသည်။

အာဇီဝက စသော တိတ္ထိတက္ကတွန်းတို့သည် သံသရာ ဝယ်ကောင်းကျိုး၊ ဆိုးကျိုးအမျိုးမျိုးကို သတ်မှတ်အပ်ပြီးဖြစ်သည့်

အတိုင်းတွေ့ကြုံရ၏၊ ကံကြောင့်မဟုတ်ဟု ယူဆကြသောကံနှင့် ကံအကျိုးကို မယုံကြည်ကြချေ၊ ထိုပုဂ္ဂိုလ်များသည်စျာန်ရသော လာဘိတက္ကကများ မဖြစ်နိုင်ဘဲ စျာန်မရသော သုဒ္ဓတက္ကကများသာ ဖြစ်ကြသည်။

ထိုပုဂ္ဂိုလ်များက-ကသိုဏ်းရုပ်ကို အတ္တ၊ ထိုကသိုဏ်းရုပ်၌ဖြစ်သော သညာတို့ကိုလည်း အတ္တ၏သညာဟူ၍ လည်းကောင်း အတ္တသည် ဖေါက်ပြန်မှုမရှိ၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏-ဟူ၍ ကြံဆ၍ယူခဲ့ကြသည်။

ကသိုဏ်း(၉)ပါးတွင် တစ်ပါးပါးကို ခွါခြင်းကြောင့်ရအပ်သော ကောင်းကင်ပညတ်၊ (ကသိဏုဂ္ဃာဋိမာကာသ)၊ ပထမာရုပ္ပဝိညာဉ်၊ နတ္ထိဘောပညတ်၊ ကတိယာရုပ္ပဝိညာဉ် ဤဘာသာစုံလေးပါးသည် အာကာသာနဉ္စာယတနသမာပတ်စသော အရူပသမာပတ်(၄)ပါး၏ အစဉ်အတိုင်း အာရုံများဖြစ်ကြပါသည်၊ ထိုအာရုံကို အတ္တဟုဟူ၍ လည်းကောင်း၊ ထိုအာရုံကို အာရုံပြုသောသညာ ဟူ၍လည်းကောင်း၊ အတ္တကိုရုပ်မရှိ၊ သညာမှုရှိ၏ဟု ပညတ်ကြခြင်း ဖြစ်သည်။

နိဂဏ္ဌနာဋ္ဌော ပုတ္တစသော တိတ္ထိဆရာတို့က တမာရွက်၌ ခါးသောအရသာသည် တမာရွက်ရှိသလောက် ပျံ့နှံ့သကဲ့သို့ အတ္တဟူသော ကောင်ကလေးသည် ခန္ဓာကိုယ်ကြီးသလောက် ထိုခန္ဓာကိုယ်၌ပျံ့နှံ့၍တည်၏၊ ထိုအတ္တကား အထည်ကိုယ်ရုပ်မရှိဟု ယူဆကြသည်။

ရူပီစအရူပီစအတ္တာဟူသော တတိယအယူသည် ရုပ်ရှိမှု၊ ရုပ်မရှိမှု၊ (ရူပီနှင့်အရူပီ)ကို ရောရှ် ယူခြင်း၏ စွမ်းအားဖြင့်ဖြစ်သောမိစ္ဆာအယူဖြစ်ပါသည်၊ ဤပုဂ္ဂိုလ်ကား ရူပသမာပတ်၊ အရူပသမာပတ်(ဈာန်)တို့ကိုရသော ပုဂ္ဂိုလ်တို့၏အယူဖြစ်ပါသည်။

နေဝရူပီ၊ နရူပီအတ္တာ-ဟူသောစတုတ္ထအယူသည်လည်း ဈာန်ရပုဂ္ဂိုလ်၏အယူမဟုတ်၊ ကြံစည်၍ယူသော အယူဖြစ်ပါသည်။

အတ္တသည် အလွန်သိမ်မွေ့ကသောကြောင့် မိမိကိစ္စကို မပြုနိုင်စွမ်းရကား ရုပ်ရှိသည်ဟု မဆိုရ(နေဝရူပီ)၊ ရုပ်သဘောကို မလွန်ဆန်နိုင်သောကြောင့် ရုပ်မရှိဟုလည်း မဆိုရ(နာရူပီ)ဟူ၍ ကြံဆခြင်းဖြစ်သည်။

ဥပမာ-လက်ခြေစသည်တို့၏အပေါင်းသည် သူတို့ချည်းသက်သက် နာမ်တရားမပါလျှင် ရုပ်၏ကိစ္စ မပြုနိုင်သောကြောင့် ရုပ်မရှိ (နေဝရူပီ)ဟူ၍လည်းကောင်း၊ ရုပ်သဘောရှိသောကြောင့် (နာရူပီ)ဟူ၍ ဆိုသကဲ့သို့ပင်ဖြစ်ပါသည်၊

နေဝရူပီ-ရုပ်မရှိ ဟုဆိုသဖြင့် တတိယဝါဒကအရူပီနှင့် အနက်တူနေပါသည်၊ နာရူပီ-ရုပ်မရှိ မဟုတ်ဆိုသဖြင့် တတိယဝါဒအရူပီနှင့် အနက်တူနေခြင်းဖြစ်ပါသည်၊ ဤသို့လျှင် ဤစတုတ္ထဝါဒနှင့် တတိယဝါဒအနက်တူနေသည်ဟု ဆိုဖွယ်ရာ ရှိနေပါ၏။

သို့သော် အနက်တူနေသော်လည်း တတိယဝါဒ၌ကား ကာလဒသေအားဖြင့်ဆို၍ စတုတ္ထဝါဒကား ဝတ္ထုဘေဒအားဖြင့် ဆိုသောကြောင့် အဓိပ္ပါယ်ကွဲပြားပါသည်။

ကသိုဏ်းရုပ်ကို အာရုံပြုသော ရူပသမာပတ်ကို ဝင်စားပြီးရာကာလ၌ အတ္တကိုရူပီဟုယူ၍ အရူပသမာပတ်ကိုဝင်စားပြီးရာကာလ၌ အတ္တကိုအရူပီ-ဟုယူသောကြောင့် ကာလအားဖြင့် ကွဲပြားပါသည်။

ဤစတုတ္ထဝါဒ၌ကား ရုပ်-နာမ် (၂) ပါး ပေါင်းစပ်ထားသော အတ္တဖြစ်သောကြောင့် ရုပ်ကိုရည်ရွယ်၍ နအရူပီ၊ နာမ်ကို ရည်ရွယ်၍ နရူပီ-ဟုဆိုထားရာ ဝတ္ထုအားဖြင့် ကွဲပြားကြပါသည်။

တတိယ- စတုတ္ထ၌ သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ အစွမ်းဖြင့်အတ္တသည် တစ်မျိုးတည်းသဘောရှိသော သညာရှိ၏-ဟုယူဆပြောဆိုသည်၊ သမာပတ်မဝင်စားသောပုဂ္ဂိုလ်၏အစွမ်းဖြင့် အတ္တသည်အမျိုးမျိုးသဘောရှိသော သညာရှိသည်ဟု ယူဆကြသည်။

ကျဉ်းသောကသိုဏ်း၏အစွမ်းဖြင့် အတ္တသည် သေးငယ်သညာရှိသည်၊ ကျယ်ပြန့်သောကသိုဏ်း၏အစွမ်းဖြင့် အတ္တသည် အတိုင်းအရှည်မရှိသော သညာရှိသည်ဟု ယူဆကြသည်။

စတုတ္ထ စကုက္က၌မှု- တတိကစျာန်၊ စတုတ္ထစျာန်တို့ ဖြစ်ရာဘုံ၌ ဖြစ်နေသောသတ္တဝါတို့ကို ဒိဗ္ဗစက္ခုဖြင့်မြင်၍--အတ္တသည် စင်စစ်ချမ်းသာခြင်းရှိ၏-ဟု ယူဆကြသည်။

ငရဲ၌ဖြစ်သော သတ္တဝါတို့ကိုမြင်၍ အတ္တသည် စင်စစ်ဆင်းရဲခြင်းရှိ၏-ဟု ယူဆကြသည်။

လူတို့၌ဖြစ်သော သတ္တဝါတို့ကိုမြင်၍ အတ္တသည် သုခလည်းရှိ၏၊ ဒုက္ခလည်းရှိ၏-ဟု ယူဆကြသည်၊

ဝေဟပ္ပိုလ်ပုဂ္ဂိုလ်ဗြဟ္မာတို့၌ ဖြစ်သောသတ္တဝါတို့ကိုမြင်၍-အတ္တသည် ဒုက္ခလဲမရှိ၊ သုခလဲမရှိ-ဟု ယူဆကြသည်။

ဤအယူအဆ (၁၆) မျိုးသည် သေပြီးနောက် အတ္တ၊ သညာ၊ လေးသည်ပုံစံအမျိုးမျိုးဖြင့် ရှိနေသည်-ဟု ယူဆသောအယူဝါဒဖြစ်သည်။

ယနေ့ ကမ္ဘာပေါ်တွင် ထွန်းကားနေသော ဝါဒကြီး(၄)ခုတွင် ဗြဟ္မဏ (ဟိန္ဒူ) ဝါဒသည် အတ္တဝါဒကို အကြွင်းမဲ့ လက်ခံထားသော ဝါဒဖြစ်သလို ခရာဇ်ယံဝါဒ၊ မွတ်စလင်ဝါဒတို့သည် ထာဝရဘုရား၊ ထိုထာဝရဘုရား၏ အဆုံးအဖြတ်အရ ကောင်းသောအမှုကိုပြုလုပ်သောသူသည် ကောင်းကင်ဘုံ၌ ထာဝရ(အတ္တ)အဖြစ်တည်ရမည်၊ မကောင်းမှုပြုလုပ်သောသူသည် မကောင်းသောငရဲဘုံ၌ ထာဝရ(အတ္တ)အဖြစ် တည်နေရမည်-ဟု ဆိုထားသောကြောင့် လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀)ကျော်က ညွှန်ကြားခဲ့သော ဤအတ္တသည်ဝါဒများနှင့် တူညီနေသည်ကို တွေ့ရပါမည်။

ဗုဒ္ဓက ထိုဝါဒများသည် မိမိတို့၏ ဘဝအတွေ့အကြုံအရ ပြောပြ ဟောပြသော ဝါဒများဖြစ်၍ လောကသဘာဝအရအမှန် တရားမဟုတ်၊ အမှန်တရားကို စူးစမ်းရှာဖွေခြင်း၊ လေ့လာခြင်း၊ ကျင့်ကြံအားထုတ်ခြင်းဖြင့်သာ ရနိုင်သိနိုင်သည်၊ မျက်မှောက်ပြုနိုင်သည်-ဟု ဟောပြောခဲ့သလို လောကသဘာဝအမှန်တရား ရဘို့ ကျင့်စဉ်အမှန် ဗောဓိပက္ခိယတရား(၃၇)ပါးနှင့် သစ္စာလေးပါး တရားနည်းလမ်းတို့ကို ပေးခဲ့ပါသည်။

ဗုဒ္ဓပေးခဲ့သော ထိုကျင့်စဉ်လမ်းနှင့် ယှဉ်ဆိုခဲ့သောအချို့ သမဏ၊ ဗြဟ္မဏတို့၏ အယူဝါဒကို နှိုင်းယှဉ်လေ့လာ ဝေဖန် ဆန်းစစ်စီစစ်ရန် လိုအပ်ပါသည်။

## ဗြဟ္မဇာလသုတ်လာ သေလျှင်ပြတ်စဲခြင်း (ဥစ္ဆေဒဒိဋ္ဌိ) ဝါဒ အပေါ်ဝေဖန်သုံးသပ် အကဲခတ်ခြင်းအမြင်

သတ္တဝါသည် သေလျှင်ပြတ်၏-ဟူ၍ အယူရှိသော ရဟန်းပုဏ္ဏားအချို့တို့သည် သတ္တဝါတို့၏ပြတ်စဲခြင်း၊ ပျောက်ပျက်ခြင်းတို့ကို အကြောင်း(၇)ပါးဖြင့် ပညတ်ကြလေ့ရှိပါသည်။

၁။ အတ္တသည်ရုပ်ရှိ၏၊ မဟာဘုတ်လေးပါးကို အမှီပြု၏၊ မိဘသုတ်သွေးကြောင့်ဖြစ်၏၊ ခန္ဓာကိုယ်ပျက်စီးသွားပါက နောက်၌ ပျောက်၏ ပြတ်၏၊

၂။ အတ္တသည်အမှန်ရှိသည်၊ မရှိဟု မဆို၊ ဤ လူအတ္တမှ တစ်ပါးနတ်အတ္တကရှိပေသေး၏၊ ဤအတ္တကားရုပ်ရှိ၏၊ ကာမဂုဏ်ဘုံ၌ ကျင်လည်၏၊ စားရသော အာဟာရကို စားသောက်ရ၏၊ နတ်၏ အတ္တမှာလည်း သေလျှင် ပျောက်၏၊ ပြတ်၏၊

၃။ အတ္တသည်ဤလူ-နတ်နှင့်မပြီးသေး၊ ဈာန်စိတ်ကြောင့် ဖြစ်သော အလုံးစုံသော ကိုယ်အင်္ဂါကြီးငယ်၊ ဣန္ဒြေရှိသော ရူပါဝစရာဗြဟ္မာ၏အတ္တသည်လည်းရှိ၍ ထိုအတ္တသည်လည်း သေလျှင်ပျောက်၏၊ ပြတ်၏၊

၄။ အာကာသာနဉ္စာယတနဘုံ၌ ဖြစ်သော အတ္တသည် သေလျှင် ပျောက်၏၊ပြတ်၏၊

၅။ ဝိညာဏဉ္စာယတနာဘုံ၌ဖြစ်သောအတ္တသည် သေလျှင် ပျောက်၏၊ ပြတ်၏၊

၆။ အာကိဉ္စညာယတနဘုံ၌ ဖြစ်သောအတ္တသည် သေလျှင် ပျောက်ပြတ်၏၊

၇။ နေဝသညာနာသည်ဘုံ၌ဖြစ်သော အတ္တသည် သေလျှင် ပျောက်၏၊ ပြတ်၏၊

ဉစ္ဆေဒဝါဒသဘောဟူသည် ထင်ရှားရှိသော သတ္တဝါ၏ ပျက်စီးခြင်း၊ သက်ရှိသဘောမှကင်းကွာခြင်းကိုပညတ်ကြခြင်းဖြစ်ပါသည်၊ ဤဝါဒတွင် ဒိဗ္ဗစက္ခုအဘိညာဏ်ရသော ပုဂ္ဂိုလ်နှင့် မရသော ပုဂ္ဂိုလ်(၂)မျိုးလုံးသည် ဉစ္ဆေဒဒိဋ္ဌိကိုယူကြလေ့ရှိပါသည်။

ဒိဗ္ဗစက္ခုအဘိညာဏ်သောပုဂ္ဂိုလ်သည် ရဟန္တာပုဂ္ဂိုလ်၏ စုတိကိုသာ ဒိဗ္ဗစက္ခုဖြင့်မြင်ပြီး ပဋိသန္ဓေကိုမမြင်၍ ဉစ္ဆေဒဒိဋ္ဌိကို ယူသည်၊ ထို့ပြင် စုတိကိုသာ မြင်ရန်စွမ်းပြီး ပဋိသန္ဓေကို မြင်ရန် မစွမ်းနိုင်သောပုဂ္ဂိုလ်သည် ဉစ္ဆေဒဒိဋ္ဌိကိုယူသည်။

ဒိဗ္ဗစက္ခုကို မရသောသူကား တမလွန်လောကကို ဘယ်သူသိနိုင်မလဲ-ဟုဆိုကာ ကာမချမ်းသာ၌ တပ်မက်ခြင်းကြောင့်လည်း ဉစ္ဆေဒဒိဋ္ဌိကို ယူပါသည်။

သစ်ပင်မှ ကြွေကျသောအရွက်များ ပြန်လည်မစည်ပင်ကုန်သကဲ့သို့ ဤနည်းတူပင် သေလွန်သောသတ္တဝါတို့သည် ပြန်၍ မစည်ပင်ကုန်-ဟုကြံစည်၍ ဉစ္ဆေဒဒိဋ္ဌိယူကြသည်။

ဤ၌ တဏှာဒိဋ္ဌိတို့၏ အစွမ်းဖြင့် အထက်၌ ဆိုခဲ့သော အခြင်းအရာအားဖြင့်လည်းကောင်း၊ တစ်ပါးသော အခြင်းအရာအားဖြင့်လည်းကောင်း၊ အမျိုးမျိုးကြံစည်၍သာလျှင် (၇)ပါးသော ဥစ္ဆေဒဒိဋ္ဌိတို့ဖြင့် ဖြစ်ပေးလာကုန်သည်။

လူ၏ကိုယ်ကို အတ္တ-ဟု ပြောဆိုသူသည် အဖ၏သုတ်သွေးကြောင့်ဖြစ်သော ရူပကာယကို ခေါင်းတပ်သောအားဖြင့် လူ၏အတ္တဘောကို-အတ္တဟု ပညတ်ပြပါသည်။

ဒုတိယကားနတ်တို့၏ အတ္တဘောကို အတ္တဟု ပြောဆို၏၊ စျာန်စိတ်ကြောင့်ဖြစ်သော အင်္ဂါကြီးငယ်အားလုံးနှင့်ယှဉ်သော ပြည့်စုံသောမျက်စိ၊ နားစသော ဣန္ဒြေရှိသောအတ္တသည် ရှိ၏။

ပြဟ္မာပြည်၌ ထင်ရှားရှိသောစက္ခုန္ဒြေ၊ သောတိန္ဒြေတို့၏၊ အစွမ်းအားအဖြစ်လည်းကောင်း၊ ထိုမှတစ်ပါးသော ဃာနိန္ဒြေ ဇိဝိန္ဒြေ၊ ကာယိန္ဒြေတို့၏ပုံသဏ္ဌာန်အဖြစ်ဖြင့် ရှိခြင်း၏၊ အစွမ်းအားဖြင့်လည်းကောင်း၊ မချို့တဲ့သော ဣန္ဒြေရှိသည်ဟု ဆိုပြီး ထိုပြဟ္မာတို့၌လည်း အတ္တဘောအတ္တရှိသည်ဟု ဆိုလိုပါသည်။

အတ္တရှိသည် လူဘဝ၊ နတ်ဘဝ၊ ပြဟ္မာဘဝတို့၌ လည်ပတ်သွားနေသည်- ဟူသော အယူအဆသည် ယနေ့ကမ္ဘာတွင် ပထမဦးဆုံး ပေးခဲ့သော ဘာသာဟု အသိအမှတ်ပြုထားသော ဟိန္ဒူဘာသာ၊ ဂျိန်းဘာသာတို့၌ ယနေ့ထက်ထိ လက်ခံယုံကြည်နေကြသည်။

အလားတူ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာတို့က လည်း ထိုအတ္တဝိညာဉ်လေးသည် ကုသိုလ်ဝိညာဉ်ဖြစ်ပါက ထာဝရ ကောင်းကင်ဘုံ၌ သွားရောက်ပြီးချမ်းသာစွာနေမည်၊ အကုသိုလ် အတ္တ(ဝိညာဉ်)ဖြစ်က ငရဲဘုံ၌ သွားရောက်၍ ထာဝရခံစားရမည် ဟု ဆိုထားပါသည်။

သူတို့၏အယူအဆအရ ပြတ်စဲခြင်း(ဥစ္ဆေဒ)သည် သေ ပြီး ပျောက်သွား-ပြတ်သွားသည်မဟုတ်၊ တစ်နေရာရာ၌ ထိုအတ္တ သွားရောက်တည်နေခြင်းကို ဆိုလိုပါသည်။

ဗုဒ္ဓဂေါတမဝါဒ၌ကား အတ္တဆိုသည် မရှိသလို၊ သေ လျှင်ပြတ်သည်-ဟူသောဥစ္ဆေဒဝါဒကို လက်မခံပါချေ၊ သေလျှင် ပြတ်ပါက ဤဘဝ၌ဘာမျှကုသိုလ်၊ အကုသိုလ်လုပ်စရာလိုတော့ မည် မဟုတ်ပါချေ။

ဗုဒ္ဓဂေါတမ၏အယူအဆကား နာမ်နှင့်ရုပ်သာ ရှိသည် ထိုနာမ်နှင့်ရုပ်တို့ကိုခန္ဓာ၊ အာယတနဓာတ်တို့ဖြင့် ဖွဲ့စည်းထား သည်၊ ထိုဖွဲ့စည်းမှုအခြေခံသည် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဓာတ်ကြီးလေးပါး အမာခံအပေါ်၌ တည်ဆောက်ထား သည်။

ထိုနာမ်ရုပ်၏ ပြုလုပ်သောကုသိုလ်အလုပ်၊ အကုသိုလ် အလုပ်နိယာမအရ ထိုကံအစွမ်းသတ္တိသည် (၃၁)ဘုံ၌ရုပ်၊ နာမ် ခန္ဓာအမျိုးမျိုးဖြင့် ကျင်လည်၍ သံသရာလည်နေရမည်။

ထိုရုပ်နာမ်၏ ကံသတ္တိလေသည် မမြဲ-ဆင်းရဲ-အစိုးမရ ထာဝရတည်ရှိမှု မရှိ၊ ဖြစ်လိုက်-တည်လိုက်-ပျက်လိုက်သဘာဝ တရားလမ်းစဉ်အတိုင်း သွားနေခြင်း ရှိနေပါသည်။

ထိုကံစွမ်းသတ္တိက လေးချုပ်ငြိမ်းဘို့ ဆိုသည်မှာ မဂ္ဂင်(၈) ပါးအကျင့်ဖြင့် ပဋိစ္စသမုပ္ပါဒ်သံသရာလည်မှုကို နားလည်ပြီး သစ္စာလေးပါးကိုထိုးဖေါက်သိပြီး ရုပ်နာမ်ဇာတ်သိမ်း၊ နိဗ္ဗာန်ဝင်မှ ဤအတ္တဟုဆိုအပ်သော ရုပ်နာမ်သည်အပြီး ချုပ်ပျောက်ချုပ်ငြိမ်းမည်-ဟု ဗုဒ္ဓဂေါတမက ဟောကြားလမ်းညွှန်ခဲ့သည်။

ထို့ကြောင့် လူအတ္တနှင့်နတ်အတ္တ၊ ဗြဟ္မအတ္တဖြစ်မှု-တည်မှုပြတ်မှုသည် ဗုဒ္ဓ၏ဝါဒအရနှင့် အခြားဘာသာတို့၏ဝါဒအရ တူမျှစွာမရှိသည်ကို လေ့လာတွေ့ရှိရပါသည်၊ မည်သည့်အယူဝါဒကား မှန်-မမှန်ကိုမှ လက်တွေ့ကျင့်သုံးပြုလုပ်နိုင်ပါမှ အမှန်တရားကို လက်တွေ့သိရှိ ခံစားရမည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## ဗြဟ္မဇာလသုတ်လာ လက်တွေ့နိဗ္ဗာန်ခံစားရမှု (ဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိ)အပေါ် ဝေဖန်သုံးသပ်အကဲခတ်ခြင်းအမြင်

ရဟန်းပုဏ္ဏားအချို့သည် အကြောင်း (၅)မျိုးဖြင့် မြတ်သော လက်တွေ့နိဗ္ဗာန်ဝါဒကို ပညတ်ကြလေ့ရှိပါသည်။

၁။ ဤအတ္တသည် ကာမဂုဏ်ငါးပါးနှင့်ပြည့်စုံ၍ ခံစားရလျှင် အမြတ်ဆုံး လက်တွေ့နိဗ္ဗာန်ရောက်ခြင်းပင်ဖြစ်၏။

၂။ အတ္တရှိသည်ကိုလက်ခံသည်၊ ကာမဂုဏ်သည် အမြဲမရှိ၊ ဆင်းရဲသည်၊ ဖေါက်ပြန်သော သဘောရှိနေ၍ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း ဆင်းရဲစိတ်မချမ်းသာ၊ပြင်းစွာပူပန်ခြင်းတို့ ဖြစ်ပေါ်နေသဖြင့် အတ္တသည် လက်တွေ့နိဗ္ဗာန် မရောက်သေး-ဟု အချို့က ယူဆသည်။

အတ္တသည် ကာမဂုဏ်အကုသိုလ်တို့မှ ကင်းဆိတ်၍ သာလျှင် စူးစိုက်ကြံစည်ခြင်း၊ ဆင်ခြင်သုံးသပ်ခြင်းနှင့် တကွဖြစ်သောစိတ်၏ အပိတ်အဆို့ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သက်ခြင်း ချမ်းသာခြင်းရှိသော ပဌမဈာန်ကို ရရှိပြည့်စုံစေ၍ ဝင်စားနေထိုင်ခြင်းဖြင့် အတ္တသည် အမြတ်ဆုံးလက်တွေ့နိဗ္ဗာန်ရောက်ခြင်းဖြစ်၏-အချို့ကယူဆသည်။

၃။ အတ္တသည်အမှန်ရှိပါ၏၊သို့သော် ပထမဈာန်ရကာမျှဖြင့် အမြတ်ဆုံး လက်တွေ့နိဗ္ဗာန် မရောက်နိုင်ပါ၊ ထိုပထမဈာန်၌ ကြံစည်ခြင်း၊ သုံးသပ်ခြင်းများရှိနေသဖြင့် ရုပ်ရင်းကြမ်းတမ်းနေပါသည်၊

ဤအတ္တသည် စူးစိုက်ကြံစည်ခြင်း၊ဆင်ခြင်သုံးသပ်ခြင်းကင်းပြီး အလွန်ကြည်လင်သောစိတ်၏ တစ်ခုတည်းတည်ကြည်သော (သမာဓိ) ကို ပွားစေတတ်သော နှစ်သက်ခြင်း၊ ချမ်းသာခြင်းရှိသော၊ ဒုတိယဈာန်ကို ရရှိပြည့်စုံစေ၍ ဝင်စားနေထိုင်ခြင်းဖြင့်သာ ဤအတ္တသည် အမြတ်ဆုံး နိဗ္ဗာန်ရောက်ရှိခြင်းဖြစ်သည်- ဟု အချို့ကယူဆသည်။

၄။ အတ္တသည် ရှိပါ၏၊ ဤဒုတိယဈာန်ဖြင့် အမြတ်ဆုံး လက်တွေ့နိဗ္ဗာန်မရောက်သေးပါ၊

ဤအတ္တသည် နှစ်သက်ခြင်းကိုလည်း တပ်မက်ခြင်းကင်းခြင်းကြောင့် သတိသမ္ပဇဉ်ရှိသည်ဖြစ်၍ လျစ်လျူရှုကာနေ၏၊ ချမ်းသာကိုလည်း ကိုယ်ဖြင့် ခံစားမိ၏၊ သတိရှိသောသူ၊ ချမ်းသာစွာနေလေ့ရှိသူဟု အရိယာကိုပြောဆိုချီးမွမ်းရသောတတိယဈာန် ကိုရရှိပြည့်စုံစေ၍ ဝင်စားနေထိုင်သည်ကိုအတ္တသည် အမြတ်ဆုံး နိဗ္ဗာန်ရောက်သည်-ဟု ယူဆပြောဆိုကြသည်။

၅။ အတ္တသည်ရှိပါ၏၊ တတိယဈာန်ဝင်စားရုံမျှဖြင့် ချမ်းသာလှ၏ ဟုစိတ်၏နှလုံးသွင်းမှုက ရှိနေသေးသောကြောင့် အမြတ်ဆုံးနိဗ္ဗာန်ရောက်သည်ဟု မဆိုနိုင်ပါ၊

ဤအတ္တသည် ချမ်းသာဆင်းရဲကိုပယ်ခြင်းကြောင့် ဝမ်းမြောက်ခြင်း၊ ဝမ်းနည်းခြင်း(သောမနဿ+ဒေါမနဿသ)တို့ချုပ်ပျောက်ခြင်းကြောင့် လျစ်လျူရှုကြောင့်ဖြစ်သော သတိ၏စင်ကြယ်ရာဖြစ်သော စတုတ္ထဈာန်ကို ပြည့်စုံဝင်စားနေ၏၊ ဤသို့ဝင်စားနေခြင်းကို အမြတ်ဆုံး လက်တွေ့နိဗ္ဗာန်ရောက်ခြင်း-ဟု ယူဆကြသည်။

ဤ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒတွင် ကာမဂုဏ်ဟူသည် လူ့ဌ်ဖြစ်သော ကာမဂုဏ်နှင့်နတ်ဌ် ဖြစ်သောကာမဂုဏ်ကို ယူရပါမည်၊ ပရနိမ္မိတဝသဝတ္တိနတ်မင်း၏ ကာမဂုဏ်နှင့်တူသော ကာမဂုဏ်တို့ကိုနတ်ဌ်ဖြစ်သော ကာမဂုဏ်-ဟု သိရပါသည်၊

ဤသို့ သဘောရှိသော ကာမဂုဏ်သို့ ကပ်ရောက်မှုကို ဒိဋ္ဌဓမ္မနိဗ္ဗာန်စည်းစိမ်ဟု ဆိုကြခြင်းဖြစ်ပါသည်။

မာဂဏ္ဍိယပုဏ္ဏားသည် ဗုဒ္ဓထံရောက်လာပြီး မိမိဌ်ဝတ်စရာ၊ စားစရာ၊ နေထိုင်စရာအပြည့်အစုံရှိ၍ မိမိသည် ဂေါတမဗုဒ္ဓဟောသော နိဗ္ဗာန်နှင့်ပြည့်စုံသူ-ဟုလျှောက်ထားမှုရှိခဲ့သည်၊ ဗုဒ္ဓက ထိုပုဏ္ဏား၏ နိဗ္ဗာန်အယူအဆနှင့်ပတ်သက်၍ ထိုဥစ္စာစည်းစိမ်သည် လောက၏ဒိဋ္ဌဓမ္မ နိဗ္ဗာန်မဟုတ်ကြောင်း-

ကိလေသာကုန်ခမ်းမှုသာ နိဗ္ဗာန်ရောက်သည်မည်ကြောင်း ရှင်းပြခဲ့သည်ကို တွေ့ရပါမည်။

ပထမစျာန်၊ ဒုတိယစျာန်စသည်နှင့် အရူပကို နိဗ္ဗာန်ဟု ထင်ကြသူများအဖို့လည်း ထိုစျာန်တရားများသည် တည်မြဲခြင်း မရှိကြောင်း၊ ဖောက်ပြန်ပျက်စီးတတ်သော သဘောရှိသည်ကို ဗုဒ္ဓအဘိဓမ္မာက လမ်းညွှန်ဟောကြားထားသလို လက်တွေ့လည်း မတည်မြဲသောသဘောကို တွေ့နေကြရသည်။

ဤဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒသည် ယနေ့ခေတ် ဘာသာရေးရှုထောင့်အမြင်ဖြင့် လေ့လာလျှင် လောက၌ ကာမဂုဏ်အာရုံငါးပါး ပြည့်စုံ လုံလောက်စွာ ခံစားရခြင်းသည်ပင် လက်တွေ့ချမ်းသာ နိဗ္ဗာန်ဟုဆိုခြင်း ဖြစ်သည်၊ ခရစ္စယံဘာသာ၊ မွတ်စလင်ဘာသာ တို့၌ ထာဝရကောင်းကင်ဘုံတည်ရှိပြီး ထာဝရချမ်းသာခံစားနေရမည်၊

ထာဝရငရဲရှိ၍ ထာဝရဆင်းရဲခံစားနေရမည်-ဟူသော သဘောသဘာဝသည် ဤဝါဒ၏ နတ်ပြည်၊ ဗြဟ္မာပြည်ခံစားမှု အဆင့်ဆင့်နှင့်တူနေပါသည်။

ဗုဒ္ဓဝါဒကမူ သံသရာဝဋ်ကမလွတ်သေးသမျှ သတ္တဝါတို့၏ကံသတ္တိသည် လိုက်နေမည်၊ မိမိတို့ပြုခဲ့သောကုသိုလ်ကံ အလုပ်အရ အကျိုးအနေဖြင့် ဖြစ်ပေါ် ရရှိခံစားရမည်ဖြစ်သည်။

ဤဝါဒသမားသည် မိမိတို့၏ဘဝ ပတ်ဝန်းကျင်အတွေ့အကြုံအရ တွေ့ရှိရသောအချက်ပေါ် မူတည်ပြီး ယူဆလက်ခံကြခြင်းသဘောဖြစ်သည်၊ ဖါးငယ်သည် မိမိကျင်လည် ကျက်စားနေရသော နွားခြေရာခွက်ကို ပင်လယ်ထင်နေသကဲ့သို့ပင် ဖြစ်ပါသည်။

ယနေ့ကမ္ဘာတွင် ပေါ်ထွန်းခဲ့သော ဘာသာရေးခေါင်းဆောင်ဘုရားအမည်ခံကြသော ယေရှုခရစ်၊ မိုဟာမက်တို့သည် မိမိတို့သဲကန္တာရ၌ အားထုတ်ခဲ့သောသမာဓိရလာမှု အစိတ်အပိုင်းပေါ် မူတည်၍ ထိုအရာကိုအမှန်ဟု ယူဆပြီး ကမ္ဘာကြီးနှင့်သတ္တဝါတို့ကို ဘုရားသခင်က ဖန်ဆင်းသည်၊ အရာဝတ္ထုအားလုံးကို ဘုရားသခင်က ဖန်ဆင်းပေးနေသည်ဟု ယူဆလက်ခံပြီး ဟောကြားခဲ့သည်။

ဗုဒ္ဓဂေါတမကမူ လောကသဘာဝကို အဆုံးထိလေ့လာစူးစမ်းအားထုတ်ပြီး အရာအားလုံးသည် သူ့သဘာဝနှင့်သူ ဖြစ်လာသည်၊ နောက်ဆုံး ဘဝလွတ်မြောက်ရေး(ဝါ)ဖြစ်ပျက်ဆင်းရဲကင်းမှုသဘာဝသို့ ရောက်မှုသည်သာ နိဗ္ဗာန်-ဖြစ်သည်ဟု ဖော်ထုတ်ပြသခဲ့သည်။

ယနေ့ခေတ် သိပ္ပံပညာဖြစ်ပေါ်မှု တိုးတက်မှုနှင့် ဗုဒ္ဓ၏ လွန်ခဲ့သောနှစ်ပေါင်း(၂၅၀၀)ကျော်က ဟောကြားချက်တို့သည် ထပ်တူထပ်မျှ သဘာဝကျကျဖြစ်နေသည်ကိုတွေ့ရသဖြင့် ယနေ့

တိုးတက်သော သိပ္ပံပညာသည် ဗုဒ္ဓ၏အတွေးအခေါ်အပေါ် အလေးအနက်ထား လက်ခံလေ့လာ လိုက်စားလာကြသည်။

စက်မှုပညာ တိုးတက်၍ ချမ်းသာသော သဘာဝသည် ပြင်ပသာမန် ရုပ်ချမ်းသာမှုဖြစ်သည်၊ စိတ်ချမ်းသာမှုကို မရနိုင်သောသဘာဝကို လက်ခံလာကြသည်၊ သိပ္ပံတိုးတက်မှုသည် လောဘ,ဒေါသများတိုးပွားရာသာဖြစ်နေသည်၊ ဗုဒ္ဓ၏ စိတ်၏ငြိမ်းချမ်းမှုခံစားရာကို မရနိုင်မှန်း သိလာကြသည်၊ ဗုဒ္ဓ၏တရားကသာ ကိုယ်စိတ်ငြိမ်းချမ်းမှု ခံစားနိုင်သည်ကို သဘောပေါက်လာကြသည်။

ခေတ်မှီတိုးတက်နေသော အင်တာနက်ခေတ်တွင် ဗုဒ္ဓ၏နိဗ္ဗာနဝါဒသည် တဖြည်းဖြည်း ထင်ပေါ်ထင်ရှားလာမည်ဟု သုံးသပ်မိပါသည်။

## ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိအမျိုးအစား ဖြစ်ပေါ်မှုအပေါ်နှင့် ပတ်သက်၍ ဗုဒ္ဓ၏လမ်းညွှန်ချက်ကို ဝေဖန်သုံးသပ်အကဲခတ်ခြင်းအမြင်

၆၂-ပါးသော ဒိဋ္ဌိအယူတို့တွင် အချုပ်အားဖြင့် ဥစ္ဆေဒဒိဋ္ဌိအယူ(၇)ပါးချန်၍ ကျန်-၅၅-ပါးသည် သဿတဒိဋ္ဌိ၌ အကျုံးဝင်သွား၍ ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိ(၂)မျိုးသာလျှင် အချုပ်ဖြစ်ပါသည်။

ထိုဒိဋ္ဌိမှာ အဘယ်ကြောင့်ဖြစ်ပေါ်ရသနည်းဟု ဆိုပါက အယူဝါဒအမျိုးမျိုးတို့ကို ပြောဆိုယူဆကြသော-အမှန်တရားကို မသိမြင်ကြကုန်သော ရဟန်း-ပုဏ္ဏားတို့သည်-တဏှာ-ဒိဋ္ဌိတို့ဖြင့် ဆာလောင်မွတ်သိပ်လျက်ရှိသောကြောင့် လှုပ်ရှားပြောင်းရွေ့တတ်ကြသည်၊ မတည်မြဲကြကုန်။

ထိုသူများသည် အာရုံကိုတွေ့ထိမှု (ဖဿ) ကြောင့်သာ ဤသို့ ပြောဆိုစွဲလမ်းကြကုန်သည်၊ ဖဿနှင့်အာယတနတို့တွေ့ထိမှုကြောင့် ဒိဋ္ဌိအယူဝါဒများ ခံစားနိုင်ကြသည်။

ဒိဋ္ဌိအယူဝါဒကို သိမှတ်ခံစားမှု (ဝေဒနာ) ဟူသော အကြောင်းကြောင့် တပ်မက်မှု(တဏှာ)ဖြစ်ပေါ်သည်၊ တဏှာကြောင့်စွဲလန်းမှု(ဥပါဒါန်)ဖြစ်ပေါ်သည်၊ ဥပါဒါန်ကြောင့် . . ကံနှင့်ပဋိသန္ဓေခေါ် ဘဝဖြစ်ပေါ်သည်၊ ဘဝကြောင့်မွေးဖွားမှု (ဇာတိ)ဖြစ်ပေါ်သည်၊ ဇာတိကြောင့် အိုမင်းရင့်ရော်ခြင်း (ဇရာ) သေဆုံးခြင်း၊(မရဏ)၊ စိုးရိမ်ကြောင့်ကြခြင်း(သောက)၊ ငိုကြွေး

ခြင်း(ပရိဒေဝ)၊ ဆင်းရဲခြင်း(ဒုက္ခ)၊ စိတ်မချမ်းသာခြင်း (ဒေါမနဿ)၊ ပြင်းစွာပူပန်ခြင်း(ဥပါယာသ)တရားတို့ ဖြစ်ပေါ်လာရသည်။

ဖဿာယတနခြောက်ပါးတို့၏ဖြစ်ခြင်း၊ ချုပ်ပျောက်ခြင်း၊ အရသာ၊ အပြစ်၊ ဒေါသ၊ ထွက်မြောက်ရာ ဤငါးပါးတို့ကို ဟုတ်တိုင်းမှန်စွာ သိသောရဟန်းသည် ဤ(၆၂)ပါးသော မိစ္ဆာဒိဋ္ဌိထက်သာလွန်သောတရားကို သိပါသည်။

သီလ ,သမာဓိ, ပညာ အရဟတ္တဖိုလ်အထိ ရောက်စေသောတရားများကား အလွန်ထူးမြတ်သော တရားများ ဖြစ်ကြသည်။

ယင်းတရားထူးကို ရဟန္တာသိသည်၊ အနာဂါမ်,သကဒါဂါမ်,သောတာပန်-ဗဟုသုတရှိသူကျမ်းဂန်) ဆောင်သူများနှင့် ဝိပဿနာသမားများ သိသည်။

ရှေ့အဖို့-နောက်အဖို့ ကြံဆစွဲယူကြကာ များပြားသော (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိအယူ-ယူကြကုန်သော သမဏ-ဗြာဟ္မဏတို့ကားဤ(၆၂)ပါးသော ကွန်ယက်အတွင်း၌ တည်ကြကုန်သည်၊ ဤကွန်ယက်အတွင်း၌သာ ရှိကုန်ကြသည်၊

ဥပမာအားဖြင့် ကွန်ယက်စိပ်ခြင်းဖြင့် ရေအိုင်ငယ်ကို လွှမ်းအုပ်ထားသော ကျွမ်းကျင်သောတံငါသည်- တံငါသည်တပည့်အား ဤရေအိုင်ငယ်ရှိ ရေသတ္တဝါအားလုံးတို့သည် ကွန်ရက်စိပ်အတွင်း၌ မိကုန်သည်ဖြစ်၍ ပေါ်ကြကုန်၏-ဟု စိတ်ဝယ်ဖြစ်ပေါ်သကဲ့သို့ပင် ဖြစ်ပါ၏၊

တံငါသည်နှင့် ဘုရားရှင်၊ ကွန်ရက်နှင့်ဒေသနာ၊ နည်းသောရေနှင့် လောကဓာတ်တစ်သောင်း၊ ရေသတ္တဝါများနှင့်(၆၂)ပါးသော ဒိဋ္ဌိအယူယူသူများ၊ ကမ်းနားရပ်ကြည့်စဉ် ရေသတ္တဝါများ ကွန်ရက်အတွင်း မိနေပုံကိုမြင်သကဲ့သို့ မိစ္ဆာအယူ (၆၂)ပါးလုံး ဒေသနာအတွင်းဝင်နေပုံကို ဘုရားရှင်မြင်တော်မူသည်။

ဗုဒ္ဓသည် ဘဝတဏှာပြတ်ပြီးဖြစ်၍ တည်သောသူဖြစ်၍ ကိုယ်တော်အသက်ရှင်တည်နေသရွေ့သာ နတ်လူများဖူးမြင်ရမည်၊ ပရိနိဗ္ဗာန်စံဝင်က မဖူးမြင်ရတော့လတံ၊ ဥပမာ-သရက်ခိုင်အညှာပြတ်က အညှာတွင် တွယ်နေသော သရက်သီးအားလုံး အညှာသို့သာ လိုက်ပါကုန်သကဲ့သို့ပင်။

သရက်ပင်နှင့်ဗုဒ္ဓ၏ ခန္ဓာကိုယ်၊ အညှာနှင့်ဘဝတဏှာ၊ အညှာ၌တည်နေသော ခန္ဓာ-၅၊ အာယာတန-၁၂၊ ဓာတ်-၁၈ပါး၊ အညှာကပြတ်၍ သရက်သီးမှည့်များနှင့် တဏှာနှင့်စပ်ကာ နောင်ဖြစ်မည့် ခန္ဓာငါးပါး၊ အာယတနာ-၁၂၊ဓာတ်-၁၈ပါး၊ အညှာကပြတ်၍ သရက်သီးအားလုံးပြုတ်ကျခြင်းနှင့် ဘဝတဏှာပြတ်ရာ နောင်ဖြစ်မည့်ခန္ဓာအစဉ် မဖြစ်တော့ပြီ၊

ထိုသရက်ပင်သည် ဖာရိုးလိပ်ကျောက်ဆူးအထိ ထိ၍ ချောက်ပေသွားလျှင် ဤနေရာ၌ သရက်ပင်ရှိခဲ့သည်-ဟု စကားသုံးရုံမျှသာဖြစ်တော့၍ သရက်ပင်ကို မည်သူမျှ မမြင်ရတော့သလို အရိယာမဂ်ကြောင့် တဏှာခန်းခြောက် ပျောက်သော ဗုဒ္ဓ

ပရိနိဗ္ဗာန်စံဝင်က မည်သည့်နတ် လူ ဗြဟ္မာမျှ ဘုရားကို မဖူးမြင်ရ တော့ချေ၊

ဤ (၆၂)ပါးသော အယူအဆများ သက်ဝင်မှုနှင့် ပတ်သက်၍ ဗုဒ္ဓ၏အဓိကဆိုလိုချက်မှာတဏှာ၊ ဒိဋ္ဌိရှိသူများ အသိ၊ သတိတရား၊ သီလ,သမာဓိ,ပညာတရား မရှိကြ၍ ထိုမှားသော အယူများ၌ သက်ဝင်နေကြမည်သာ ဖြစ်သည်၊

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီး၌ အယူဝါဒ အမျိုးမျိုး ဖြစ်ပေါ်နေမှုသည် တဏှာဒိဋ္ဌိတို့၏အစွမ်းဖြင့် မိမိတို့တွေ့ကြုံကြရသော(ဖဿ)စွမ်းအားနှင့် တွေးခေါ်မှုစွမ်းအားပေါ်မူတည်၍ ဖြစ်ပေါ်နေခြင်းဖြစ်သည်ကို တွေ့ရပါမည်၊ ထိုဖြစ်ပေါ်နေမှုဝါဒ အသီးသီးကို လေ့လာလျှင်လည်း-တဏှာဒိဋ္ဌိ မကင်းသည်ကို တွေ့ရပါမည်။

ဗုဒ္ဓက ထိုတဏှာဒိဋ္ဌိလွတ်ဘို့အတွက် မိမိကဲ့သို့ ဘဝ တဏှာပြတ်သောသူဖြစ်အောင်လုပ်ရန် လမ်းညွှန်မှုပေးထားခဲ့ သည်။

ယနေ့ ကမ္ဘာလောကကြီးရှိ ဘာသာအယူဝါဒများနှင့် အတွေးအခေါ်များကို အသေးစိတ်လေ့လာ ဆန်းစစ်ကြည့်ပါက မိမိတို့ကိုယ်မိမိတို့ မှန်သည်ဟု ထင်နေကြသော ဘာသာအယူဝါဒ၊ အတွေးအခေါ်များသည် ဤ(၆၂)ပါးသောဒိဋ္ဌိထဲ အကျုံးဝင် နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း လေ့လာသုံးသပ်၍ ရပါ သည်။

## ဗြဟ္မဇာလသုတ်နှင့် မြေငလျင်လှုပ်ခြင်းပြဿနာအပေါ် လေ့လာသုံးသပ်အကဲခတ်ခြင်းအမြင်

ဤဗြဟ္မဇာလသုတ်တော် ဟောကြားမှုပြီးသောအခါ တစ်သောင်းသော စကြာဝဠာလောကဓာတ်သည် တုန်လှုပ်သည်ဟုဆိုထားပါသည်၊ သင်္ဂါယနာတင်မထေရ်တို့က ဤဗြဟ္မဇာလသုတ်ဟောကြားနေစဉ် တုန်လှုပ်သည်ဟုဆိုပြီး (၆၂)ပါးသော မိစ္ဆာအယူတို့ကို ဖြေရှင်း၍ ဟောကြားအပ်ကုန်သည်ရှိသော် ထိုမိစ္ဆာအယူတို့၏ အဆုံးတိုင်၌ တုန်လှုပ်သည့်အတွက် (၆၂)ကြိမ် တိတိ တုန်လှုပ်ခဲ့သည်ဟုဆိုပါသည်။

မြေငလျင်လှုပ်မှုနှင့်ပတ်သက်၍ဗုဒ္ဓကမဟာပရိနိဗ္ဗာန်သုတ်၌--

၁။ ဓာတ်ချောက်ချားခြင်း လည်းကောင်း

၂။ တန်ခိုးရှင်၏အာနုဘော်ကြောင့် လည်းကောင်း

၃။ ဘုရားလောင်းမယ်တော်ဝမ်း သက်ဝင်သောအခါ၌ လည်းကောင်း

၄။ မယ်တော်ဝမ်းမှဖွားမြင်သောအခါ၌ လည်းကောင်း

၅။ သမ္မာသမ္ဗောဓိဉာဏ်ရသောအခါ၌ လည်းကောင်း

၆။ ဓမ္မစကြာတရားဟောကြားသောအခါ၌ လည်းကောင်း

၇။ အာယုသင်္ခါရလွှတ်မည်ဟုကြေငြာသောအခါ၌ လည်းကောင်း

၈။ ပရိနိဗ္ဗာန်စံဝင်သောအခါ၌ လည်းကောင်း

ဤ (၈) ပါးသော အကြောင်းတို့တွင် တစ်ပါးပါးသော အကြောင်းကြောင့် မြေငလျင်လှုပ်သည်ဟု ဗုဒ္ဓကမိန့်ကြားခဲ့ပါသည်။

ထို့ပြင် မဟာပထဝီမြေကြီးသည် အခြားသော အကြောင်းတို့ဖြင့်လည်း တုန်လှုပ်သည်ဟုဆိုပါသည်၊ အခြား တုန်လှုပ်သော အကြောင်းအခါမှာ--

၁။ ဘုရားလောင်းတောထွက်သောအခါ

၂။ ဗောဓိမဏ္ဍိုင်တစ်ခုသို့ချဉ်းကပ်သောအခါ

၃။ ပံ့သကူသကၤန်းကောက်ယူသောအခါ

၄။ ပံ့သကူသင်္ကန်းဖွပ်သည့်အခါ

၅။ ကာဠကာရာမသုတ်ကိုဟောကားသောအခါ

၆။ ဂေါတမသုတ်ကိုဟောကြားသည့်အခါ

၇။ ဝေဿန္တရာဇာတ်ကိုဟောကြားသည့်အခါ

၈။ ဤပြဟ္မဇာလသုတ်ဟောကြားသည့်အခါ

ဤ(၈)ပါးတို့တွင် တောထွက်သောအခါ၊ ဗောဓိ၊ မဏ္ဍိုင် သို့ချဉ်းကပ်ကာ ဝီရိယစွမ်းအားကြောင့် မြေကြီးတုန်လှုပ်ရသည့် ပံ့သကူသင်္ကန်း ကောက်ယူသောအခါ ကျွန်းငယ်နှစ်ထောင် အခြံအရံရှိသောကျွန်းကြီးလေးကျွန်းက ပိုစွန့်ပယ်၍ ရဟန်းပြုပြီး သုသာန်သို့သွားပြီး ပံ့သကူသင်္ကန်းကိုကောက်ယူသော မြတ်စွာ ဘုရားသည် ပြုနိုင်ခဲ့သောအမှုကို ပြုတော်မူလေ၏--ဟူ၍အံ့သြ ခြင်းအရှိန်ဖြင့် ရိုက်ခတ်အပ်သည်ဖြစ်၍ မဟာပထဝီမြေကြီး တုန်လှုပ်ခဲ့ပါသည်။

ပုံသကူသက်န်းကို ဆေးလျှော်သောအခါ ဝေဿန္တရာဇာတ်ကို ဟောသောအခါတို့၌ အခါမဲ့လှုပ်ခြင်းအားဖြင့် မဟာပထဝီမြေကြီးသည် တုန်လှုပ်ခဲ့၏။

ကာဠကာရာမသုတ်၊ ဂေါတအသုတ်တို့ကို ဟောကြားသောအခါ၌ တပည့်တော်သည် သက်သေဖြစ်ပါသည် ဘုရား-ဟုဆိုသကဲ့သို့ သက်သေအဖြစ်ဖြင့် မဟာပထဝီမြေကြီးသည် တုန်လှုပ်ပါခဲ့သည်။

ဤဗြဟ္မဇာလသုတ်ကိုဟောကြားသောအခါတွင်မူ-(၆၂)ပါးသောမိစ္ဆာအယူတို့ကိုဖြေရှင်း၍ အရှုပ်အထွေးမရှိအောင် ပြုလုပ်၍ ဟောကြားအပ်သည်ရှိသော် ကောင်းကျိုးပေးခြင်း၊ အစွမ်းအားဖြင့် မဟာပထဝီမြေကြီးသည် တုန်လှုပ်ပါသည်။

ဤမဟာပထဝီမြေကြီးသည် အထက်ပါ အရာတို့၌သာ တုန်လှုပ်ခဲ့သည်မဟုတ်၊ သံဂါယနာ သုံးကြိမ်တင်သောအခါ၌လည်းကောင်း၊ မဟာမဟိန္ဒထေရ် သီဟိုဠ်ကျွန်းသို့ ကြွလာ၍ သာသနာတော် ထွန်းလင်းတောက်ပရာ မဟာမေဃဥယျာဉ်၌ ထိုင်၍ တရားဟောတော်မူသောနေ့၌လည်းကောင်း မြေကြီး တုန်လှုပ်ခဲ့ပါသည်။

ထို့ပြင် ကလျာဏီ၊ ကျောင်းတိုက်၌ ပိဏ္ဍပါတိကမထေရ်သည် စေတီရင်ပြင်ကို တံမြက်စီးလှည်းပြီး ထိုစေတီရင်ပြင်၌ပင် ထိုင်၍ ဘုရားလျှင် အာရုံရှိသောပီတိကိုယူ၍ ဤဗြဟ္မာသုတ္တန်ကို ယူ၍ အားထုတ်ရွတ်ဆိုစဉ်ကလည်း သုတ္တ၏အဆုံး၌ ရေကို အသုံးပြု၍သာလျှင် တုန်လှုပ်ခဲ့သည်။

ဤသို့ ဆရာမရှိ၊ မိမိ၏အလိုကိုသာလျှင် ဖြစ်ပေါ်စေတော်မူလာသည်၊ သဗ္ဗညုတဘုရားသည် ဟောကြားအပ်သော ပြဟ္မသုတ်၏တန်ခိုးအာနုဘော်ကြောင့် ဤမဟာပထဝီမြေကြီးသည် အကြောင်းများစွာ တုန်လှုပ်ခဲ့သည်ဟု ဆိုရပါမည်။

ဤ၌ မြေငလျင်တုန်လှုပ်ခြင်းနှင့်ပတ်သက်၍ လောကသဘာဝပထဝီဓာတ်သဘောအရ လှုပ်ခြင်းမှတစ်ပါး၊ ကျန်မဟာပထဝီမြေကြီး တုန်လှုပ်မှုများသည်၊ ထူးခြားသော ပုဂ္ဂိုလ်များ၏ စွမ်းရည်သတ္တိကြောင့် လှုပ်ခြင်းဖြစ်သည်ကို လေ့လာသုံးသပ်ရပါသည်။

မြေကြီးတုန်လှုပ်ရာတွင် ဓာတ်သဘာဝ ချောက်ခြားမှုကြောင့် လှုပ်ရှားမှုတွင် တောင်ပြိုခြင်း၊ မြေပြိုခြင်း၊ သမုဒ္ဒရာလှိုင်းတံပိုးထခြင်း စသည်များဖြစ်ပေါ်၍ လူသားတို့အား ဒုက္ခပေးသည်မှန်သော်လည်း ပုဂ္ဂိုလ်ထူးစွမ်းအားကြောင့် မြေလှုပ်မှုတွင် တစ်စုံတစ်ရာပျက်စီးမှု၊ ဘေးဥပါဒ်ပေးမှုမရှိသည်ကို လေ့လာတွေ့ရှိရပါမည်။

ဤကြောင့် ယနေ့သိပ္ပံလောကတွင် မြေငလျင်လှုပ်မှုသဘာဝများသည် ဤသို့ဟောကြားသော ဓာတ်ချောက်ချားမှုကြောင့်တုန်လှုပ်ခြင်းများဖြစ်ကြောင်း ဝေဖန်သုံးသပ်အကဲခတ်ရပါတော့သည်။

ရက်စွဲ...............
သုတေသနစာကြည့်တိုက်
၂၇၆၀၆